ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday 15 September 2018 ၉၄၁၀

ဒီမိုကရေစီ ပက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားများအားလုံးရဲ့ စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ရေးဟာ အလွန်အရေးကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်

လေးစားအပ်ပါသော ပြည်သူများခင်ဗျား-

ဒီကနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားများ အားလုံး ပေါင်းစည်းညီညွတ်မှုနဲ့အတူ ဒီမိုကရေစီရဲ့ အနှစ်သာရများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြပါစေ၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအလေ့အထကောင်းများ ထွန်းကားရှင်သန်နိုင်ပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိတဲ့ အချုပ်အခြာ အာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုဖို့၊ ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ဖို့၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နေစေဖို့နဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို အနာဂတ်ကာလတွင်ပါ အစဉ်အမြဲလုပ်ဆောင်စေဖို့ စသည်တို့ကို ရည်ရွယ်ပြီး နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ကြဖို့ ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တာ ယခုနှစ်ဆိုရင် (၈)ကြိမ် တိတိရှိခဲ့ပြီဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းပြီး တည်ဆောက်ခဲ့တဲ့ သက်တမ်းသည်လည်း (၈)နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီလို့ ဆိုနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နန်နင်းမြို့မှ ကူမင်းမြို့သို့ ထွက်ခွာကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့်ဥပဒေရေးရာ ကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Chen Jie၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကူမင်းမြို့သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ဒုတိယသမ္မတ ဦးမြင့်ဆွေအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ညီညွတ်မှုဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်

နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံခန်းမ၌ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ကျင်းပလာခဲ့သည်မှာ အဋ္ဌမအကြိမ်ရှိပြီ။ နှစ်စဉ် စက်တင်ဘာလ ဤနေ့၌ ဒီမိုကရေစီအခင်းအကျင်းကို ပုံဖော်နေသည့် လွတ်တော်အဆောက်အအုံတွင် ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပခြင်းကို လေ့လာကြည့်ရှုခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်ပေါ်တိုးတက်မှုများကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှု စသည်တို့ကို ဖော်ဆောင်ရာ၌ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု တက်တက်ကြွကြွ အကောင်အထည်ဖော်နေသည်မှာ အထင်အရှားဖြစ်သည်။

ဤကဲ့သို့ ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်ရာ၌ ပိုမိုကျယ်ပြန့်နက်ရှိုင်းသော အခြေခံကျသည့် ပြုပြင်ပြောင်းလဲမှု အခြေခံအုတ်မြစ်များကို တစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။ ထိုသို့ မျှားပြားလှသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် တစ်နေ့၊ တစ်ရက်၊ တစ်ခဏချင်းဆောင်ရွက်၍ရနိုင်သည့် လုပ်ငန်းကိစ္စများ မဟုတ်ချေ။ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အကန့်အသတ်များစွာရှိသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုသက်တမ်းမှာ နုနယ်သေးသည်ဟု ဆိုနိုင်ရာ ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည့် အတွေးအမြင်နှင့် လုပ်ဆောင်မှုများကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်သည်။ အဓိကမှာ စိတ်ရှည်သည်းခံခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ဖြင့် အလုပ်လုပ်ကြရမည် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများနှင့် အဖွဲ့အစည်းအားလုံး အနေဖြင့် မိမိတို့၏ အလုပ်တာဝန်များကို တာဝန်သိသိ၊ တာဝန်ကျေကျေ၊ မခိုမကပ်ဘဲ ရိုးသားဖြောင့်မတ်စွာဖြင့် အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများအနေဖြင့် မှန်ကန်သည့် စေတနာဖြင့် နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုရမည်ဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီနှင့်ထိုက်တန်သည့် မလွဲမသွေ ထမ်းဆောင်အပ်သော သိတတ်မှုနှင့် တာဝန်ဖြစ်သည်။

ဤသို့သော စိတ်ထားများဖြင့် ခံယူဆောင်ရွက်ကြမှလည်း ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ပြီး နိုင်ငံ အမှန်တကယ် တိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးခါနိန်မှ မျက်မှောက်ကာလအထိ အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်သူများ၏ မျှော်လင့်ချက်များကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးဘဲ အချို့မှာအိပ်မက်အဆင့်၌ ရှိနေဆဲပင်ဖြစ်သည်ကို အထူးသတိပြုရန် လိုအပ်သည်။ ညီညွတ်မှုကိုအခြေခံပြီး အလုပ်နှင့် စေတနာ၊ စေတနာနှင့် စည်းကမ်းလိုက်နာမှုတို့ ပေါင်းစပ်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးထမ်းဆောင်ကြရန် အရေးတကြီးလိုအပ်နေသည်။ ခေါင်းဆောင်ကောင်းတို့၏ ဦးဆောင်မှုဖြင့် ပေါင်းစည်း၍ အလုပ်လုပ်ရမည့် အချိန်အခါကောင်းဖြစ်သည်။

အတ္တကြီးမှု၊ စည်းကမ်းမဲ့မှု၊ အတွေးအမြင်တိမ်းစောင်းမှု၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကြီးမှု၊ နိုင်ငံတော်ကပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေတို့ကို လိုက်နာရန်ပျက်ကွက်မှုတို့သည် ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးမှု၊ ရှင်သန်ဖြစ်ပေါ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဟန့်အတားဖြစ်စေပါသည်။ ဒီမိုကရေစီစနစ် ရှင်သန်အားကောင်းလာစေရေးအတွက် အဓိကအချက်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး ချမှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေများကို လိုက်နာကျင့်သုံးတတ်ရေးနှင့်ကိုယ်စီကိုယ်စီ အသိစိတ်ဓာတ်ဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေး ဖြစ်သည်။

သို့ဖြစ်ရာ ဖြတ်သန်းလာသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ တစ်လျှောက် ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ၊ အခက်အခဲများကို သင်ခန်းစာရယူ၍ ရှောင်သင့်သည်များကိုရှောင်၊ ဆောင်သင့်သည်များကို ဆောင်ကြပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲတည်ဆောက်ကြရန် အရေးကြီးပါကြောင်း။ ။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ-တရုတ်စီးပွားရေးစင်္ကြံဖိုရမ်နှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့် နန်နင်းမြို့များသို့ သွားရောက်ကာ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်းဆိုင်ရာ ပထမအကြိမ် ပူးတွဲကော်မတီ အစည်းအဝေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံဖိုရမ်နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ခရီးစဉ်အတွင်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့ပြီး အဆိုပါ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံအစိုးရ ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ကိုယ်စား အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲမှု ကော်မရှင် ဥက္ကဋ္ဌ မစ္စတာဟယ်လီဖုန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ကဏ္ဍကြီး ၁၅ ခု ပူးပေါင်းဆောင်ရွက်

နားလည်မှုစာချွန်လွှာအရ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ ကုန်ထုတ်လုပ်မှု စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍကြီး ၁၅ ခုတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ပြည်သူများ၏ လူမှုအကျိုးစီးပွားတိုးတက်ကောင်းမွန်လာစေရေးတို့ကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ ကမ္ဘာ့ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဘဏ္ဍာရေးအဖွဲ့အစည်းများဖြစ်သည့် တရုတ်ဘဏ် (Bank of China)၊ အာရှရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (AIIB)နှင့် CITIC Group တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ဘဏ္ဍာငွေအရင်းအနှီးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်တွင် ပေကျင်းမြို့၌ ကျင်းပသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်းဆိုင်ရာ ပထမအကြိမ် ပူးတွဲကော်မတီ အစည်းအဝေးကို တက်ရောက်ကာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရေးအတွက် နှစ်နိုင်ငံ အကြား ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးမှ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုကို အခြေခံလျက် နှစ်နိုင်ငံလုံး၏ သဘာဝပတ်ဝန်းကျင်၊ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားများကို လေးစားလိုက်နာကာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်သွားကြရန် သဘောတူကြောင်း သိရသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲ သွားရောက်လေ့လာ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်တွင် ပေကျင်းမြို့မှ နန်နင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ သွားရောက်လေ့လာခဲ့ကြသည်။ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲခန်းမ၌ ကျင်းပသည့် Natural Myanmar Promotion Conference သို့ တက်ရောက်ခဲ့ကြသည်။

ထို့အတူ အမြတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲမှု ကော်မရှင်မှ Wanda Vista Hotel တွင် ဦးဆောင်ကျင်းပသည့် လန်ချန်း-မဲခေါင် နိုင်ငံများအကြား ကုန်ထုတ်လုပ်မှု စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ Wanda Vista Hotel ၌ ကျင်းပသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားကို ကွမ်ရှီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျွင်ယူပေးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ မစ္စတာနင်ဂျင်ရှီးတို့က မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ နှစ်ဖက်အစိုးရမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်(ရွှေဈေး) ၉၉၅၀၀၀ - ၉၉၅၀၀၀ မန္တလေး(ရွှေဈေး) ၉၉၅၀၀၀ - ၉၉၅၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၉၉၅/၁၀၂၀ ကျပ်၊	၁၀၆၀/၁၀၇၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၁၀၁၅/၁၀၃၅ ကျပ်၊	၁၁၁၀/၁၁၂၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၉၆၅/၉၉၀ ကျပ်၊	၁၀၅၅/၁၀၆၅ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၁၀၀၅/၁၀၃၀ ကျပ်၊	၁၀၇၀/၁၀၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၁၀၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၁၀/၁၀၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၆၀/၉၆၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၅၄၀. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၈၀၀. ၅
(ဂ)	တရုတ်	တစ်ယွမ်	- ၂၂၄. ၉၉
(ဃ)	ထိုင်း	တစ်ဘတ်	- ၄၇. ၂၅၄
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၇၁. ၈၉
(စ)	အိန္ဒိယ	တစ်ရူပီး	- ၂၁. ၃၇၈
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၃၇၅. ၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၃၇. ၄၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၁၁၀၇. ၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၁၁၂၃. ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်မြင်းလုပ်ငန်း အမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1917
၁၉၃၇ခုနှစ် ဧပြီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်မှာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် ဟောဝေါ့လလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၄၊ မြန်မာ့မိုးမှေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၄၇

☆ ရှေ့ဖုံးမှ

လေးစားအပ်ပါသော ပြည်သူများခင်ဗျား-

ဒီနှစ်ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union-IPU) က သတ်မှတ်ပေးတဲ့ ဆောင်ပုဒ်က "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး (Oversight)" ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ အစိုးရဆိုတာ အခြားနိုင်ငံရေးပါတီများ၊ အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ အခြားအသင်းအဖွဲ့များ၊ မီဒီယာများ စသည်တို့နဲ့ အတူယှဉ်တွဲနေတဲ့ လူမှုအသိုက်အဝန်းထဲက အခြေခံကျတဲ့အဖွဲ့တစ်ခုသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြားနိုင်ငံရေးပါတီများ၊ အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ အခြားအသင်းအဖွဲ့များကလည်း ဒီမိုကရေစီ ရှင်သန်ခိုင်မြဲအောင် ဝိုင်းဝန်းကြပ်မတ် ထိန်းညှိပေးကြရမယ့်တာဝန်လည်း ရှိပါတယ်။ အဲဒီတာဝန်ကို မိမိတို့အားလုံးက ဝိုင်းဝန်းထမ်းရွက်ကြမယ်ဆိုရင် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေး"ဆိုတဲ့ ဆောင်ပုဒ်ဟာ အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီဝါဒမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ပါရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဝါဒဟာ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ ကြွယ်ဝချမ်းသာရေးကိုလည်း ဦးတည်စေပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဝါဒမှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အသက်ရှင်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ဝမ်းမြောက်ပျော်ရွှင်ခွင့်တို့ပါ အာမခံချက်တွေ ပေးရပါတယ်။

နိုင်ငံသူ နိုင်ငံသားများအနေနဲ့ မိမိတို့ရဲ့ ကာယဉာဏ လုပ်အားစွမ်းအားအလိုက် အခြေအနေ သာတူညီမျှမှု၊ အခွင့်အလမ်း သာတူညီမျှမှု၊ တရားဥပဒေအရာမှာ ညီမျှမှု ဝီးပွားရေး အလုပ်အကိုင်အရာမှာ ညီမျှမှု ဒါတွေဟာလည်း ဒီမိုကရေစီရဲ့တန်ဖိုးတွေ ဖြစ်ပါတယ်။ ဂျာမန်အကျော်ဒေးယျ ဒဿနပညာရှင်ကြီး အီမာနူးကန့်က "ကမ္ဘာ့နိုင်ငံအားလုံး ဒီမိုကရေစီသာဖြစ်ကြမယ်ဆိုရင် ထာဝရငြိမ်းချမ်းတဲ့ ခေတ်ကြီးတစ်ခုကို တည်ထောင်နိုင်လိမ့်မယ်"လို့ မိန့်မှာခဲ့ပါတယ်။ ဒီမိုကရေစီဟာ ငြိမ်းချမ်းရေးရဲ့ ရေသောက်မြစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမိုကရေစီဟာ အဖိုးအနှဂ္ဃထိုက်တန်လှပါတယ်။

> **"ဒီမိုကရေစီနေ့မှာ တိုင်းရင်းသားပြည်သူများအားလုံး တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှု၊ ချစ်ခင်မှုများနှင့်အတူ ညီညွတ်တဲ့ လူ့အဖွဲ့အစည်းကို ပြည်သူများအပါအဝင် အားလုံးရဲ့ "စုပေါင်းအင်အား"ဖြင့် ဝိုင်းဝန်းပါဝင် ကြိုးပမ်း အကောင်အထည်ဖော်"**

ဒါ့ကြောင့် မိမိတို့နိုင်ငံကို နိုင်ငံသားများအားလုံး ရည်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အဖြစ် တည်ဆောက်ရာမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားများအားလုံးရဲ့ စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ရေးဟာ အလွန်အရေးကြီးလှပါတယ်။ မိမိတို့နိုင်ငံမှာလည်း နိုင်ငံသားအားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို နိုင်ငံသားများအားလုံးရဲ့ **"စုပေါင်းအင်အား"**နဲ့ တည်ဆောက်အကောင်အထည်ဖော်နေချိန်ဖြစ်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီမိုကရေစီဆိုတာ ပြည်သူ့အင်အား၊ ပြည်သူ့အာဏာကို မဏ္ဍိုင်ပြုတဲ့ နိုင်ငံရေးစနစ် ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ခံစားချက်နဲ့ မျှော်လင့်ချက်တွေကို ဦးထိပ်ထားကာ လုပ်ကိုင်ဆောင်ရွက်ရခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတစ်ဦးချင်းရဲ့ အခြေခံရပိုင်ခွင့်၊ လွတ်လပ်ခွင့်များနဲ့ လူနည်းစုရဲ့အခွင့်အရေးတွေကိုလည်း လေးစားဂရုထားရသလို၊ နိုင်ငံရဲ့အရေးအရာကိစ္စတွေမှာလည်း ပြည်သူအများစုကို ကိုယ်စားပြုသူ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းအားနဲ့အဖြေရှာပြီး အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရပါတယ်။

တစ်ချိန်တည်းမှာပဲ မိမိတို့အားလုံးဟာ ဒီမိုကရေစီရဲ့အတုအယောင်များနဲ့ အန္တရာယ်များကိုလည်း မျက်ခြည်မပြတ်ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီရဲ့အန္တရာယ်များဆိုတာ ဒီမိုကရေစီမလိုလားသူများ၊ ဒီမိုကရေစီ ကဗျက်ယဖျက်သမားများ၊ ဒီမိုကရေစီကို မယုံကြည်သူများ၊ ဒီမိုကရေစီကို ယုံကြည်သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားမလိုအားမရဖြစ်ပြီး မိမိသဘောနဲ့မိမိ လုပ်ချင်ရာလုပ်သည့်အတွက် အာဏာရှင်စနစ်ဆီသို့ ပြန်ပြီးအသက်သွင်းပေးသလို ဖြစ်သွားသူများ၊ ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အာဏာရှင်စနစ် တည်မြဲရေးအတွက် ဒီမိုကရေစီကို အလွဲသုံးစားလုပ်သူများ၊ ဒီမိုကရေစီကျင့်စဉ်နဲ့ မညီညွတ်တဲ့ နည်းလမ်းနဲ့ ပြည်သူ့အာဏာကို ရယူဖို့ကြိုးစားသူများဟာ ဒီမိုကရေစီရဲ့ အန္တရာယ်များ ဖြစ်ပါတယ်။ ဒီအန္တရာယ်တွေကို အထူးအလေးအနက်ထား သတိပြုဖို့လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူများခင်ဗျား-

မိမိတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုအများအပြား ပေါင်းစည်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုလေ့ထုံးတမ်းများနဲ့ ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ အဲဒီလို မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့၊ ပြည်သူအများစုရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားဖို့ စတဲ့ ရည်မှန်းချက်တွေ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့ဆိုရင် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကို မထိန်းသိမ်းနိုင်ပါဘူး။ ဒါကြောင့်မို့ နိုင်ငံကောင်းဖို့၊ လူမျိုးတိုးတက်ဖို့အတွက် အားလုံးက ကျရာနေရာကနေ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ လိုအပ်ပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

မိမိတို့နိုင်ငံမှာ လွတ်လပ်မှု၊ တန်းတူညီမှု၊ တရားမျှတမှုဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးများ ရရှိရေးအတွက် ပြည်သူများ တောင်းဆိုလှုပ်ရှားဆောင်ရွက်ခဲ့တဲ့အတွက် ယခုဆိုရင် မိမိတို့ နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီလမ်းမပေါ်မှာ ခြေချခါစ အခြေအနေအချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရားဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ထို့အတူပင် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်တွေကိုလည်း လေ့ကျင့်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မျှတတဲ့ သဘောထားတွေကိုလည်း အခြေခံဖို့လည်း လိုအပ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်မှာ အပေးအယူ၊ စေ့စပ်ညှိနှိုင်းခြင်း၊ ညှိနှိုင်းဆွေးနွေးဖြေရှင်းခြင်းတို့ဟာ အင်မတန်အနှစ်သာရရှိပါတယ်။ ဒါတွေဟာ ဒီမိုကရေစီရှင်သန်ဖို့အတွက် လိုအပ်တဲ့ အကြောင်းအရာများ ဖြစ်ပါတယ်။

တကယ်တော့ မိမိတို့နိုင်ငံသမိုင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း မိမိတို့နိုင်ငံဟာ လွတ်လပ်ရေးမရခင်ကတည်းက လွတ်လပ်ရေးရတဲ့အခါ ဘယ်လိုနိုင်ငံတော်မျိုး ထူထောင်သွားမယ်၊ ပြည်သူတွေရဲ့ အခွင့်အရေးတွေက ဘယ်လို ဖြစ်ရမယ်ဆိုတာတွေကို အဲဒီတုန်းကတည်းက နိုင်ငံခေါင်းဆောင်ကြီးတွေက ရည်မှန်းထားခဲ့ပြီး ဖြစ်ပါတယ်။ မိမိတို့ရဲ့ နိုင်ငံတော်သီချင်းမှာလည်း တရားမျှတမှုနဲ့ လွတ်လပ်မှုရှိတဲ့နိုင်ငံ၊ များလူခပ်သိမ်း ငြိမ်းချမ်းပြီး ခွင့်တူညီမျှ ရရှိစေတဲ့ နိုင်ငံ၊ ဖြူစင်တဲ့ဝါဒကျင့်သုံးတဲ့ နိုင်ငံဖြစ်စေဖို့ အစရှိတဲ့ ဒီမိုကရေစီစနစ်ရဲ့ ဂုဏ်အင်္ဂါရပ်တွေကို ဖော်ညွှန်းထားတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့အနေနဲ့ နိုင်ငံတော်သီချင်းပါ အခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ပြည်သူ့အားလုံးက တစိုက်မတ်မတ်နဲ့ ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့တဲ့လ အတွင်း စင်ကာပူနိုင်ငံမှာ "မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာမှာ "ပြည်သူများ၏ပါဝင်မှုသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအားဖြစ်သကဲ့သို့ အကြီးမားဆုံးစိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဆန်းကျယ်လှပသည့် မတူကွဲပြား ခြားနားမှုများကို ထင်ရှားပေါ်လွင်စေရန်အတွက် သန်းချီသော ပြည်သူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်း တည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ကြီးကျယ်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားပြီး အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု မိမိယုံကြည်ကြောင်း" ပြောကြားခဲ့ပါတယ်။ ဒါဟာ မိမိတို့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ပြည်သူများရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက်ထိ အရေးပါသလဲဆိုတာ ဖော်ညွှန်းနေခြင်းပဲ ဖြစ်ပါတယ်။

"ဒီမိုကရေစီအစိုးရဟာ ပြည်သူလူထုကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းဖြစ်ပြီး ပြည်သူလူထုသည် အစိုးရကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းမဟုတ်"ဆိုတဲ့ သဘောတရားအပေါ်မှာ ဒီမိုကရေစီစနစ်ဟာ အခြေပြုနေပါတယ်။ ဒီမိုကရေစီရှင်သန်ရေးအတွက် မိမိတို့ကိုယ်တိုင်ကလည်း အမှားကင်းအောင် အထူးကြိုးစားကြဖို့ လိုအပ်ပြီး မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ နိုင်ငံသားများရဲ့ လူ့အခွင့်အရေးနဲ့ တရားဥပဒေဖိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ကို အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးဖို့ အားလုံးတက်ညီလက်ညီ ကြိုးစားကြဖို့လိုပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူလူထုတွေဟာ မျက်စိဝွင့်၊ နားစွင့်၊ ပါးစပ်ဖွင့်ခွင့်များ ရရှိကြတဲ့အပြင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်များမှာလည်း ပြည်သူလူထုတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများလည်း ရှိနေကြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူများခင်ဗျား-

ဒါ့ကြောင့် ဒီနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ တိုင်းရင်းသားပြည်သူများအားလုံး တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှု၊ ချစ်ခင်မှုများနှင့်အတူ ညီညွတ်တဲ့ လူ့အဖွဲ့အစည်းကို ပြည်သူများအပါအဝင် အားလုံးရဲ့ **"စုပေါင်းအင်အား"**ဖြင့် ဝိုင်းဝန်းပါဝင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေ၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။ ။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၄) ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်၍ ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူ သုံးဦးတို့အား စံပြဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ဘွဲ့နှင်းသဘင်အခမ်းအနား၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှု အတတ်ပညာ (Skill)၊ သုတပညာ(Knowledge)၊ သမ္ဘာ(Expertise) တိုးတက်လာစေရန်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေများစွာ အကုန်အကျခံရင်းနှီးမြှုပ်နှံပြီး လေ့ကျင့်ပေးလျက်ရှိရာ မောင်မယ်တို့မှလည်း ပြန်လည်တုံ့ပြန်မှု (Return of Investment) အနေဖြင့် မိမိရာထူးအဆင့်နှင့်လျော်ညီသည့် အရည်အသွေး(Quality)နှင့် စွမ်းဆောင်ရည် (Performance) တိုးတက်လာအောင် အစဉ်ကြိုးစား လေ့လာသင်ယူပြီး နိုင်ငံတော်အပေါ် ပြန်လည်အလုပ်အကျွေးအကျိုးပြုရန် လိုအပ်ပါကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များက ပြည်သူ့ဝန်ထမ်းတစ်ဦးစီအတွက် အဓိကစံတန်ဖိုးများဖြစ်သော ရိုးသားဖြောင့်မတ်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ဓမ္မစိဒ္ဓာန်ကျမှုနှင့် ဘက်လိုက်ခြင်းကင်းမှုတို့ကို ပိုမိုခံယူကျင့်သုံး တန်ဖိုးထားတတ်စေရန်အတွက်လည်းကောင်း၊ ဝန်ထမ်းတစ်ဦး၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး အခြေခံအုတ်မြစ်များဖြစ်သည့် စရိုက်လက္ခဏာကောင်းမှု၊ ကိုယ်ကျင့်တရားကောင်းမှု၊ တန်းတူညီမျှမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှုတို့နှင့် ပြည့်စုံသူများ ဖြစ်လာစေရန်လည်းကောင်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီများက လေ့ကျင့်ပေးလိုက်သည့် ပညာရပ်များသည် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရာတွင် အခြေခံကောင်းများရရှိအောင် ပျိုးထောင်ပေးခြင်းသာဖြစ်ပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာအောင် မောင်မယ်တို့အနေဖြင့် ဆက်လက် ဆည်းပူးကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ အမြဲမပြတ် လေ့လာဆည်းပူးနေကြမှသာ မိမိလက်အောက်မှာရှိသည့် အမှုထမ်းများအားမှန်ကန်တိကျသည့် ဦးဆောင်လမ်းညွှန်မှုများကို အကောင်အထည်ဖော်ချမှတ်ပေးနိုင်မှာဖြစ်သလို မိမိအထက်အဆင့်များကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အထောက်အကူပြုပေးနိုင်သည့် အရည်အသွေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်လာကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဦးအပေါ်တစ်ဦး ကောင်းသောယှဉ်ပြိုင်ခြင်း၊ မှန်ကန်သော ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားအမြင်ကွဲပြားမှုများမဖြစ်အောင် သတိမူနေကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပြည်သူတို့၏ သဘောထားကို အလေးအနက်ထားပြီး အမျိုးသား အကျိုးစီးပွားကို တာဝန်သိသိ၊ စေတနာရှိရှိ ဝိုင်းဝန်းဆောင်ရွက်သွားကြရန်၊ လေ့လာဆည်းပူးရရှိခဲ့သည့် အတွေးအမြင်များ၊ လုပ်ငန်းစဉ်များကို မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမည့် ကဏ္ဍများတွင် လက်တွေ့အသုံးချခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မောင်မယ်တို့အနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပြည်သူတို့၏ ဆန္ဒသဘောထားကို အလေးအနက်ထားကာ အမျိုးသားအကျိုးစီးပွားကို တာဝန်သိသိ၊ စေတနာရှိရှိ ဝိုင်းဝန်းဆောင်ရွက်ကြရန် အလွန်ပင်အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒများ ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်နေချိန်တွင် ဝန်ထမ်းကောင်းဟူသော အသိစိတ်ဖြင့် စိတ်ရောကိုယ်ပါ အားတက်သရော ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် ထပ်လောင်းတိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းဟန်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ၊ မိဘဆွေမျိုးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၈ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)ပြဋ္ဌာန်း

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင် ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၈) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှ ရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၈ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး အား တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❍ **ဒုတိယသမ္မတမှ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ယူနန် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Zhang Guohua က တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကူမင်းမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပြန်လည်လိုက်ပါလာကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း NDI အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် National Democratic Institute (NDI) အဖွဲ့၏ Country Director , Ms. Kenza Aqertit နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံမှုရှိစေရန် ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲကို နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားထားမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များ အပေါ်သုံးသပ်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

NDI အဖွဲ့မှ Senior Program Manager ဖြစ်သူ Mr. Mario Mitre က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၌ ပံ့ပိုးဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များ၌ လူမှုအဖွဲ့အစည်းများအား ဆက်လက် ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်တို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီဂျစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိလွှတ်တော်ရေးရာ ဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

၂၀၁၈ ခုနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၇ ဒသမ ၄၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၁ ဒသမ ၈၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၀ ဒသမ ၆၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၉၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၉ ဒသမ ၆၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၅၁ ဒသမ ၅၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၇၃ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၂၆ ဒသမ ၇၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၄၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉၆၁ ဒသမ ၂၁ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၄၃၀၅ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၇ ဒသမ ၁၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၁၂ ဒသမ ၆၈ သန်းဖြစ်သဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၈၉၇၃ ဒသမ ၈၉ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိ ကန်ဒေါ်လာ ၁၀၅၁ ဒသမ ၄၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

ဘဂ်လားပင်လယ်အော် အခြေအနေ

ကပွလီပင်လယ်ပြင်နှင့်ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ်အား ပြည်ထောင်စုလွှတ်တော် အတည်ပြု

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ်အား အတည်ပြုခဲ့သည်။

နျူကလီးယားလက်နက် ပိတ်ပင်တားဆီးရေးစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေး

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဆွေးနွေးရာတွင် ယခုချုပ်ဆိုမည့်စာချုပ်သည် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားဖျက်သိမ်းရေး ရပ်တည်ချက်နှင့် ကိုက်ညီမှုရှိသည့်အတွက် ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးရပ်တည်ချက်ကို ပိုမိုခိုင်မာစေပြီး နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ အားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်လိုမှုများကို ပိုမိုတိုးတက်စေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နျူကလီးယားလက်နက် ပိတ်ပင်တားဆီးရေးစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေးကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးအပ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယပိုလ်မှူးကြီး ဇော်ထွန်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နျူကလီးယားလက်နက်များသည် ယနေ့ကမ္ဘာတွင် ဗြိမ်းခြမ်းရေး၊ လုံခြုံရေးနှင့် လူသားများ၏ ရေရှည်တည်တံ့ရေးအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေဆဲ ဖြစ်ပါကြောင်း၊ ယနေ့တွင် နျူကလီးယားလက်နက်ပိုင်နိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှု၊ တင်းမာမှုများသည်လည်း တိုးမြင့်ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ထို့ကြောင့် နျူကလီးယားလက်နက်ပိုင်နိုင်ငံများအကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ နားလည်မှုလွဲမှားမှုကြောင့် နျူကလီးယား ပဋိပက္ခဖြစ်ပေါ်လာနိုင်ခြင်း၊ မြေလျင် အပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် နျူကလီးယားမတော်တဆဖြစ်မှုများ၊ စွမ်းအားကြီးလက်နက်များ မသမာသူအကြမ်းဖက်သမားများ လက်သို့ ရောက်ရှိခြင်းများ ဖြစ်ပေါ်လာပါက နျူကလီးယားဘေးအန္တရာယ်ဖြင့် မလွဲမသွေရင်ဆိုင်ကြရမည့် အန္တရာယ်ရှိနေပါကြောင်း။

အရေးပေါ်ရန်ပုံငွေမှ ကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စ

အဆိုပါစာချုပ်သည် နျူကလီးယားလက်နက်များ တားဆီးပိတ်ပင်ရေးအတွက် ကမ္ဘာ့သမိုင်းတွင် ဥပဒေအရ တားဆီးချည်နှောင်မှုရှိမည့် ပထမဆုံးသော စာချုပ်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ အဆိုပါစာချုပ်ကို ကုလသမဂ္ဂမှ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းတွင် နိုင်ငံပေါင်း ၁၂၂ နိုင်ငံမှ အများစု၏ထောက်ခံမဲဖြင့် အတည်ပြုချမှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုး သွားရန်အတွက် ခွင့်ပြုပါရန် ထပ်မံထောက်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း

အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းတင်ပြရာတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ်ရှိ ရွှေပြည် - တောင်အင်း - ထုံးကြီးလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class A ဦးစားပေးအဆင့် (၁)ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ တံတားအမှတ် (၇) တောင်အင်းရွာ သစ်သားတံတားအဟောင်းမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ပြီး စဉ်ကူးမြို့နယ် ထုံးကြီးဒေသရှိ ပြည်သူများမှာ မန္တလေး-မိုးကုတ်ကားလမ်းမကြီးသို့ ဆက်သွယ်သွားလာရာတွင်အသုံးပြုသည့် တံတားဖြစ်သည့်အတွက် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန် လိုအပ်သောတံတားဖြစ်ပါကြောင်း။

ပြည်သူများသွားလာရေး အဆင်ပြေစေရန်အတွက် တံတားပြင်ဆင်တည်ဆောက်ရန်နှင့် ချဉ်းကပ်လမ်းဖောက်လုပ်ရန်အတွက် အရေးပေါ်ရန်ပုံငွေကျပ် သန်း ၇၀၀ တင်ပြတောင်းခံရခြင်းဖြစ်သည်ကို သိရှိရပါကြောင်း၊ အဆိုပါတံတားကို သံကူးကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် Pre Feasibility Study ပဏာမ ကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုများအရ တံတားအရှည် ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး တံတားအမြန်ဆုံး တည်ဆောက်နိုင်ရန်အတွက် မြေစမ်းသပ်ခြင်း၊ တံတားပုံထုတ်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုပေးထားသော အရေးပေါ်ရန်ပုံငွေကျပ် သန်း ၇၀၀ အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရေးပေါ်ရန်ပုံငွေခွဲဝေသုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း တစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း တစ်ခုနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဆိုင်ရာလုပ်ငန်း တစ်ခုတို့အတွက် စုစုပေါင်းကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန်ကိစ္စ ဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက မိမိတို့နိုင်ငံ၏လိုအပ်ချက်အရ ချေးယူသင့်သည့် ချေးငွေဖြစ်သောကြောင့် အကြံပြုထောက်ခံဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ယခုငွေသည် ချေးငွေဖြစ်သောကြောင့် အတိုးနှုန်းသက်သာခြင်း၊ ချေးငွေမူဝါဒနှင့်ကိုက်ညီခြင်းတို့ကြောင့် ချေးယူသင့်ပါကြောင်း၊ ယင်းငွေကို အကျိုးရှိထိရောက်ရန်၊ နောင်မျိုးဆက်အတွက် တန်ဖိုးရှိစေရန်နှင့် မိမိတို့ပြောဆိုဆွေးနွေးခြင်းများသည် သမိုင်းကြောင်းကောင်းစေရန်အတွက် သတ်မှတ်ချိန်အတွင်း လုပ်ငန်းများကို ပီပီပြင်ပြင် တိတိကျကျဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာငွေအလေအလွင့်မရှိစေရေးတို့ကို ဝန်ကြီးဌာနမှ သေချာစိစစ်ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းဟူ၍ လုပ်ငန်းအပိုင်း နှစ်ပိုင်းပါဝင်ပြီး ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ (အနောက်)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင်ရှိသော အိမ်ထောင်စုများအပေါ် ၂၀၁၈ ခုနှစ် မတ်လစာရင်းအရ ၂၈ ဒသမ ၁ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ၅၇ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်ရရှိသွားမည်ဖြစ်ပါကြောင်း။

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုရှိ အိမ်ထောင်စု ၃ ဒသမ ၈၈၂ သန်း အနက် ၂၀၁၈ ခုနှစ် မတ်လစာရင်းအရ ၂၆ ဒသမ ၂ ရာခိုင်နှုန်း ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ၃၅ ဒသမ ၂၇ ရာခိုင်နှုန်းအထိ တိုးတက်သွားမည်ဟု ဖော်ပြထားသည့်အတွက် တိုင်းပြည်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သောကြောင့် NEP စီမံကိန်းကဲ့သို့ အကြောင်းအမျိုးမျိုးပြု၍ နှောင့်နှေးကြန့်ကြာမှုများမရှိစေရန် စီမံကိန်းကာလအတွင်း ပြီးစီးအကောင်အထည်ဖော်နိုင်ရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဥာဏ်လင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးစောယှားဖောင်အွာ၊ ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါ်မြတ်သီတာထွန်း၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထူမေ၊ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်

မောင်တော စက်တင်ဘာ ၁၄

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး အောင်မျိုးဇော်လွင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)နယ်ခြားစောင့်တပ် PBGM Tumbru ကင်းစခန်းမှ Naib Subedar Md. Abdul Hakim ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြတို့သည် စက်တင်ဘာ ၁၃ ရက်နံနက် ၁၀ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ ၅၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၄)မှ (၃၆)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

အလားတူ မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေ နယ်မြေနုံးကွပ်ကဲမှုအောက်ရှိ မှတ်တိုင်(၄၈)ကင်းစခန်းမှ ဒုတိယရဲအုပ်ဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Bhalukhaiya ကင်းစခန်းမှ Naib Subedar Md. Abu Hanif ဦးစီးတပ်ဖွဲ့ဝင်များနှင့် စကားပြန်/လမ်းပြတို့သည် နံနက် ၁၀ နာရီ မိနစ် ၅၀ မှ ၁၁ နာရီ မိနစ် ၅၀ အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၈)မှ (၄၉)အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်တပ်ဖွဲ့ခွဲ၊ ငါးခူရနယ်မြေရုံးမှ ဒုတိယရဲမှူးထွန်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Naib Subedar Mohamood Ali ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ စံပယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၁)၌ တွေ့ဆုံပြီး နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေယာဉ် လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ရေမိုင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲမြန်ကြား

မှတ်သားဖွယ်ရာ ဖိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၄

မချမ်းဘောမြို့	
၄	ဒသမ ၀၂ လက်မ
တောင်ငူမြို့	
၃	ဒသမ ၃၅ လက်မ
ကျိုက္ခမီမြို့	
၂	ဒသမ ၈၇ လက်မ
ချောင်းဆုံမြို့	
၁	ဒသမ ၇၇ လက်မ
ကော့သောင်းမြို့	
၁	ဒသမ ၆၂ လက်မ
ကျိုက်မရောမြို့	
၁	ဒသမ ၆၁ လက်မ
လှိုင်းဘွဲ့မြို့	
၁	ဒသမ ၃၈ လက်မ
ပေါင်မြို့	
၁	ဒသမ ၃၄ လက်မ
ပူတာအိုမြို့	
၁	ဒသမ ၂၉ လက်မနှင့်
မော်လမြိုင်မြို့	
၁	ဒသမ ၁၈ လက်မ

ဒီမိုကရေစီစနစ် ရှင်သန်ရင့်ကျက်လာအောင် ဘယ်လိုကျင့်ကြံသွားကြမလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)

ဒီမိုကရေစီ (Democracy)ဆိုသည် ရှေးခေတ်ဂရိလူမျိုးများ၏ ဘာသာစကားမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဂရိလို Demo-Kratia ဟူ၍စတင်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ Demos သည် ပြည်သူဟူ၍အဓိပ္ပာယ်ရပြီး kratos သည် အုပ်ချုပ်ရေးဖြစ်သည်။ မြန်မာတို့သည် အင်္ဂလိပ်လို Democracyကို မြန်မာလို တိုက်ရိုက်မွေးစားထားခြင်းဖြစ်သည်။ ဒီမိုကရေစီကို အလွယ်ကူဆုံးအဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် "ပြည်သူများ၏ အုပ်ချုပ်ရေးစနစ်၊ ပြည်သူ့အစိုးရစနစ်" ဖြစ်သည်။ ခေတ်သစ်ကာလတွင် ရွေးကောက်ပွဲများ၊ လွှတ်တော်များမှတစ်ဆင့် ပြည်သူကိုကိုယ်စားပြုသည့် အစိုးရအဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။ ထိုအစိုးရအဖွဲ့သည် ပြည်သူအတွက် သယ်ပိုးဆောင်ရွက်ပေးကြရသည်။

အမေရိကန်နိုင်ငံ၏ ၁۶ ယောက်မြောက် သမ္မတကြီးဖြစ်သည့် အီဗရာဟမ်လင်ကွန်းက "Government of the people, by the people and for the people" ဟူ၍ဆိုခဲ့သည်။ မြန်မာများက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်ကို လေ့လာဖူးပါသည်။ သို့သော် "ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ အုပ်ချုပ်သောအစိုးရတစ်ရပ်" ဟု ဖွင့်ဆိုနိုင်မည်ထင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဒီမိုကရေစီသည် ပြည်သူ့အားလုံး တန်းတူညီမျှပြောရေးဆိုခွင့်ရှိသော စနစ်တစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း ဟူသော ဒီမိုကရေစီအနှစ်သာရများကို ခံစားခွင့်ရှိရမည် ဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ ထိုအဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပါဝင်နိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြသခွင့်၊ နိုင်ငံ့ဝန်ထမ်းအဖြစ် လွတ်လပ်စွာအလွှေးချယ်ခံပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာသတင်းရယူခွင့်၊ လွတ်လပ်စွာ ရွေးကောက်ပွဲကျင်းပခွင့်နှင့် မဲပေးပိုင်ခွင့်များရှိခြင်းသည်လည်း ဒီမိုကရေစီ၏ အနှစ်သာရများပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့

နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနက်မှ ဒီမိုကရေစီကျင့်သုံးလျက်ရှိသည့် နိုင်ငံများသည် ၂၀၀၈ ခုနှစ်မှစတင်၍ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားများ ကျင်းပလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်စတင်ကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ်ဆိုလျှင် ရှစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ(Inter-Parliamentary Union-IPU)က ဒီမိုကရေစီကြေညာစာတမ်း ထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီအပြည့်အဝရှိသောနိုင်ငံများ

ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ် ကျင့်သုံးနေသောနိုင်ငံ ၁۶၇ နိုင်ငံရှိသည်ဟုဆိုသည်။ သို့သော် နိုင်ငံတိုင်းသည် ဒီမိုကရေစီအပြည့်အဝမရှိသေးပေ။ ၂၀၁၇ ခုနှစ် ညွှန်းကိန်းများအရ ဒီမိုကရေစီအပြည့်အဝရှိသော နိုင်ငံ ၁၉ နိုင်ငံ၊ အပြစ်အနာအဆာမကင်းသည့် ဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံ ၅၇ နိုင်ငံ၊ ပေါင်းစပ်ထားသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသော နိုင်ငံ ၃၉ နှင့် အာဏာရှင်ဆန်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော နိုင်ငံ ၅၂ နိုင်ငံရှိသည်ဟုဆိုသည်။

ထိုနိုင်ငံများအနက် ဒီမိုကရေစီအပြည့်အဝရရှိသော နိုင်ငံ ၁၉ နိုင်ငံ၏ အဆင့်အလိုက်စာရင်းမှာ နော်ဝေ၊ အိုက်စ်လန်၊ ဆွီဒင်၊ နယူးဇီလန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဖင်လန်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ လူဇင်ဘတ်၊ ဂျာမနီ၊ ဗြိတိန်၊ ဩစတြီးယား၊ မောရစ်သျှ၊ မော်လ်တာ၊ ဥရုဂွေးနှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။ ခြွင်းချက်အနေဖြင့် ဒီမိုကရေစီ၏ ဘိုးအေနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင်လျှင် ဒီမိုကရေစီအပြည့်အဝမရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သင်ခန်းစာယူသင့်သော အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ဒီမိုကရေစီသမိုင်းကြောင်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ သို့သော် ဒီမိုကရေစီစနစ်သည် မျှော်မှန်းထားသလောက် ဖွံ့ဖြိုးရှင်သန်ထွန်းကားခဲ့ခြင်းမရှိချေ။ ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးကို ဗိုလ်ချုပ်ကြီး နေဝင်းသို့ ယာယီအားဖြင့် လွှဲပြောင်းပေးခဲ့ရသည်။ ထို့နောက် မြန်မာပြည်သူများသည် ဒီမိုကရေစီ ဆိတ်သုဉ်းသောဘဝတွင် ဆယ်စုနှစ်များစွာကြာမြင့်အောင် ဖြတ်သန်းခဲ့ကြရသည်။

ထို့ကြောင့် ပြည်သူများသည် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု ကင်းမဲ့သော အခြေအနေများမှ လွတ်မြောက်ရန်အတွက် လှုပ်ရှားဆောင်ရွက်ပြီး တောင်းဆိုခဲ့ကြရသည်။ ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနိုင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအစဉ်သာ အခြေချရုံမျှရှိနေပါသည်။ ထိုဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စနစ်တကျ ပြုစုစောင့်ရှောက်မှုများ လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းမှုများသည်များစွာအရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် စက်တင်ဘာလရောက်လျှင် ဒီမိုကရေစီနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ခပ်စိပ်စိပ် တွေ့မြင်လာရသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီကျင့်သုံးလာသည်မှာ သက်တမ်းရှစ်နှစ်မျှသာရှိသေးသော်လည်း ပြည်သူလူထုအတွင်း ဒီမိုကရေစီ အလေ့အထ၊ ဒီမိုကရေစီယဉ်ကျေးမှုများ တွေ့မြင်လာရသဖြင့် အနာဂတ်မျိုးဆက်သစ်များ အတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။ လူသားတို့သည် တရားမျှတမှုနှင့် လွတ်လပ်မှုကိုခုံမင်ကြသည်။ ဒီမိုကရေစီစနစ်တွင် ထိုသဘောတရားများ အပြည့်အဝ ရှိနေသည်။ သို့သော် နိုင်ငံသားတိုင်းသည် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု အပြည့်အဝရှိနေရန်လည်း လိုအပ်ပါသည်။

မြန်မာ့ဒီမိုကရေစီအဆင့်အတန်း

ဒီမိုကရေစီစံနှုန်းများကို ရွေးကောက်ပွဲစနစ်၊ အစိုးရ၏လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု၊ နိုင်ငံရေးယဉ်ကျေးမှုနှင့် ပြည်သူများ၏လွတ်လပ်ခွင့်တို့အပေါ်မူတည်၍ အမှတ်ပေးဆုံးဖြတ်ပါသည်။ ဒီမိုကရေစီအပြည့်အဝရရှိသည့် နိုင်ငံများ၏ အမြင့်ဆုံးပျမ်းမျှရမှတ်သည် ၁၀ မှတ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ် ကျင့်သုံးနေသော နိုင်ငံ ၁۶၇ နိုင်ငံအနက် နော်ဝေနိုင်ငံသည် ၉ ဒသမ ၈၇ မှတ်ဖြင့် အဆင့် ၁၊ မြောက်ကိုရီးယားနိုင်ငံသည် ၁ ဒသမ ၀၈ မှတ်ဖြင့် အဆင့် ၁۶၇၊ မြန်မာနိုင်ငံသည် ၃ ဒသမ ၈၃ မှတ်ဖြင့် အဆင့် ၁၂၀ တွင် ရပ်တည်နေသည်ကို တွေ့ရသည်။

ဒီမိုကရေစီစနစ် ရင့်ကျက်လာအောင်ဘယ်လိုကျင့်ကြံသွားကြမလဲ

ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီအလေ့အထကို ခိုင်မာစွာကျင့်သုံးနေသော နိုင်ငံသားတိုင်းသည် တစ်ဦးကိုတစ်ဦး နားလည်မှု၊ ယုံကြည်မှုနှင့် ခွင့်လွှတ်နိုင်မှုစိတ်ဓာတ်များ ရင့်သန်လာလေ့ရှိကြသည်။ ထို့အပြင် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု စိတ်ဓာတ်များလည်း ပိုမိုမြင့်မားလာလေ့ရှိကြသည်။ ထိုသို့သောအခြေအနေသည် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။

ဒီမိုကရေစီကျင့်သုံးနေသော မြန်မာနိုင်ငံသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်လေးစားမှုတို့ ရှိနေရမည့်အပြင် အများစု၏ သဘောထားကို လိုက်နာရန်နှင့် အနည်းစု၏ သဘောထားကို လည်းအလေးထားရန် လိုအပ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အောင်မြင်ရေးသည် မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်မှုကို ပြည်သူများ၏ လူနေမှုတိုးတက်ပြောင်းလဲမှုများနှင့် တိုင်းတာလေ့ရှိရာ အစိုးရတိုင်းသည် ပြည်သူလူထုကို အလေးအနက်ထားသည့် အပြောင်းအလဲများကို ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းရလေ့ရှိပါသည်။

ခြုံ၍တင်ပြရလျှင် ဒီမိုကရေစီကျင့်သုံးနေသော ကမ္ဘာ့နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပကြမည်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ပါတီစုံဒီမိုကရေစီ ကျင့်သုံးလျက်ရှိသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အမှန်စင်စစ်မှာမူ ဒီမိုကရေစီစနစ်သည် ပြည်သူများ၏အုပ်ချုပ်ရေးစနစ်၊ ပြည်သူ့အစိုးရစနစ်ဖြစ်သည်။ ဒီမိုကရေစီအစိုးရသည် ပြည်သူ့အကျိုးကို သယ်ပိုးပေးရသည်။ ပြည်သူများသည် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ယှဉ်ပြိုင်ခွင့်၊ ရွေးချယ်ခွင့်၊ လှုပ်ရှားခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်များ ရှိနေမည်ဖြစ်သည်။ သို့သော် ပြည်သူများသည် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု စိတ်ဓာတ်များ ရှိနေရန်လည်း လိုအပ်ပါသည်။ သို့မှသာလျှင် ဒီမိုကရေစီစနစ် ခိုင်မာရင့်ကျက်နေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီအလေ့အကျင့်တို့ကို အရင်းခံကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှု၊ နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် အများ၏သဘောထားကို လိုက်နာသလို လူနည်းစု၏ သဘောထားကိုလည်း အလေးထားလျက် ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ရင့်ကျက်လာအောင် ကြိုးပမ်းသွားနိုင်ကြပါစေ။ ။

> ‘ မြန်မာနိုင်ငံတွင် နှစ်စဉ် စက်တင်ဘာလရောက်လျှင် ဒီမိုကရေစီနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ခပ်စိပ်စိပ် တွေ့မြင်လာရသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီကျင့်သုံးလာသည်မှာ သက်တမ်းရှစ်နှစ်မျှသာရှိသေးသော်လည်း ပြည်သူလူထုအတွင်း ဒီမိုကရေစီ အလေ့အထ၊ ဒီမိုကရေစီယဉ်ကျေးမှုများတွေ့မြင်လာရသဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။ လူသားတို့သည် တရားမျှတမှုနှင့် လွတ်လပ်မှုကိုခုံမင်ကြသည်။ ဒီမိုကရေစီစနစ်တွင် ထိုသဘောတရားများ အပြည့်အဝရှိနေသည်။ သို့သော် နိုင်ငံသားတိုင်းသည် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု အပြည့်အဝရှိနေရန်လည်း လိုအပ်ပါသည် ’

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်(အကြို) စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲ ကျင်းပ

ကြို့ပင်ကောက် စက်တင်ဘာ ၁၄။ ။ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွှေပန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် (အကြို) စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ကျင်းပခဲ့သည်။

ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းမင်းက အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲကို အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးပေးနိုင်သူခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို ပညာပန်းများပွင့်စေသူခေါင်းစဉ်တို့ဖြင့် ကျင်းပခဲ့ရာ စာစီစာကုံးပြိုင်ပွဲကို အလယ်တန်းအဆင့် ခြောက်ဦး၊ အထက်တန်းအဆင့် ၁၃ ဦးနှင့် ကဗျာပြိုင်ပွဲတွင် အလယ်တန်းအဆင့် လေးဦး၊ အထက်တန်းအဆင့် ကိုးဦး စုစုပေါင်းပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၃၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပူနေးမြို့၌ ကျင်းပမည့် BIMSTEC Army Chiefs' Conclave အစည်းအဝေးများ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ရန်အတွက် စက်တင်ဘာ ၁၃ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အိန္ဒိယနိုင်ငံ ဘန်ဂလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ပူနေးလေဆိပ်သို့ ယနေ့ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့အား အိန္ဒိယကြည်းတပ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဆက်သွယ်ရေးအရာရှိချုပ် Major General Jalaj Bhola နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပူနေးမြို့လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ခေတ္တအခြေပြုတည်းခိုမည့် ပူနေးမြို့ရှိ Conrad Hotel သို့ ရောက်ရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ကွေ့စာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ကွေ့စာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရောဂါဖြစ်ပွားသည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရောဂါဖြစ်ပွားသည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့က နန်းယွန်းမြို့နယ် ရှမ်ဟဲနုတ်ညိုကျေးရွာအုပ်စု လန်းပန်းကျေးရွာ၌ ကျင်းပရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက လူဦးရေ ၅၃၂ ဦးအတွက် စောင် ၅၃၂ ထည်၊ အနွေးထည် ၅၃၂ ထည်၊ အာဟာရမှုန့် ၆၅ ဘူးတို့အတွက် ကျပ်သိန်း ၅၀၊ ဆေးဝါးပစ္စည်းများအတွက် ကျပ်သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ အား စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်တို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ် ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ အဆိုပါသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သတင်းစာအရည်အသွေးကောင်းမွန်စေရေးနှင့် အမှားကင်းစင်ရေးကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်စေရေးနှင့် လုပ်ငန်းလိုအပ်ချက်များရှိပါက အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မိမိအနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် The Global New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် The Global New Light of Myanmar သတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

သတင်းစဉ်

ကဝမြို့နယ်မှ ရေကြီးနစ်မြုပ် မိုးစပါးများ ပြန်လည်စိုက်ပျိုးရန် ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေး

ကဝ စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်တွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာအုပ်စု ရှစ်ခုမှ တောင်သူ ၅၂ ဦးတို့က ဧက ၅၀၀ ကျော် ထွန်ယက်ပေးရန် အုန်းနဲ့စံပြကျေးရွာရှိ အမှတ်(၃၄) စက်မှုလယ်ယာစခန်းသို့ တောင်းခံထားကြောင်း သိရသည်။

အဆိုပါ တောင်သူ ၅၂ ဦးတို့၏ လယ်မြေ ဧက ၅၀၀ ကျော်အား အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းလျက် မျိုးစပါးများ ထုတ်ပေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

ငြိမ်းချမ်း(ပြန်/ဆက်)

ပဋိပက္ခဖြစ်စဉ်များ လျှော့ချနိုင်ရန်အတွက် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများမှ နှစ်ဖက်ခေါင်းဆောင်များတွေ့ဆုံနိုင်ရန် စီစဉ်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး ယခု အစည်းအဝေးတွင် ပဋိပက္ခဖြစ်စဉ်များ လျှော့ချနိုင်ရန်အတွက် အဆိုပါဒေသများမှ ခေါင်းဆောင်များ တွေ့ဆုံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အစီအစဉ်များဆွေးနွေးခဲ့

ယခုအစည်းအဝေးတွင် (၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြခြင်း၊ အောက်တိုဘာ ၁ ရက်မှစတင်ကာ တစ်နှစ်တာ ဆက်လက်ဆောင်ရွက်မည့် JMC လုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာ ငွေကြေးကိစ္စရှင်းလင်းခြင်း၊ နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိရေး ဆောင်ရွက်မှုအခြေအနေများအား တင်ပြခြင်း၊ JMC-U ၏ (၁၇)ကြိမ်မြောက်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များနှင့် ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့အစည်းအဝေးအပြီးတွင် JMC-U ၏ ပြောရေးဆိုခွင့်ရှိသူများဖြစ်သည့် အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံကာ JMC-U အစည်းအဝေး သုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့သည်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

သုံးရက်တာ ဆွေးနွေးမှုနှင့် ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "အရေးကြီးတဲ့ကိစ္စဖြစ်တဲ့ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များနဲ့ ပတ်သက်ပြီး ဆွေးနွေးဖြစ်တယ်။ အဲဒီကိစ္စက ညှိနှိုင်းခဲ့တာ တော်တော်ကြာပါပြီ။ လောလောဆယ် ရှေ့ပြေးအစီအစဉ်အနေနဲ့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှာ လုပ်ဖို့ စီစဉ်ထားတော့ LCM နဲ့ပတ်သက်ပြီး လိုအပ်တဲ့ စွမ်းရည်၊ ဆောင်ရွက်ချက်တွေကိုဆွေးနွေးခဲ့ကြတယ်။ နော်ဝေခရီးစဉ်မှာ အရပ်သားကိုယ်စားလှယ်တွေအနေနဲ့ ပညာရှင်စကားဝိုင်းလုပ်တာမျိုးရှိတော့ အတွေ့အကြုံဖလှယ်မှုတွေ လုပ်ခဲ့ပါတယ်။ သုံးရက်တာ ကျွန်တော်တို့ အစည်းအဝေးက ဆုံးဖြတ်ချက် ၁၅ ခုနဲ့ ပြီးခဲ့ပါတယ်။ အရပ်သားတွေ့ဆုံမှု ဘက်က ထွက်လာတဲ့ မူတွေအရ JMC ဘက်မှာ ချမှတ်ရမယ့် မူတွေလည်း ထွက်လာပါတယ်။ အဲဒီကိစ္စလည်း ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

နယ်မြေတည်ဆောက်ခြင်း၊ အင်အားတည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းမပြုရန် အဖွင့်မိန့်ခွန်းတွင် JMC-U ဥက္ကဋ္ဌပြောခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းများ လုပ်ဆောင်နေခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းများကို ရည်ညွှန်းသည်ဆိုသည့် အချက်နှင့်ပတ်သက်၍ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ယခုကဲ့သို့ပြောကြားသည်။

ပဋိပက္ခဖြစ်စဉ်လေးတွေရှိ

ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "အဓိကက JMC မှာ စောင့်ကြည့်ရေးကော်မတီအနေနဲ့ ပဋိပက္ခတွေကို စောင့်ကြည့်တာပါ။ အချို့နေရာတွေမှာ ပဋိပက္ခဖြစ်စဉ်လေးတွေရှိပါတယ်။ အဲဒီလိုရှိတဲ့အပေါ်မှာ အခြေခံပြီးတော့ နယ်မြေဝင်ရောက်ကျော်လွန်မှုဆိုတဲ့ အနေအထားမျိုးတွေရှိနေပါတယ်။ အဲဒီပဋိပက္ခတွေကို လျှော့ချနိုင်ဖို့ဆိုရင်တော့ ထိပ်တိုက်ရင်ဆိုင်မှုမဖြစ်ဖို့ အင်အားတိုးချဲ့တည်ဆောက်မှုတွေ၊ နယ်မြေကျော်လွန်သွားလာမှုတွေကို ပြောတာပါ" ဟုပြောသည်။

JMC-S တနင်္သာရီတွင် မွန်ပြည်သစ်ပါတီ ပါဝင်လာနိုင်ရေး တောင်းဆိုထားသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "ဒီကိစ္စနဲ့ ပတ်သက်ပြီး အစိုးရရဲ့ဆုံးဖြတ်ချက်တွေကိုလည်း တင်ပြလာပါတယ်။ JMC က အားလုံးသိတဲ့အတိုင်းပဲ၊ ကျွန်တော်တို့လုပ်နိုင်တဲ့ ဘောင်အတွင်းမှာ လုပ်ရတာ ဖြစ်ပါတယ်။ JMC အဆင့်မှာ နှစ်ဖက်ညှိနှိုင်းပြီး ဆုံးဖြတ်ချက်မရနိုင်တာကြောင့် JICM(တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး)အဆင့်မှာ ထပ်ပြီးတော့ ဆွေးနွေးပါဆိုပြီး တင်ပြထားပါတယ်"ဟု ပြောသည်။

မီဒီယာများအားရှင်း

ယခုအစည်းအဝေးတွင် JMC-U ၏ (၁၇) ကြိမ်မြောက်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆွေးနွေးခဲ့ရာတွင် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြားကာလအတွင်း RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော်) အနေဖြင့် တပ်သားသစ်စုဆောင်းမှုကို JMC-S ရှမ်းကကန့်ကွက်ခဲ့သည်များရှိကြောင်း၊ NRPC အနေဖြင့်လည်း အဆိုပါစုဆောင်းခံရမှုကိစ္စရပ်တွင် NLD လူငယ်များပါဝင်၍ JMC-U တွင် ဖြေရှင်းသွားရန် အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း၊ လူသစ်စုဆောင်း၍ ခေါ်ဆောင်သွားခဲ့သူများကို အမြန်ဆုံးပြန်လွှတ်ပေးနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ ကိစ္စရပ်ကို JMC အနေဖြင့် စိစစ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မီဒီယာများအား ရှင်းလင်းပွဲမှ သိရသည်။

ဒေါက်တာရွှေခါးရ်က "RCSS နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တော်တော်လေးဆွေးနွေးခဲ့ပါတယ်။ လောလောဆယ်မှာ နှစ်ခုစီစဉ်ထားပါတယ်။ လောလောဆယ် နှစ်ဖက်ဆုံးဖြတ်ချက်ချနိုင်မယ့် တပ်မှူးကိစ္စ အရေးကြီးပါတယ်။ အဲဒါကို နှစ်ဖက်လုံးက လက်ခံထားပါတယ်။ လောလောဆယ် ထိုင်းနိုင်ငံ ချင်းမိုင်မှာ ငြိမ်းချမ်းရေးကော်မရှင်(P.C) ဘက်က တွေ့ဆုံခဲ့တာရှိပါတယ်။ အဲဒီကိစ္စကို ရှင်းလင်းခဲ့ကြပြီး လောလောဆယ် RCSS က ခေါင်းဆောင်တွေနဲ့ တွေ့ဆုံနိုင်ဖို့ ကျွန်တော်တို့ဘက်ကလည်း စာရေးသားပြီး ဖြစ်ပါတယ်။ မကြာခင်တွေ့ဆုံနိုင်မယ်လို့ ယူဆရပါတယ်။ ဒုတိယအနေနဲ့ နှစ်ဖက်မြေပြင်တပ်မှူးတွေ အချင်းချင်း တွေ့ဆုံဖို့ ဆွေးနွေးတယ်။ အခြားနေရာမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိသလောက်ဆိုတော့ ရှမ်းပြည်နယ်မှာလည်း RCSS နဲ့ အစိုးရတပ်မတော်ကြားမြေပြင်တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ လုပ်ထားတယ်။ ကျွန်တော့် အမြင်ကတော့ နှစ်ဖက်ဆုံတွေ့နိုင်ရင် ပြေလည်မယ်လို့ ယူဆပါတယ်။ မကြာခင်မှာ တွေ့ဆုံဖို့ယူဆပါတယ်" ဟု ပြောသည်။

ဒေသခံအရပ်သားစောင့်ကြည့်သူ(LCM)များကို ရှေ့ပြေးအဖြစ် JMC-S မွန်နှင့် JMC-S ကရင်တို့တွင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ယနေ့ရှင်းလင်းပွဲမှ သိရသည်။

"JMC-S မွန်မှာဆို ကျိုက်မရောမြို့နယ် လမုခ္ဂံရွာကို အကြမ်းဖျင်းရွေးထားပါတယ်။ ကရင်မှာတော့ ကော့ကရိတ်မြို့နယ်က လောင်းကိုင်နဲ့ လောင်ဒဘွဲပေါ့။ အထူးသဖြင့် ပဋိပက္ခဖြစ်နိုင်တဲ့နေရာတွေမှာ ရှေ့ပြေးအနေနဲ့ ဆောင်ရွက်သွားဖို့ ရွေးချယ်ထားပါတယ်။ JMC-S မှာ LCM ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်၊ အရေးပါမှုတွေကို သွားရောက်ရှင်းလင်းပါတယ်။ အဲဒီကိစ္စတွေကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ကြပါတယ်"ဟု ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

လာမည့်နှစ်တွင် JMC သည် အစီအစဉ်တစ်ခုအနေဖြင့် ဒေသခံအရပ်သားစောင့်ကြည့်သူ(LCM) များအတွက် ပိုမိုဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ အဆိုပါ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ၏ ဆောင်ရွက်ချက်များ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာတစ်သန်းခန့် အကုန်အကျခံ ဆောင်ရွက်သွားနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

(၁၈) ကြိမ်မြောက် JMC-U အစည်းအဝေးသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုး(KNU) နှင့် ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်တို့ အပါအဝင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သားကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့သည်။

သတင်း-ရဲခေါင်ညွှန့်
ဓာတ်ပုံ-ဖိုးထောင်

"(၂၄) နာရီ (၁) ချစ်" ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၂၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၁၄

Film House ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားသည့် "(၂၄) နာရီ (၁) ချစ်"ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ည ၇ နာရီက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၂၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် အောင်ရဲလင်း

သရုပ်ဆောင် မိုးဟေကို

သရုပ်ဆောင် အေးမြတ်သူ

သရုပ်ဆောင် အောင်ရဲလင်းက "ဒီကားကတော့ အချစ်ဟာသကားလေးပါ။ အချစ်နဲ့ပတ်သက်တဲ့ ရသလေးတွေကို ပျော်ရွှင်ဖွယ်ရာတွေနဲ့အတူ တွေ့မြင်ရမှာပါ။ ရိုက်ကူးခဲ့တာကတော့ သုံးနှစ်ကျော် လေးနှစ်လောက်ကြာခဲ့ပါပြီ။ ကျွန်တော် ဒီကားထဲမှာ အဝတ်အစား ဒီဇိုင်းပိုင်းနဲ့ ပတ်သက်ပြီး ထွေထွေထူးထူး လုပ်ထားတာမျိုးမရှိပါဘူး။ သာမန်ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်ပုံစံမျိုးပဲဝတ်ထားတာပါ။ အဲဒါကြောင့် ဒီဇာတ်ကားမှာ အများကြီးထွေထွေထူးထူး ပြောင်းလဲသွားတာမျိုးမရှိပါဘူး။ ကျွန်တော်ရိုက်တဲ့ ဇာတ်ကားတိုင်းကို အားရပါတယ်"ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် အောင်ရဲလင်း၊ ရာဇာနေဝင်း၊ ဒိန်းဒေါင်၊ မိုးဟေကို၊ အေးမြတ်သူ၊ ထွန်းထွန်းဝင်း၊ ညီဂျော်၊ အောင်ခိုင်၊ ဝင်းနိုင်(အနုပညာ)၊ ဦးဝင်းမြင့်၊ ဘိုဘို၊ ချမ်းမေမြတ်နိုး၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်၊ အေးအေးခိုင်တို့နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး လူမှုကွန်ရက်မှ အကြောင်းအရာများကြောင့် လူမှုဘဝပတ်ဝန်းကျင်တွင် အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရပုံတို့ကို အခြေခံကာ အချစ်နှင့် ဟာသ ရောနှောရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် အေးမြတ်သူက "ဒီဇာတ်ကားထဲမှာ ဇီဇာကြောင်ပြီးတော့ ရပ်ကွက်ထဲမှာ ကြိုက်မယ့်သူမရှိတဲ့ အပျိုကြီးပါ။ ဘယ်ကမှန်းမသိတဲ့ ချစ်သူတစ်ယောက်ကို အရမ်းချစ်ပြီး သည်းသည်းလှုပ်ဖြစ်နေတဲ့ အပျိုကြီးတစ်ယောက်ပါ။ အမှတ်တရအနေနဲ့ ပြောရရင် ၂၀၁၅ ခုနှစ်တုန်းက ပထမဦးဆုံးပြန်ခေါ်ရိုက်တဲ့ ရုပ်ရှင်ကားကြီးပါ။ ဒီကားပြီးမှ ရုပ်ရှင်ကားကြီးတွေ ပိုမိုပြီး ရိုက်ဖြစ်ခဲ့တာပါ။ ၂၀၁၃ နှစ်ဝက်နဲ့ ၂၀၁၄ တစ်နှစ်လုံး ရုပ်ရှင်ကားကြီးတွေ မရိုက်ရဘူး။ ဒီကားဟာ ပထမဦးဆုံး ပြန်ခေါ်ရိုက်တဲ့ကားပါ။ အဲဒီအတွက် ဒါရိုက်တာ ဦးဇော်ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ အဲဒီလို ပြန်ခေါ်ရိုက်တဲ့အတွက်ကြောင့်လည်း ဒီလောကနဲ့နီးစပ်ပြီးတော့ ကားတွေပိုမိုပြီး ရိုက်ခဲ့ရပါတယ်။ နောက်အမှတ်တရအနေနဲ့ကတော့ ကိုရာဇာကြီးနဲ့ဆုံတဲ့အခန်းတွေမှာ ပျော်လည်းပျော်တယ်။ ကြောက်လည်းကြောက်တယ်။ ဒီဇာတ်ကားက အချစ်နဲ့ ဟာသကားလေးပါ။ ဟာသပလေ့တွေကတော့ ဦးဇော်ရဲ့ လက်ရာအတိုင်း တကယ့်ကို ရယ်မောပျော်ရွှင်စေရမယ်လို့ အာမခံပါတယ်"ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် အချစ်ဟာသကားလေးဖြစ်ပြီး ရိုက်ကူးသည့်အချိန်တွင် အခက်အခဲမရှိခဲ့သည့်အပြင် သရုပ်ဆောင်များစွာ ပါဝင်ထားသည့်အတွက် ပျော်ရွှင်စရာကောင်းကြောင်း၊ ပရိသတ်များအနေဖြင့်လည်း ပျော်ရွှင်စရာ ရသများကို ခံစားရမှာဖြစ်ပြီး ကြည့်ရှုပြီးသည့်အခါတွင် ဝေဖန်အကြံပေးနိုင်ကြောင်း သရုပ်ဆောင် မိုးဟေကိုက ပြောသည်။

သရုပ်ဆောင် အောင်ခိုင်က "ဇာတ်ကားထဲမှာ ဒီလိုခန္ဓာကိုယ်မျိုးနဲ့ ရောဂါဝေဒနာ ကြီးကြီးမားမားခံစားရတဲ့ ဇာတ်ရုပ်မျိုးပါ။ ကိုယ့်ရဲ့လုပ်ခွင့်အပေါ်မှာ တာဝန်ကျေအောင် သရုပ်ဆောင်ထားပါတယ်။ ၂၀၁၅ လောက်က ရိုက်ထားတဲ့ ဇာတ်ကားလေးပါ။ အဲဒီတုန်းက ရိုက်ခဲ့တာဆိုပေမယ့် ဒါရိုက်တာက ကိုဇော်(အရုဏ်ဦး)ဖြစ်တဲ့အတွက် ဦးတို့ မြန်မာစကားပုံလိုပဲ အရိုးဆုံးက ဘယ်တော့မှ မရိုးဘူး၊ အဆန်းဆုံးဖြစ်တတ်ပါတယ်။ အဲဒီတုန်းကတည်းက စကားလုံးတွေဟာ ဒီဘက်ခေတ်ရောက်တဲ့အထိ မရိုးသွားပါဘူး။ အိုက်တင်တွေကလည်း ဒီကနေ့ ခေတ်နဲ့အညီရှိနေတဲ့ သရုပ်ဆောင်တွေပဲဖြစ်တဲ့အတွက် ရိုက်ထားတာကြာသွားပေမယ့် ပရိသတ်တွေအဖို့ တစ်ခုခုရရှိစေမယ့် ကားလေးပါ"ဟု ပြောသည်။

သရုပ်ဆောင် ဝါဝါအောင်ကလည်း ယင်းဇာတ်ကားတွင် မိမိတို့ဇနီးမောင်နှံအနေဖြင့် လင်မယားအခန်းကပင် ပါဝင်သရုပ်ဆောင်ခဲ့ရပြီး ဇာတ်ဝင်ခန်းမှာ များများစားစား မရှိကြောင်း၊ ရပ်ကွက်ထဲတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အလွဲအချော် ဇာတ်ရုပ်လေးများအတိုင်း ပါဝင်အားဖြည့် သရုပ်ဆောင်ထာခြင်းဖြစ်ကြောင်း ပြောသည်။

သရုပ်ဆောင် ဒိန်းဒေါင်က "ဒီကားထဲမှာတော့ အောင်ရဲလင်းရဲ့သူငယ်ချင်း အင်တာနက်ဆိုင်ပိုင်ရှင်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ အောင်ရဲလင်း ဒုက္ခပေးတာမျိုးတွေအပြင် ကိုယ်တိုင် အလွဲလေးတွေလုပ်တဲ့ဇာတ်ရုပ်မျိုးပါ။ အမှတ်တရအနေနဲ့ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားဟာ အောင်ရဲလင်းနဲ့ ပထမဆုံးတွဲပြီးရိုက်ကူးတဲ့ရုပ်ရှင်ကားကြီးပါ။ ရာဇာနေဝင်းနဲ့လည်း အပြင်မှာ ပထမဆုံးတွဲပြီးရိုက်ဖူးတဲ့ ရုပ်ရှင်ကားကြီးလို့ပြောလို့ရပါတယ်။ ဒီဇာတ်ကားလေးဟာ အချစ် ဟာသကားလေးဆိုပေမယ့် ကိုဇော်(အရုဏ်ဦး)ရဲ့ မူအတိုင်းပဲ တခြားကားတွေနဲ့ ကွဲထွက်နေပါလိမ့်မယ်"ဟုပြောသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

အခုကြားဖြတ်ရွေးကောက်ပွဲမှာတော့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေနဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ ပြုစုထားတဲ့ မဲစာရင်းခန့်မှန်းခြေကတော့ ရှစ်သိန်းကိုးသောင်းကျော် ရှိပါတယ်

ဦးမြင့်နိုင်

မှန်ကန်ပြည့်စုံသည့် မဲစာရင်းဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် စကားဝိုင်းကျင်းပ

ရှင်မင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်ပြည့်စုံသည့် မဲစာရင်းဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာမျိုးနှင့် ဒေါ်ဝင်းသော်သော်လှိုင်တို့က ပါဝင်ဆွေးနွေးကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-

(ယမန်နေ့မှအဆက်)

ဦးမြင့်နိုင်။ ။ မဲစာရင်းပြုစုရာမှာ တစ်ခုရှိသေးတယ်။ ရက်ပေါင်း ၁၈၀ ကျော်ပြီး မိမိရဲ့ မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို ရောက်ရှိနေတဲ့သူတွေအတွက် ဘယ်လိုပြဋ္ဌာန်းထားသလဲ။

ဒေါ်ခိုင်သန္တာမျိုး။ ။မဲဆန္ဒရှင်တစ်ဦးဟာ ရက်ပေါင်း ၁၈၀ ကျော်ပြီး ကိုယ်ရဲ့မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေမယ်။ တစ်နည်းအားဖြင့် ခြောက်လကျော်ပြီး ရောက်နေမယ်။ ပြီးတော့ ရွေးကောက်ပွဲကျင်းပခါနီးမှာ ကိုယ်ရဲ့ မဲဆန္ဒနယ်ကို ပြန်ပြီး မဲပေးချင်ဘူး။ ရောက်နေတဲ့ဒေသမှာ မဲပေးချင်တယ်ဆိုရင် မဲပေးခွင့်ရှိတယ်။ ဒီအတွက် မဲဆန္ဒရှင်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို သွားရောက်ပြီးတော့ ပုံစံ ၃ (က) နဲ့ လျှောက်ထားနိုင်ပါတယ်။ အကယ်၍ မဲဆန္ဒရှင်က ဝန်ထမ်းဖြစ်မယ်ဆိုရင် သက်ဆိုင်ရာ ဝန်ထမ်းအကြီးအကဲရဲ့ ထောက်ခံချက်၊ အလုပ်သမား ဖြစ်မယ်ဆိုရင် အလုပ်ရှင်ဒါမှမဟုတ် အလုပ်ရှင်က ကိုယ်စားလှယ်လွှဲထားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ထောက်ခံချက်၊ တခြားပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုရင် ဥပမာ၊ ကိုယ်က အလုပ်မလုပ်ဘူး၊ အိမ်မှာပဲ နေသူဖြစ်မယ်ဆိုရင်လည်း ကိုယ်တိုင် ကတိခံဝန်ချက်ကို တင်ပြရပါမယ်။ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ကိုပါ ပူးတွဲတင်ပြရပါမယ်။ ဒါပေမယ့် ဒီထောက်ခံချက်တွေအတွက် မဲဆန္ဒရှင်တွေအနေနဲ့ သီးသန့်ရေးသားစရာမလိုပါဘူး။ ပုံစံ ၃ (က)ရဲ့ နောက်ကျောဘက်စာမျက်နှာမှာ ပူးတွဲဖော်ပြထားပြီးသားဖြစ်ပါတယ်။

ဦးမြင့်နိုင်။ ။ အခုကြားဖြတ်ရွေးကောက်ပွဲက ၁၃ နေရာမှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီ ၁၃ နေရာမှာပဲ ကျင်းပမှာဖြစ်တဲ့အတွက် ရက်ပေါင်း ၁၈၀ ကျော်ပြီး မဲဆန္ဒနယ်ပြင်ပကို ရောက်ရှိနေတဲ့ မဲဆန္ဒရှင်တွေအနေနဲ့ သတိပြုရမယ့် အချက်တွေရှိတယ်။ ဒါတွေကို ဆွေးနွေးပေးပါ။

ဒေါ်ခိုင်သန္တာမျိုး။ ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ် ၁၃ နယ်ရှိပါတယ်။ ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ အမျိုးလွှတ်တော်အတွက် တစ်နေရာ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ရှစ်နေရာ စုစုပေါင်း ၁၃ နေရာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်မက လဲချားမဲဆန္ဒနယ်မှာ နေတယ်။အခုကကန်ပက်လက် မဲဆန္ဒနယ်ကို ရောက်နေတယ်။ ခြောက်လလည်း ကျော်သွားပြီ၊ လဲချားကို မပြန်ဘဲ ကန်ပက်လက်မှာပဲ မဲပေးချင် တယ်ဆိုရင် မဲပေးလို့ရပါတယ်။ လဲချားမှာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်ပါ။ ကန်ပက်လက်မှာလည်း ပြည်သူ့လွှတ်တော်ပဲ ဖြစ်ပါတယ်။ လွှတ်တော်တူတဲ့

> **နိုင်ငံတော်က ဒီမိုကရေစီအလေ့အကျင့် ရအောင် ရွေးကောက်ပွဲတွေ ကျင်းပပေးတဲ့ အတွက်ကြောင့် မဲဆန္ဒရှင်တွေကိုယ်တိုင် မဲစာရင်းကြည့်စေလိုတယ်။ ကိုယ်တိုင် မကြည့်နိုင်ရင်တော့ မိသားစုဝင်ထဲက တစ်ယောက်က ကြည့်ဖြစ်အောင်ကြည့်ဖို့ လိုတာပေါ့။ ကြည့်ဖို့တာဝန် ရှိတာပေါ့။ ကြည့်ပြီးတော့ ပြင်ဆင်ရမှာတွေ ပြင်ဆင်မှုလည်း မဲစာရင်းကလည်း တစ်ကြိမ်ထက် တစ်ကြိမ် ပိုမိုပြည့်စုံလာမှာပါ**

အတွက် ပုံစံ ၃ (က)နဲ့ လျှောက်ထားပြီး မဲပေးပိုင်ခွင့်ကို တောင်းဆိုလို့ရပါတယ်။

ဦးမြင့်နိုင်။ ။ နောက်တစ်ခုအနေနဲ့ လဲချားမှာ အမြဲနေတဲ့ မဲဆန္ဒရှင်က ကန်ပက်လက်မှာ ရောက်နေတယ်။ လဲချားက မဲစာရင်းထဲမှာ သူ့နာမည်ပါတယ်။ အဲဒီမဲဆန္ဒရှင်က ကန်ပက်လက်မှာ ရောက်နေတာ ရက်ပေါင်း ၁၈၀ ကျော်နေတယ်။ လဲချားနဲ့ ကန်ပက်လက် နှစ်ခုလုံးမှာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲရှိတယ်ဆိုရင် မဲဆန္ဒရှင်အနေနဲ့ လဲချားမှာ ပြန်ပြီး မဲပေးလို့ရတယ်။ လဲချားကို ပြန်ပြီးမဲပေးဖို့ အခက်အခဲရှိရင် ကန်ပက်လက်မှာပဲ ဆန္ဒမဲပေးလို့လည်းရတယ်။ ကန်ပက်လက်မှာ ဆန္ဒမဲပေးမယ်ဆိုရင်တော့ ပုံစံ ၃ (က)နဲ့ လျှောက်ထားရမှာပါ။

နောက်ထပ်ဆွေးနွေးလိုတာက ဥပမာ၊ စမ်းချောင်းမြို့နယ်မှာ နေတဲ့သူတွေ၊ ကန်ပက်လက်မှာ ရက်ပေါင်း ၁၈၀ ကျော်ပြီး ရောက်နေတယ်။ သူတို့က မဲပေးပါရစေ၊ သူတို့ ရက်ပေါင်း ၁၈၀ ကျော်ပါပြီဆိုပြီး တောင်းဆိုတဲ့ အခြေအနေမျိုးဆိုရင် မဲပေးပိုင်ခွင့်ရှိ၊ မရှိကိုလည်း ဆွေးနွေးပေးပါဦး။

ဒေါ်ခိုင်သန္တာမျိုး။ ။အဲဒီလိုမျိုးဆိုရင် မဲပေးလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စမ်းချောင်းက ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ်ထဲ မပါပါဘူး။ ဒါကြောင့် လစ်လပ်မဲဆန္ဒနယ်ထဲ မပါတဲ့သူတွေက မဲပေးပိုင်ခွင့်မရှိပါဘူး။

ဦးမြင့်နိုင်။ ။ဒါက အရေးကြီးပါတယ်။ ဒါမျိုးကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က သိရှိပြီးတော့ တိတိကျကျလိုက်နာဖို့ လိုအပ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ယောက်က လက်ရှိနေထိုင်တဲ့ မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို အပြီးပြောင်းရွှေ့ချင်တယ်။ ပြောင်းမယ့်နေရာရဲ့ မဲစာရင်းမှာပါအောင် ဘယ်လို ဆောင်ရွက်မလဲ။

ဒေါ်ခိုင်သန္တာမျိုး။ ။ဒီလို တခြားမဲဆန္ဒနယ်ကို အပြီးပြောင်းရွှေ့မယ်ဆိုရင် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှာ ပုံစံ ၄ (က) နဲ့ လျှောက်ထားလို့ ရပါတယ်။ ပုံစံ ၄ (က)ဆိုတာ လက်ရှိမဲစာရင်းကနေ ဖျက်ပြီးတော့ တခြားမဲစာရင်းကို ရွှေ့ပေးဖို့တောင်းဆိုတဲ့ ပုံစံဖြစ်ပါတယ်။ ဒီလိုတောင်းဆိုတဲ့အခါ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ထုတ်ပေးတဲ့ ပုံစံ ၁၀ ကိုပါ ပူးတွဲတင်ပြဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီးတော့မှ အထောက်အထား မှန်ကန်တယ်ဆိုရင် ပုံစံ ၄ (ခ)ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ဒီပုံစံ ၄ (ခ)ရယ်၊ အိမ်ထောင်စုဇယားရယ်၊ မဲစာရင်းထဲမှာ ထည့်ပေးဖို့ တောင်းဆိုတဲ့ ပုံစံ ၃ ရယ် ပူးတွဲပြီး မဲစာရင်းထဲမှာ ထည့်ပေးဖို့တောင်းဆိုလို့ ရပါတယ်။

ဦးမြင့်နိုင်။ ။မဲဆန္ဒရှင်အားလုံး မကျန်ဘဲ မဲပေးနိုင်အောင် ဥပဒေက ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားတယ်။ ဒါတွေကိုတော့ မဲဆန္ဒရှင်တွေက သိဖို့တော့ လိုတာပေါ့။ ဒီပုံစံတွေက ဘယ်နှရက်အတွင်းမှာ ဆောင်ရွက်လို့ရတယ်ဆိုတာလည်း ဆွေးနွေးပေးပါဦး။

ဒေါ်ဝင်းသော်သော်လှိုင်။ ။ တောင်းဆိုတာ၊ ပြင်ဆင်တာ၊ ကန့်ကွက်တာတွေကို ၁၄ ရက်အတွင်းမှာ တောင်းဆိုနိုင်ပါတယ်။ ၁၄ ရက်အတွင်းမှာ တောင်းဆိုပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ခုနစ်ရက်အတွင်း အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ခဲ့ဘူးဆိုရင် အယူခံဝင်လို့ရပါတယ်။ သုံးရက်အတွင်းမှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အယူခံဝင်လို့ရပါတယ်။ အယူခံဝင်တဲ့အခါမှာလည်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောလျင်စွာ ဆုံးဖြတ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ မရှင်းလင်းတာလေးရှိပါတယ်။ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရဲ့ အဆုံးအဖြတ်က သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမယ်လို့ ဖော်ပြထားပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ရှင်းပြပေးစေလိုပါတယ်။

ဦးမြင့်နိုင်။ ။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ခွဲ အဆင့်ဆင့်တွေရဲ့ ဆောင်ရွက်ချက်တွေကို တောင်းယူပြီးတော့မှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အခွင့်အာဏာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရဲ့ အဆုံးအဖြတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တောင်းဆိုပြီးတော့ ဆုံးဖြတ်ချက်ကို မပြင်ရင်အတည်ဘဲ။ ဒီသဘောလေး ပြဋ္ဌာန်းထားတယ်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ အယူခံမှာတက်လာတဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဆုံးဖြတ်ချက်က အပြီးအပြတ်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာပါ။ ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲလုပ်ခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲလုပ်တယ်။ ၂၀၁၇ ခုနှစ်မှာလည်း ကြားဖြတ်ရွေးကောက်ပွဲလုပ်တယ်။ ဒီရွေးကောက်ပွဲတွေမှာ ခုနကလို ပုံစံ ၃ နဲ့ လျှောက်ထားလို့၊ ပုံစံ ၄ နဲ့ ကန့်ကွက်လွှာတင်လို့၊ ပုံစံ ၄ (ဂ)နဲ့ ပြင်ဆင်လွှာတင်လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေရဲ့ ဆုံးဖြတ်ချက်ကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို အယူခံတက်ရတယ်လို့ မရှိခဲ့ဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုံစံမျိုးနဲ့ တောင်းဆိုတာ၊ ကန့်ကွက်တာတွေကို စိစစ်ပြီး ဆောင်ရွက်ခဲ့တယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်လို့ အယူခံတက်ရတယ်လို့ တစ်ကြိမ်မှ မရှိခဲ့ဖူးပါဘူး။

အခုကြားဖြတ်ရွေးကောက်ပွဲမှာတော့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေနဲ့ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ ပြုစုထားတဲ့ မဲစာရင်း ခန့်မှန်းခြေကတော့ ရှစ်သိန်းကိုးသောင်းကျော် ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရှစ်သိန်းသုံးသောင်းကျော်လောက်ရှိတယ်။ ခန့်မှန်းခြေပြုစုထားတဲ့ စာရင်းအရပေါ့။ မဲစာရင်း ကြေညာပြီး မဲဆန္ဒရှင်တွေက ပြင်ဆင်ဖြည့်စွက်တွေ ရှိမယ်ဆိုရင် အပြောင်းအလဲ ရှိနိုင်တာပေါ့နော်။

ဒေါ်ဝင်းသော်သော်လှိုင်။ ။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ယောက်ဟာ သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ် ဒီလိုမျိုး ရေးသားဖော်ပြမှုမျိုး တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ အများပြည်သူသိရှိအောင် ရှင်းပြပေးပါဦး။

ဦးမြင့်နိုင်။ ။လွှတ်တော်ကိုယ်စားလှယ်လောင်းကို သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ် ဆိုပြီး ရေးကြတယ်။ ရွေးကောက်ပွဲတစ်ခုမှာ ကုန်ကျတဲ့ငွေတွေနဲ့ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်နဲ့ စားလိုက်တဲ့ အခါ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အတွက်ဆိုရင် ငွေကဒီလောက်ကုန်ကျပါတယ်။ ဒါကြောင့်မို့ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်က သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ်ဆိုပြီး ပြောကြတာပေါ့။ ဒါနဲ့ပတ်သက်ပြီး ကင်ညာနိုင်ငံမှာ လေ့လာခဲ့တာကို ဆွေးနွေးချင်ပါတယ်။ သူတို့ကျတော့ ရွေးကောက်ပွဲမှာ ကုန်ကျတဲ့ငွေတွေကို ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့သူတွေနဲ့ စားလိုက်တယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့သူ တစ်ယောက်အတွက် ၂၇ ဒေါ်လာကျတယ်။ မြန်မာငွေနဲ့ဆိုရင် သုံးသောင်းကျော်ပေါ့။ အဲဒါကို သူတို့က ကြည်နူးတယ်၊ ဂုဏ်ယူတယ်။ မဲဆန္ဒရှင်တစ်ယောက်ကို ၂၇ ဒေါ်လာ အကုန်အကျခံပြီးတော့ ဒီမိုကရေစီ နည်းလမ်းတွေ၊ ရွေးကောက်ပွဲမဲပေးတဲ့ နည်းလမ်းတွေ ဒါတွေကို လေ့ကျင့်ပျိုးထောင်ပေးတယ်ဆိုပြီး ဂုဏ်ယူတယ်။

ကျွန်တော်တို့ဆီမှာလည်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ် ၁၃ နေရာရှိတယ်။ ကုန်ကျမယ့်ငွေကို ခန့်မှန်းရင် ၁ ဒသမ ၂ ဘီလီယံဝန်းကျင် ကုန်သွားမယ်ဆိုပါတော့။ သူတို့လို စားမယ်ဆိုရင်တော့ မဲဆန္ဒရှင် တစ်ယောက်ကို ငွေကျပ် ၁၅၀၀ ဝန်းကျင်ကျတယ်။ အဲဒီတော့ ငွေကျပ် ၁၅၀၀ ပဲကုန်ပြီး ရွေးကောက်ပွဲပညာရပ်တွေ လေ့ကျင့်ပျိုးထောင်ပေးရတယ်လို့ ဒီလိုတွက်သင့်တာပေါ့။

လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ကုန်ကျငွေကို လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်နဲ့ စားပစ်တော့ သန်းတစ်ရာတန်တယ်။ နှစ်ရာတန်တယ် ဆိုပြီး မဖြတ်စကောင်းဘူးပေါ့။ တကယ်တော့ ငွေကြေးနဲ့ တန်ကြေးဖြတ်ဖို့ မသင့်ဘူးလို့ ထင်ပါတယ်။ ဒါကြောင့်မို့ ကင်ညာနိုင်ငံက မဲဆန္ဒရှင်တွေ ဂုဏ်ယူသလိုမျိုးပေါ့။ ဒီမိုကရေစီစနစ်မှာတော့ နိုင်ငံရေးပါတီတွေ ရှိလာမယ်၊ ရွေးကောက်ပွဲတွေ ရှိလာမယ်။ ရွေးကောက်ပွဲတွေ ရှိလာရင် ပြည်သူတွေက ကိုယ်တိုင်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိတယ်။ ရွေးကောက်ပွဲဝင်ရောက်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိတယ်။ နိုင်ငံတော်က ဒီမိုကရေစီအလေ့အကျင့်ရအောင် ရွေးကောက်ပွဲတွေ ကျင်းပပေးတဲ့အတွက်ကြောင့် မဲဆန္ဒရှင်တွေကိုယ်တိုင် မဲစာရင်းကြည့်စေလိုတယ်။ ကိုယ်တိုင် မကြည့်နိုင်ရင်တော့ မိသားစုဝင်ထဲက တစ်ယောက်က ကြည့်ဖြစ်အောင်ကြည့်ဖို့ လိုတာပေါ့။ ကြည့်ဖို့ တာဝန်ရှိတာပေါ့။ ကြည့်ပြီးတော့ ပြင်ဆင်ရမှာတွေ ပြင်ဆင်မှုလည်း မဲစာရင်းကလည်း တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုပြည့်စုံလာမှာပါ။ ဇူလိုင်လမှာ မဲစာရင်းကပ်ပြီး ပြင်ဆင်တာတွေ လုပ်မယ်။ ပြင်ပြီးတော့ အောက်တိုဘာလမှာ မဲစာရင်းထပ်ကပ်မယ်။ အဲဒီမှာလည်း ပြင်နိုင်တယ်။ ပြင်ဖို့ အခွင့်အရေး တစ်ကြိမ်ရသေးတယ်။ အောက်တိုဘာလအထိ မဲစာရင်းပြုစုတာ၊ အောက်တိုဘာလ ပြင်ပြီးရင်တော့ ဖိုင်နယ်မဲစာရင်းဖြစ်သွားပြီ။ ဒါတွေကို ပြည်သူတွေကိုလည်း သိစေချင်တယ်။ အသိပညာလေးတွေကို မျှဝေပေးဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးကလည်း ပူးပေါင်းပါဝင်ပေးကြပါလို့ ဆန္ဒပြုပါတယ်။ **ကျေးဇူးတင်ပါတယ်။**

တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုအပ်ချက်တွေ ဖြည့်ဆည်းပြီး အကျိုးပြုနိုင်တယ်၊ ဒါကြောင့် ပေါင်းစည်းဆောင်ရွက်ဖို့အတွက် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြတယ်၊ မဲခေါင်ဒေသနိုင်ငံတွေ ဆက်သွယ်မှုတိုးမြှင့်ဖို့ကိစ္စ၊ ပြည်သူ့အချင်းချင်း ထိတွေ့ရေးကိစ္စ၊ ကုန်သွယ်ရေးမူဝါဒတွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

ဒီယက်နမ်နိုင်ငံ ဟန္တိုးမြို့၌ စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား ခရီးစဉ်နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်-

မေး။ အခုခရီးစဉ်နဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ် ခင်ဗျာ။

ဖြေ။ ဒီခရီးစဉ်ကတော့ အဓိကအားဖြင့် အာဆီယံဒေသအတွက် ကျင်းပတဲ့ စီးပွားရေးဖိုရမ်မှာ ပါဝင်တက်ရောက် ဆွေးနွေးတာပါ။ အာဆီယံနိုင်ငံတွေအတွက် အဓိကထားဆွေးနွေးတဲ့အကြောင်းအရာကတော့ အခုရေပန်းစားနေတဲ့ စတုတ္ထစက်မှုတော်လှန်ရေးအသွင်ကူးပြောင်းဆဲကာလမှာ အာဆီယံနိုင်ငံတွေအနေနဲ့ အနာဂတ်ကာလမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြည်သူတွေသိအောင် စတုတ္ထစက်မှုတော်လှန်ရေးဆိုတာဘာလဲလို့ ပြောရမယ်ဆိုရင် ပထမဦးဆုံး ၁၈ ရာစုခေတ်လောက်မှာ ရေနွေးငွေ့စွမ်းအင်ကို စတင်တည်ထောင်ခဲ့တဲ့ကာလဟာ ပထမစက်မှုတော်လှန်ရေးဖြစ်တယ်။ ၁၉ ရာစုလောက်မှာကျတော့ လျှပ်စစ်စွမ်းအင်ကို တွေ့တယ်။ စွမ်းအင်နဲ့ပတ်သက်ပြီး စက်ရုံတွေက ထုတ်လုပ်လာနိုင်ခဲ့တယ်။ ဒါကတော့ ဒုတိယစက်မှုတော်လှန်ရေးကာလဖြစ်တယ်။

တတိယစက်မှုတော်လှန်ရေးကတော့ ကွန်ပျူတာတွေ၊ အင်တာနက်တွေ ပေါ်လာတယ်။ အခု ကျွန်တော်တို့ ရင်ဆိုင်နေရတာကတော့ စက်ရုပ်တွေ ပေါ်လာတယ်။ အဲဒါတွေ ပေါ်လာတဲ့အခါကျတော့ ထုတ်လုပ်ရေးပိုင်းမှာ အလုပ်သမားတွေ လိုအပ်မှုလျော့နည်းလာတယ်။ စက်ရုပ်တွေ သုံးလာတဲ့အခါကျတော့ အသွင်ကူးပြောင်းမှုတစ်ခု ဖြစ်လာတယ်။ ထုတ်လုပ်ရေးပိုင်းတွေမှာ သုံးလာတဲ့အခါကျတော့ စီးပွားရေးမှာပြောင်းလဲမှုတွေ ရင်ဆိုင်နေရတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြတယ်။

ဒီအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပါဝင်ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တတိယစက်မှုတော်လှန်ရေးကာလကို အပြည့်အဝ အသုံးမချနိုင်ခဲ့လို့ ဖွံ့ဖြိုးမှုနောက်ကျခဲ့ပေမယ့် ကျွန်တော်တို့မှာအခွင့်အလမ်းက ဘာရှိသလဲဆိုတော့ အခုနောက်ပိုင်းမှာ ခုနှစ်ပျံကျော်လွှားတဲ့နည်းနဲ့ နောက်ကျတဲ့လူတွေအတွက် နောက်ဆုံးပေါ်စက်မှုနည်းပညာတွေကို တန်းပြီးသုံးလို့ရတယ်။

ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်တုန်းက တယ်လီဖုန်းအသုံးပြုမှုမှာ အလွန်အလွန်နည်းခဲ့တဲ့ အနေအထားကနေ အခုတစ်နိုင်ငံလုံးသုံးလာနိုင်တဲ့ အနေအထားကို ကျယ်ပြန့်လာတယ်။ ကျွန်တော်တို့အနေနဲ့ လိုင်းဖုန်းကနေပြီးတော့ 4G လို့ခေါ်တဲ့ စနစ်ကိုတန်းပြီးတော့ သုံးနိုင်တဲ့ အနေအထားမျိုးဖြစ်လာတယ်။ နောက်ပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘာပြောသလဲဆိုတော့ လူငယ်တွေမှာ လေ့လာနိုင်တဲ့ စွမ်းရည်စွမ်းအားတွေရှိတယ်။ စတုတ္ထစက်မှုကူးပြောင်းရေးကာလမှာ ကျွန်တော်တို့

> **စတုတ္ထစက်မှုကူးပြောင်းရေးကာလမှာ ကျွန်တော်တို့အနေနဲ့ လူသားနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုကို အလေးထားရမှာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ တီထွင်မှုစွမ်းရည်၊ ဦးဆောင်မှုကို ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြုစုပျိုးထောင်ပေးရမယ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

အနေနဲ့ လူသားနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုကို အလေးထားရမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့ တီထွင်မှုစွမ်းရည်၊ ဦးဆောင်မှုကို ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြုစုပျိုးထောင်ပေးရမယ်။ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးကာလမှာ ပြောင်းလဲမှုတွေ လုပ်တဲ့အခါ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်း ရရှိရေးကိုသာအာရုံမစိုက်ဘဲ ကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်အောင် ကြိုးစားကြဖို့ အလေးထားပြောကြားခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေအနေနဲ့လည်း တီထွင်ဆန်းသစ်မှုမှာ ရှေ့တန်းကရောက်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ ဖွံ့ဖြိုးမှုကွာခြားသော်လည်း အာဆီယံနိုင်ငံတွေ ပူးပေါင်းပြီး စက်မှုအသွင်ကူးပြောင်းရေးကာလကို အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်အောင် နည်းလမ်းတွေ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပါဝင်ဆွေးနွေးတာကတော့ မဲခေါင်ဒေသနိုင်ငံများအကြားမှာ ပေါင်းစည်းရေးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာလည်း ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်ဖို့ Master Plan တစ်ခု ချမှတ်ခဲ့ပါတယ်။ မဲခေါင်ဒေသ ငါးနိုင်ငံဟာ လူစွမ်းအားတွေလည်း ရှိတယ်။ သဘာဝအရင်းအမြစ်တွေလည်း ပေါများတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း မြန်တယ်။ တည်နေရာအနေအထားကလည်း တရုတ်ပြည်နဲ့ အိန္ဒိယတို့လို ဈေးကွက်တွေကြားမှာရှိလို့ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင် တိုးတက်ဖို့ အလားအလာများစွာရှိတယ်ဆိုတဲ့ ရှေ့အလားအလာဆွေးနွေးကြတာ ဖြစ်ပါတယ်။

အဲဒီ ငါးနိုင်ငံဟာ ပြိုင်ဘက်တွေ မဟုတ်ဘူး။ ကုန်ထုတ်လုပ်မှုတွေ တူသော်လည်း အပြန်အလှန်အကျိုးပြုနိုင်တယ်။ လာအိုဆိုရင် စွမ်းအင်တွေကို အိမ်နီးချင်းနိုင်ငံတွေကို ရောင်းချသလို မြန်မာနိုင်ငံဆိုရင် ထိုင်းနိုင်ငံကို သဘာဝဓာတ်ငွေ့တွေ ရောင်းချတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုအပ်ချက်တွေ ဖြည့်ဆည်းပြီး အကျိုးပြုနိုင်တယ်။ ဒါကြောင့် ပေါင်းစည်းဆောင်ရွက်ဖို့အတွက် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြတယ်။ မဲခေါင်ဒေသ နိုင်ငံတွေ ဆက်သွယ်မှုတိုးမြှင့်ဖို့ကိစ္စ၊ ပြည်သူ့အချင်းချင်း ထိတွေ့ရေးကိစ္စ၊ ကုန်သွယ်ရေးမူဝါဒတွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်။

အကျိုးရလဒ်အနေနဲ့ကတော့ ယဉ်ကျေးမှုချင်း၊ တန်ဖိုးထားမှုချင်းတို့ပါတူညီတဲ့ နိုင်ငံတွေဖြစ်လို့ ပေါင်းစည်းဆောင်ရွက်ရေးတွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ နောက်တစ်ခု ပါဝင်ဆွေးနွေးခဲ့တာကတော့ ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌနဲ့ အပြန်အလှန်တွေ့ဆုံမေးမြန်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ခြင်းဖြင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို နိုင်ငံတော်ရဲ့သဘောထားနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခွင့် ရရှိခဲ့ပါတယ်။

မေး။ အခြားနှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အခမ်းအနား သုံးခုမှာ ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဒဲ့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဂျပန်မှာ မကြာမီလုပ်မယ့် မဲခေါင်ထိပ်သီးအစည်းအဝေး ကျင်းပမယ့်ကိစ္စနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စမှာ ဂျပန်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေ လုပ်ဆောင်နိုင်ဖို့ ဆွေးနွေးနိုင်ခဲ့လို့ အကျိုးရှိတဲ့ တွေ့ဆုံမှုပဲ ဖြစ်ပါတယ်။

ဒီယက်နမ်သမ္မတကြီးနဲ့လည်း သွားရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံ ဆက်ဆံရေးကိုလည်း မိတ်ဖက်အဆင့်ကို မြှင့်တင်ခဲ့တဲ့ အနေအထားရှိပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားမြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍာစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်ကလည်း နှစ်နိုင်ငံ ဆက်ဆံရေးကို မြှင့်တင်ပေးမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်။

မေး။ အခုခရီးစဉ်မှာ အခြားအကျိုးကျေးဇူးဖြစ်ထွန်းခဲ့တာတွေ ရှိရင်လည်း သိချင်ပါတယ်။

ဖြေ။ ဒီခရီးစဉ်မှာ နောက်ထပ်ရရှိတဲ့ အကျိုးကျေးဇူးတစ်ရပ်ကတော့ မြန်မာကိုယ်စားလှယ်အဖွဲ့မှာလိုက်ပါလာတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့အနေနဲ့လည်း ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ဒေသတွင်းကရော၊ နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပါ တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတာတွေနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးပြောကြားခွင့်ရခဲ့ပါတယ်။ နောက်ပြီး ဒီအစည်းအဝေးကို မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၃၇ ဦး တက်ရောက်ခဲ့ပါတယ်။ သူတို့နဲ့လည်း သီးခြားတွေ့ဆုံပြီးတော့ နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ သူတို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

ပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံဖို့ ရှင်းပြနိုင်ခဲ့တဲ့အပြင် ပြည်တွင်းမှာ လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်ပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ပါတယ်။ ဒီကမ္ဘာ့စီးပွားရေးဖိုရမ်ဆိုတာကတော့ အာဆီယံခေါင်းဆောင်တွေဘက်က သီးခြားလည်း အလုပ်ရုံဆွေးနွေးပွဲတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ အများကြီးရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအချင်းချင်း ချိတ်ဆက်တွေ့ဆုံနိုင်ပြီးတော့ စီးပွားရေးအခွင့်အလမ်းတွေဆွေးနွေးနိုင်ဖို့ အခွင့်အလမ်းတွေရရှိတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက် အကျိုးရှိမယ့် အစည်းအဝေးပဲဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။

သတင်းအဖွဲ့

မြန်မာနိုင်ငံသစ်တောအသင်းအစည်းအဝေး ရန်ကုန်၌ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံသစ်တောအသင်း ဒုတိယအကြိမ် အလုပ်အမှုဆောင်အဖွဲ့ ပဋ္ဌမပုံမှန်အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံသစ်တောအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နံနက် ၁၀ နာရီတွင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံသစ်တောအသင်းဥက္ကဋ္ဌ ဦးထွန်းပေါ်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံသစ်တောအသင်း၏ လူမှုရေးရန်ပုံငွေနှင့် အသင်းရန်ပုံငွေများ ၂၀၁၈ ခုနှစ် သြဂုတ်လကုန်အထိ ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံသစ်တောအသင်း အတွင်းရေးမှူး ဦးတင်အေးက လက်ရှိ လုပ်ငန်းဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းပြပြီး မြန်မာနိုင်ငံသစ်တောအသင်း၏ လူမှုရေးရန်ပုံငွေကိစ္စအား ဆွေးနွေးရာ အစည်းအဝေးတက်ရောက်လာသူများမှ အကြံပြုဆွေးနွေးကြသည်။

တင်မောင်ဦး(အလုံ)

အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအတွက် မြန်မာ ယူ-၁۶ အမျိုးသမီးအသင်း အပြီးသတ်ကစားသမားရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁۶ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု(၈) ပွဲစဉ်များယှဉ်ပြိုင်ရန် မြန်မာအသင်းသည် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းသည် အာရှ ယူ-၁۶ ခြေစစ်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့မှ နီပေါနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၅ ဦးမှ ငါးဦး လျှော့ချကာ ၂၀ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါက်တာအောင်ကျော်ဦး၊ နည်းပြချုပ်- ဒေါ်စန်းစန်းသိန်း၊ နည်းစနစ်အကြံပေး- ဦးအေးမောင်ကြီး၊ လက်ထောက်နည်းပြ- ဒေါ်နွယ်နွယ်တိုး၊ ဂိုးနည်းပြ- ဒေါ်မေခင်ယမင်း၊ ဂိုး- စိမ်းလတ်လတ်ဦး၊ ပိုးဥ၊ ခင်မြတ်မိုး၊ နောက်တန်း- ဖူးဖူးဇင်ဇော်၊ မေသွေးကို၊ မေသက်မွန်မြင့်၊ လာအဲဝါ၊ ရတနာဦး၊ အလယ်တန်း- ကေကေ၊ ဝေဖူးအိမ်၊ ဝင်းဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဆုန်နှင်းဖွေး၊ ဇင်မာထွေး၊ ဖြူဖြူဝင်း၊ ရှေ့တန်း- မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ထက်ထက်ဝင်းနှင့် ဂျူလိုင်ချာတို့ ပါဝင်ကြသည်။

ရွှိုင်းထက်ဇော်

ကချင်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

ကချင်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးဖုန်ဆန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညဦးတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကချင်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးဖုန်ဆန်း

ယုံကြည်ချက်

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ကျွန်ုပ်တို့၏ နိုင်ငံတော်ကို ပင်လုံစိတ်ဓာတ်နှင့်အညီ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စနစ်ဖြင့် တည်ဆောက်၍ တိုင်းရင်းသားများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်သူများအားလုံး အချင်းချင်း ယုံကြည်မှုရှိခြင်း၊ တန်းတူအခွင့်အရေးရရှိခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီ စနစ်ကျင့်သုံးခြင်းနှင့် မွေးရာပါလူ့အခွင့်အရေး အပြည့်အဝရရှိခြင်းတို့ကို ခံစားနိုင်ခွင့်ရှိမှသာ ထာဝရငြိမ်းချမ်းသာယာဝပြောရှိ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ ဖြစ်လာမည်။ ကချင်ပြည်နယ်သည်လည်း အထက်ပါ အချက်အလက်များနှင့် ပြည့်စုံပြီး ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးအချင်းချင်း လူမျိုးဘာသာမခွဲခြားဘဲ သွေးစည်းညီညွတ်ကြလျက် ပြည်နယ်၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကောင်းကျိုးအဖြာဖြာ ပေါ်ထွန်းလာရေးအတွက် လက်တွဲဆောင်ရွက်ကြမည်ဆိုပါလျှင် သာယာဝပြောသော ပြည်နယ်တစ်ခုအဖြစ် ပေါ်ထွန်းလာနိုင်မည်ဟု ကချင်ဒီမိုကရက်တစ်ပါတီက အခိုင်အမာ ယုံကြည်သည်။

ပါတီ၏အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-

KDP ပါတီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအချက်(၄)ချက် အပေါ် အခြေခံထားသည်။

(၁) ကချင်ဒီမိုကရက်တစ်ပါတီသည် ပြည်သူလူထုအားလုံးကို ကိုယ်စားပြုထားသော ပါတီဖြစ်သည်။

(၂) ကချင်အမျိုးသားများနှင့် ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး ပါဝင်နိုင်ရေးကို ရည်ရွယ်ပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ တန်းတူရည်တူ၊ တရားမျှတမှုကို အခြေခံသော ကချင်ဒီမိုကရက်တစ်ပါတီဖြစ်သည်ဟု ခံယူပါသည်။

(၃) ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်သည်။

(၄) ကချင်ပြည်နယ်တွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီ၏မူဝါဒ

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ-

နိုင်ငံရေးပါတီတစ်ရပ်တွင် ပြည်သူလူထု၏ လူမှုဘဝနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူသည်။ ပါတီ၏ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့မှုများကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်၌ လက်ရှိအချိန်အခါ အခြေအနေနှင့် သဟဇာတဖြစ်အောင် ပြုမူဆောင်ရွက်၍ ကောင်းမွန်တိုးတက်အောင်မြင်သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်ရန် ဖြစ်သည်။ သို့ဖြစ်၍ KDP ပါတီသည် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်သည်။

(က) ပါတီ၏ နိုင်ငံရေးခံယူချက်

(၁) ကျွန်ုပ်တို့ ကချင်ဒီမိုကရက်တစ်ပါတီသည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောရန် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး သည် မရှိမဖြစ် လိုအပ်သည်ဟု ခံယူသည်။ ထို့ကြောင့် ပြည်တွင်း ငြိမ်းချမ်းရေး အပြည့်အဝရရှိရန် တက်ကြွစွာ အားပေးပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပြည့်အဝရရှိလာရန် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမည်။

(၃) ဒီမိုကရေစီကျင့်စဉ်သည် လူအများစု၏ ဆန္ဒသဘောထားအပေါ် အခြေခံ၍ လူနည်းစုဆန္ဒသဘောထားကို လေးစားသော (Majority Rule And Minority Right) အုပ်ချုပ်ရေးစနစ်ဖြစ်သဖြင့် နိုင်ငံနှင့်အဝှမ်းတွင် ဒီမိုကရေစီကျင့်စဉ် အပြည့်အဝ ထွန်းကားလာရန် တွန်းအားပေးဆောင်ရွက်သွားမည်။

(၄) ပြည်ထောင်စုအကျိုးနှင့် ပြည်နယ်အကျိုးကို ဝိုင်းဝန်းသယ်ပိုးရာတွင် အခြားသော နိုင်ငံရေးပါတီများနှင့် ရင်းနှီးပွင့်လင်းစွာ သဟဇာတဖြစ်အောင် လက်တွဲဆောင်ရွက်သွားမည်။

(၅) ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာမည်ဆိုပါက တွေ့ဆုံဆွေးနွေး၍ ဖြေရှင်းသောနည်းနာကို ကျင့်သုံးသွားမည်။

(၆) လူသားတိုင်း၏ မွေးရာပါ အခြေခံလူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ဆောင်ရွက်သွားမည်။

(၇) လူနည်းစုများ၏ အခွင့်အရေးများကို ဥပဒေဘောင်အတွင်းမှ ကာကွယ်စောင့်ရှောက်ပေးသွားမည်။

(ခ) ပါတီ၏ စီးပွားရေးခံယူချက်

(၁) လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ် (Free Marketing System) ကို ထောက်ခံအားပေးသွားမည်။

(၂) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီသော သိပ္ပံနည်းစနစ်များဖြင့် အစားထိုးအသုံးပြုနိုင်ရန် အားပေးမြှင့်တင်သွားမည်။

(၃) ပုံမှန်ကူးသန်းရောင်းဝယ်ရေး (Normal Trade) ကို အားပေးမြှင့်တင်သွားမည်။

(၄) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ သယံဇာတများကို စနစ်တကျ တူးဖော်သုံးစွဲရေးမူကို အားပေးထောက်ခံသွားမည်။

(၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုရှင်သန်တိုးတက်လာအောင် အားပေးမြှင့်တင်သွားမည်။

(၆) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ငန်းများကို အားပေးမြှင့်တင်သွားမည်။

(၇) ဌာနေ/ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာရေးကို အားပေးသွားမည်။

(၈) စီးပွားရေးလုပ်ငန်းသစ်များကို ရှာဖွေဖော်ထုတ်ရာ၌ အားပေးကူညီဆောင်ရွက်သွားမည်။

(ဂ) ပါတီ၏ လူမှုရေးအခန်းကဏ္ဍ

(၁) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်။

(၂) ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော စား၊ ဝတ်၊ နေရေးဖူလုံရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရန် ဆောင်ရွက်သွားမည်။

(၃) ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးနှင့် စာရိတ္တကောင်းမွန်ရေး ဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားမည်။

(၄) ခေတ်မီတိုးတက်သော ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၅) တရားမျှတသော ဥပဒေပေါ်ပေါက်၍ ယင်းဥပဒေကို လူတိုင်းလေးစားလိုက်နာရေးနှင့် လူတိုင်း ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်သွားမည်။

(၆) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၊ စာပေနှင့် ယဉ်ကျေးမှုအနုပညာများကို အားပေးမြှင့်တင်သွားမည်။

ပါတီ၏ရှေ့လုပ်ငန်းစဉ်

(၁) ကချင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောသည့် ပြည်ထောင်စု၏ ခိုင်မာသော ပြည်နယ် တစ်ခုဖြစ်လာရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ကချင်ပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားများ အားလုံး စည်းလုံးညီညွတ်စွာ အေးအတူပူအမျှ ပေါင်းဖက်နေထိုင်သွားနိုင်ရန် အမျိုးသားရင်ကြားစေ့ရေးကို မဖြစ်မနေ တည်ဆောက်သွားမည်။

(၃) ကချင်ပြည်နယ်တွင် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုပီပြင်ရှင်သန်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) စီးပွားရေးကဏ္ဍကို အထက်တွင်ဖော်ပြခဲ့သော ပါတီ၏ခံယူချက်ပါအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၅) ပါတီ၏ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ

ကချင်ပြည်နယ်၏ဒေသဖွံ့ဖြိုးရေးအတွက် အောက်ပါလုပ်ငန်းများကို အဓိကအားပေးလုပ်ဆောင်သွားမည်။

(က) လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် အားပေးမြှင့်တင်သွားမည်။

(ဂ) လျှပ်စစ်စွမ်းအားဖူလုံရေးကို အားပေးမြှင့်တင်သွားမည်။

(ဃ) ပညာရေးကဏ္ဍ၌ မူလတန်းအဆင့်အထိ အခမဲ့မသင်မနေရ ပညာရေးစနစ်ကို ပြဋ္ဌာန်းကျင့်သုံးရန်နှင့် တိုင်းရင်းသားစာပေများကို အစိုးရကျောင်းများ၌ တရားဝင်သင်ကြားခွင့်ရှိရမည်။

(င) ကျန်းမာရေးကဏ္ဍ၌ ဆေးရုံဆေးပေးခန်းများကို ဒေသအနှံ့တည်ဆောက်ပေး၍ လိုအပ်သော ဝန်ထမ်းများ၊ ဆေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို လုံလောက်စွာ ခန့်ထားဖြည့်ဆည်းပေးရမည်။

(၆) ကချင်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ အားပေးဆောင်ရွက်သွားမည်။ သစ်တောနှင့် မြစ်ချောင်းအင်းအိုင်များကို မပျက်စီးရန် ထိန်းသိမ်းထားရမည်။ အထူးသဖြင့် ဧရာဝတီမြစ်ကို နဂိုမူလအတိုင်း သဘာဝအလျောက် ဆက်လက်စီးဆင်းနိုင်အောင် ကာကွယ်ထိန်းသိမ်းရမည်။

(၇) အခြားနိုင်ငံရေးပါတီများနှင့် နားလည်မှုရှိစွာ ဆက်ဆံသွားမည်။ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် မည်သည့် တရားဝင်အဖွဲ့အစည်းနှင့်မဆို လက်တွဲဆောင်ရွက်သွားမည်။

(၈) တောင်သူလယ်သမားရေးရာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားမည်။ မတရားသိမ်းပိုက်ယူခြင်းများရှိခဲ့လျှင် ဥပဒေကြောင်းဖြင့် တရားနည်းလမ်းကျစွာ ဖြေရှင်းပေးရမည်။ တောင်သူလယ်သမားများသည် မိမိပိုင်လယ်ယာမြေများတွင် လွတ်လပ်စွာ စိုက်ပျိုးမွေးမြူပြီး ထုတ်လုပ်သည့် သီးနှံ၊ သား၊ ငါးတို့ကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲသွားနိုင်ရန် မြှင့်တင်သွားရမည်။

(၉) အလုပ်သမားရေးရာနှင့်ပတ်သက်၍ အလုပ်သမားများ လုပ်ငန်းခွင်တွင် လွတ်လပ်၊ တက်ကြွ၊ ပျော်ရွှင်စွာ လုပ်ကိုင်နိုင်စေရမည်။ အလုပ်သမားများအတွက် သက်သာချောင်ချိရေးကို စနစ်တကျ ဆောင်ရွက်ပေးရမည်။ မိမိတို့၏ လုပ်အားအပေါ် ရပိုင်ခွင့်နှင့် ခံစားခွင့်အပြည့်အဝ ရရှိစေရမည်။ လုပ်ငန်းခွင်၌ တရားမျှတမှု ရှိစေရမည်။ လုပ်ငန်းခွင် စည်းကမ်းလိုက်နာထိန်းသိမ်းသော လုပ်သားကောင်းများကို မွေးထုတ်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးသွားမည်။

ဒုံးလက်နက်ပစ်ခတ်နိုင်သော ရေငုပ်သင်္ဘော် တောင်ကိုရီးယား၌ တပ်တော်ဝင်အခမ်းအနား ကျင်းပ

ဆိုးလ် စက်တင်ဘာ ၁၄

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော ဒုံးလက်နက်ပစ်ခတ်နိုင်စွမ်းရှိသော ရေငုပ်သင်္ဘောကို စက်တင်ဘာ ၁၄ ရက်တွင် တပ်တော်ဝင် အခမ်းအနားဖြင့် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်ဒေါ်လာ သန်း ၇၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သော အဆိုပါရေငုပ်သင်္ဘောကို ဒိုဆန်အန်းချန်းဟိုဟူ၍ အမည်ပေးထားသည်။ တန်ချိန် ၃၀၀၀ ရှိ ယင်းရေငုပ်သင်္ဘောသည် ခရူဇီဒုံးကျည်ကိုရော ပဲ့ထိန်းဒုံးကျည်ကိုပါ ပစ်ခတ်နိုင်စွမ်းရှိသည်။ လာမည့် ငါးနှစ်တာကာလအတွင်း တောင်ကိုရီးယားတပ်မတော်တွင် ဖြန့်ကြက်ရန် စီစဉ်ထားသော ဒီဇယ်-လျှပ်စစ် စစ်ရေယာဉ်သုံးစင်းအနက် ပထမဆုံး တည်ဆောက်ခဲ့သည့် ရေငုပ်သင်္ဘော ဖြစ်သည်။

အဆိုပါရေငုပ်သင်္ဘော ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် တည်ဆောက်ခြင်းတို့အတွက် တာဝန်ယူဆောင်ရွက်ခဲ့သော ဒေါ်လူးသင်္ဘောကျင်း၌ တပ်တော်ဝင် အခမ်းအနားပြုလုပ်ခဲ့ရာတွင် သမ္မတ မွန်းဂျယ်အင်း တက်ရောက်ခဲ့သည်။

မိမိတို့နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းတွင် တိုးတက်အောင်မြင်မှုရရှိနေပုံကို ဖော်ကျူးသည့်အနေဖြင့် ဒုံးလက်နက်ပစ်ခတ်နိုင်စွမ်းရှိသော ရေငုပ်သင်္ဘောကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း သမ္မတ မွန်းကပြောကြားသည်။

စစ်အင်အားခိုင်မာတိုးတက်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရေးဟူသည် မိမိတို့အစိုးရအဖွဲ့၏ မပြောင်းလဲသော လုံခြုံရေးမဟာဗျူဟာတစ်ရပ်ပင်ဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

အဏုမြူလက်နက်ပိုင်ဆိုင်သော မြောက်ကိုရီးယားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား မကြာသေးမီကာလမှစ၍ သံတမန်ရေးအရ ပြန်လည်နွေးထွေးလာချိန်တွင် ရေငုပ်သင်္ဘောသစ် တပ်တော်ဝင်အခမ်းအနားကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတမွန်းသည် လာမည့် ရက်သတ္တပတ်တွင် ပြုံယမ်းမြို့တော်သို့ သွားရောက်မည်ဖြစ်ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ထားသည်။ **အေအက်ဖ်ပီ**

ဘော်စတွန်မြို့မြောက်ပိုင်း အရပ်ဒေသများတွင် ဓာတ်ငွေ့ပေါက်ကွဲပြီး မီးလောင်မှုများ ဖြစ်ပွား

နယူးယောက် စက်တင်ဘာ ၁၄

အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့ မြောက်ဘက်ရှိ မြို့ငယ်များ၌ စက်တင်ဘာ ၁၃ ရက်တွင် ဓာတ်ငွေ့ပေါက်ကွဲပြီး မီးလောင်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဆယ်ကျော်သက်ကလေးငယ်တစ်ဦး သေဆုံးပြီး ၁၀ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ၍ ဒေသခံပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်သည်။

ဘော်စတွန်မြို့မြောက်ဘက် မြို့ငယ်များ၏ ဝေဟင်အတွင်း မီးခိုးလုံးများ လွှမ်းခြုံလျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားသည့်နေရာ ၇၀ အထိရှိပြီး အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ မြို့ငယ်များဖြစ်ကြသော လောရင့်စ်၊ အင်ဒိုဗာနှင့် အင်ဒိုဗာမြောက်ပိုင်းတို့ ပါဝင်သော ကျယ်ပြန့်လှသည့် ဇုန်နယ်မြေအတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ကာ ဓာတ်ငွေ့အနံ့ စူးစူးရှရှ ပေါ်ထွက်နေကြောင်း မက်ဆာချူးဆက်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အေအက်ဖ်ပီ

အမေရိကန်ပြည်ထောင်စုတွင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်လျက်ရှိ

ဝါရှင်တန် စက်တင်ဘာ ၁၄

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်တွင် အားပြင်းသော ဟာရီကိန်းမုန်တိုင်း တိုက်ခတ်လျက်ရှိရာ မြေပြိုမှုများ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်ဟု မိုးလေဝသတာဝန်ရှိသူများက သတိပေးပြောကြားထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်းဖလော်ရန့်စ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး အနောက်မြောက်ဘက်အတိုင်း ရွှေ့လျားတိုက်ခတ်လျက်ရှိကြောင်း အမေရိကန်မိုးလေဝသတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟာရီကိန်းမုန်တိုင်း ဖလော်ရန့်စ်သည် တစ်နာရီ ၁၄၄ ကီလိုမီတာ (၈၉ မိုင်)နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။ ဝါရှင်တန်ဒီစီနှင့် မြောက်နှင့်တောင် ကာရိုလိုင်းနားပြည်နယ်များအပါအဝင် ပြည်နယ်ငါးခုအတွင်း မုန်တိုင်းအရေးပေါ်အခြေအနေကြေညာထားကြောင်း သိရသည်။ ပြည်သူတစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီးဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်ပေါင်း ၁၀၀၀၀၀ ကျော် လျှပ်စစ်မီးပေးဝေမှု ယာယီဖြတ်တောက်ထားကြောင်း ဒေသန္တရမီဒီယာများက သတင်းရေးသားဖော်ပြကြသည်။

လွန်ခဲ့သောနှစ်က တိုက်ခတ်ခဲ့သော အားပြင်းသော ဟာရီကိန်းမုန်တိုင်းများကြောင့် တက္ကဆက်နှင့် ပွယ်တိုရီကို ပြည်နယ်များတွင် ဒေသခံပြည်သူအများ အပြားသေဆုံးခဲ့ပြီးနောက် ယခုနှစ် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုအခြေအနေကို အမြင့်ဆုံးအဆင့် သတ်မှတ်ထားသည်ဟု မိုးလေဝသတာဝန်ရှိသူများက ဆိုသည်။

အင်နိုအိတ်ချ်ကေ

လကမ္ဘာဝန်းကျင် ခရီးစဉ်ပို့ဆောင်ပေးမည့်အစီအစဉ် စပေ့စ်အိပ်စ်ကုမ္ပဏီ ထုတ်ပြန်ကြေညာ

ဝါရှင်တန် စက်တင်ဘာ ၁၄

နက်ရှိုင်းသော အာကာသအတွင်းပိုင်းသို့ ခရီးသည်များ တင်ဆောင်သွားနိုင်ရန် ပုံစံပြုထုတ်လုပ်ထားသည့် အကြီးစားဒုံးယာဉ်ကို အသုံးပြုကာ လကမ္ဘာဝန်းကျင်သို့ ခရီးသွားများအား ပို့ဆောင်ပေးမည့် အစီအစဉ်သစ်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် စပေ့စ်အိပ်စ်ကုမ္ပဏီက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ အဆိုပါခရီးစဉ်တွင် အသုံးပြုမည့် ဒုံးယာဉ်မှာ Big Falcon Rocket (BFR) ဟုအမည်ရှိသည့် ဒုံးယာဉ်ဖြစ်သည်။

စပေ့စ်အိပ်စ်ကုမ္ပဏီသည် လကမ္ဘာဝန်းကျင်သို့ သွားရောက်လိုသည့် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကခရီးသွားတစ်ဦးအား (BFR)ဒုံးယာဉ်ဖြင့် တင်ဆောင်ပို့သန်းသွားရန် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ယင်းခရီးစဉ်သည် အာကာသအတွင်း ခရီးသွားလိုသူတိုင်း၏ စိတ်ကူးအိပ်မက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း စပေ့စ်အိပ်စ်ကုမ္ပဏီ၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။

ယင်းခရီးစဉ်အစီအစဉ်နှင့်ပတ်သက်၍ စပေ့စ်အိပ်စ်ကုမ္ပဏီက အသေးစိတ် ထုတ်ပြန်ခြင်းမရှိသော်လည်း စက်တင်ဘာ ၁၇ ရက်နောက်ပိုင်းတွင် သတင်းထုတ်ပြန်မှုများ ပြုလုပ်မည်ဟု ဆိုသည်။

လကမ္ဘာဝန်းကျင်သို့ ခရီးသွားများပို့ဆောင်ပေးမည်ဟူသော စပေ့စ်အိပ်စ်ကုမ္ပဏီ၏ ကြေညာချက်သည် ပထမဆုံးအကြိမ် ပေါ်ထွက်လာခြင်း မဟုတ်ပေ။ တဲလ်ဆာလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်နှင့် အင်တာနက် စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် အယ်လွန်မက်စ် ဦးဆောင်သော စပေ့စ်အိပ်စ်ကုမ္ပဏီသည် လကမ္ဘာဝန်းကျင်သို့ ခရီးသွားများပို့ဆောင်ပေးမည့် အစီအစဉ်များရှိကြောင်း လွန်ခဲ့သည့်နှစ်ဖေဖော်ဝါရီလအတွင်း ကြေညာခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် ကမ္ဘာ့ပထမဆုံး အာကာသခရီးသွားနှစ်ဦးအား လကမ္ဘာဝန်းကျင်သို့ ပို့ဆောင်ပေးမည်ဟု စပေ့စ်အိပ်စ်ကုမ္ပဏီက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကြေညာချက်ထုတ်ပြန်ခဲ့ဖူးသည်။

ယင်းအစီအစဉ်အရ အာကာသခရီးသွားများသည် "နဂါးယာဉ်"ဟု ခေါ်တွင်သည့်ယာဉ်ဖြင့် လိုက်ပါရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ရာတွင် အသုံးပြုသော အာကာသယာဉ်နှင့် အလားသဏ္ဌာန်တူသည့်ယာဉ်ဖြစ်ကြောင်း၊ အဆိုပါယာဉ်ကို အကြီးစားဖဲလ်ကွန်ဒုံးယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ အာကာသခရီးစဉ်တွင် လိုက်ပါမည့် ခရီးသွားများ၏အမည်နှင့် နိုင်ငံသားအမည်အပါအဝင် ခရီးစဉ်အတွက် ငွေကြေးကုန်ကျစရိတ် မည်မျှကျသင့်မည်တို့ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အေအက်ဖ်ပီ

❍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ

အာလူးထည့်သွင်းကျွေးမွေးနိုင်ရေး လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာလူးသီးနှံအား ယခင်ကတည်းကစိုက်ပျိုးခဲ့ပြီး ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိရကြောင်း၊ စျေးကွက်က လက်ခံနိုင်သည့် အာလူးမျိုးများအား စိုက်ပျိုးထုတ်လုပ်နိုင်ပါက ပိုမိုအကျိုးဖြစ် ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မျိုး၊ နည်း၊ မြေ၊ ရေ ဆိုသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေးနှင့် ရေလုံလောက်စွာရရှိရေးတို့သည် အရေးကြီးကြောင်း၊ မျိုးရွေးချယ်ရာတွင် ဒေသနှင့်ကိုက်ညီပြီး စျေးကွက်ဝင်သည့်မျိုးဖြစ်ရန်လိုအပ်ကြောင်း၊ လက်တွေ့စိုက်ပျိုးထုတ်လုပ်နေသူများ၏ တင်ပြချက်များအရ အာလူးတစ်ဧကလျှင် မျိုးပိသာချိန် ၁၀၀၀ ခန့် သုံးစွဲရသည်ဟုသိရကြောင်း၊ တစ်ဧကခွဲ ၎င်းထက် ပိုမိုဝင်ဆံ့အောင်စိုက်ပျိုးနိုင်ပါက အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု အကြံပြုလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြေကိုအကျိုးရှိရှိအသုံးချနိုင်ရန်အတွက် ဓာတ်မြေဩဇာများ အသုံးပြုနေသည့်အစား သဘာဝဓာတ်မြေဩဇာကို ပိုမိုသုံးစွဲစေလိုကြောင်း၊ ထိုသို့သုံးစွဲနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်ခြင်းဖြင့် သဘာဝဓာတ်မြေဩဇာရရှိရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ အာလူးစားသုံးမှုနှင့်ယှဉ်ပါက ပြည်တွင်း၌အာလူးစားသုံးမှုနည်းပါးနေသဖြင့် စျေးကွက်ပြန့်ပွားရေး၊ စားသုံးမှု များပြားရေးပညာပေးဆောင်ရွက်သွားပါက အာလူးသည် မြန်မာ့အဓိက ထွက်ကုန်တစ်မျိုးပင် ဖြစ်လာနိုင်မည်ဟု ယုံကြည်ကြောင်း၊ စနစ်တကျစိုက်ပျိုးပါက ယခင်ကပြည်ပသို့ တင်ပို့ခဲ့သည့်နည်းတူ ပြည်ပပို့ကုန်အဖြစ်မျှော်မှန်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အာလူးစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် "တစ်မူးရှိလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တုနိုင်ရိုးလား" ဆိုသည့်အတိုင်း ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသထွက်အာလူးများကို ကြည့်ရှုပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသည့် အာလူးစိုက်တောင်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နိုင်ပွဲကိုယ်စီရပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာ

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့ကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

ရှမ်းယူနိုက်တက် - နှစ်ဝိုး

ရခိုင် - ဝိုးမရှိ

ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ရန်နှင့် ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဝီလျံနှင့် လီဟန်ကွတ်တို့ သွင်းယူသည့် ဝိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းကို တစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး ပုံစံကောင်းမပြနိုင်သည့် ရခိုင်အသင်းကြောင့် ရှမ်းယူနိုက်တက်အသင်း အခွင့်အရေးပိုရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစလေးမိနစ်တင် ဝီလျံ၏ ခေါင်းတိုက်ဝိုးကြောင့် အဖွင့်ဝိုးစောစီးစွာရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဝိုးရပြီးနောက်ပိုင်းတွင် ဆက်လက် ဖိကစားနိုင်သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေ၍ ဝိုးထပ်မရခဲ့ဘဲ ရခိုင်အသင်းမှာလည်း တိုက်စစ်မျှားဆန်းဒေးနှင့် ကွင်းလယ်ကစားသမား အချိတ်အဆက်မမိသောကြောင့် ချေပဝိုးပြန်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဝိုးထပ်ရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ၆၇ မိနစ်တွင် ကွင်းလယ်လူ လီဟန်ကွတ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဒုတိယဝိုးရယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံးဝိုးထပ်ရရန် ကြိုးစားသော်လည်း ဝိုးထပ်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ ယခုပွဲမှာ ရခိုင်အသင်း၏ အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ရခိုင်အသင်းက ရန်ကုန်မြို့သို့ ပြောင်းလဲကစားရန် တောင်းဆိုခဲ့သောကြောင့် သုဝဏ္ဏကွင်း၌ ကျင်းပခြင်းဖြစ်သည်။

ပဲခူးကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ နှစ်ဝိုးစီသရေကျခဲ့သည်။ ရတနာပုံအသင်းအတွက် ၂၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရဲကိုဦး၊ ၆၃ မိနစ်တွင် ဝင်းနိုင်စိုးတို့က ဦးဆောင်ဝိုးများ နှစ်ကြိမ်တိုင်သွင်းယူခဲ့ပြီး ဟံသာဝတီအသင်းအတွက် ချေပဝိုးများကို ဂျိုးဇက်က ၄၄၊ ၉၀+၈ မိနစ်တွင် သွင်းယူခဲ့ကာ ဒုတိယဝိုးမှာ ပင်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို လေးဝိုး-တစ်ဝိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် တိုက်စစ်မျှားဆယ်လာ၏ ဟက်ထရစ်ဖြင့် နိုင်ပွဲပြန်ရကာ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက်ဝိုးများကို ၂၊ ၄၊ ၂၄ မိနစ်တွင် ဆယ်လာက သွင်းယူပြီး ၆ မိနစ်တွင် ရရှိသည့် တတိယဝိုးမှာ မြဝတီအသင်းမှ အောင်ကျော်သူ ကိုယ့်ဝိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် ချေပဝိုးကို ၄၁ မိနစ်တွင် ရဲဝေယံစိုးက သွင်းယူခဲ့သည်။

သတင်း-ရွှင်းထက်ဇော်

ဓာတ်ပုံ-စိုးညွန့်

ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်း ယှဉ်ပြိုင်နေစဉ်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း စက်တင်ဘာ ၁၇ ရက်တွင် စတင်လေ့ကျင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ပြီးခဲ့သည့်ရက်ပိုင်းက ဖွဲ့စည်းလိုက်ပြီး ကစားသမား ၂၂ ဦး ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပြီး တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲ ငါးပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့ဖူဆယ်အသင်းတွင် ကစားသမားသစ်အချို့ ရွေးချယ်ခံခဲ့ရသည်။

မြန်မာအမျိုးသားဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ်-ဦးဌေးမြင့်၊ လက်ထောက်နည်းပြ-ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ်၊ ဂိုး-ဇွဲပြည့်စုံ(GV Athletic)၊ ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း(MIC)၊ ဇော်မျိုးထိုက်(VUC)၊ ကစားသမား-ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင်-၂၊ ခင်ဇော်လင်း၊ ပြည့်ဖြိုးမောင်-၃၊ လှိုင်မင်းထွန်း၊ ကိုကိုလွင်(MIC)၊ သန့်ဇင်၊ ကောင်းချစ်သူ(GV Athletic)၊ မျိုးမြင့်စိုး၊ စိုင်းပြိုးအောင်၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး (VUC)၊ မင်းဟိန်းထက်(PU)၊ ရဲရင့်ဦး(မြို့မ)နှင့် ပုည(Comrade) တို့ပါဝင်ကြသည်။

ရွှင်းထက်ဇော်

❖ ရေလှောင်တမံမှ

ရုံးများ၊ ထိန်းသိမ်းရေးရုံးများ၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဘူမိဗေဒဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဇလဗေဒဌာနခွဲ၊ လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ စက်မှုဌာနခွဲ စသည့်ဌာနခွဲများမှ ပညာရှင်များပါဝင်ကြောင်း သိရသည်။

ဌာနတွင်းပညာရှင်များပါသည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ရေလှောင်တမံများ ရေရှည်လုံခြုံစိတ်ချရရေးအတွက် အမြင့်ဆုံး ဖြစ်ပေါ်လာနိုင်သည့် ရေကြီးချိန်ရေစီးနှုန်းများကို စူးစမ်းလေ့လာတွက်ချက်ပြီး ရရှိလာသည့် အချက်အလက်ပေါ်မူတည်၍ လက်ရှိ ရေပိုလွှဲများမှ နိုင်နင်းစွာလွှဲထုတ်နိုင်ခြင်း ရှိ၊ မရှိနှင့် အကူရေပိုလွှဲများထပ်မံတည်ဆောက်ရန်လို၊ မလိုစသည်တို့ကိုလေ့လာဆန်းစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြေငလျင်လှုပ်ခတ်ခဲ့မှုမှတ်တမ်းများအရ ရေလှောင်တမံများ၊ ရေပိုလွှဲများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှု ရှိ၊ မရှိစသည့် အချက်များကိုလည်း ဆန်းစစ်လေ့လာပြီးလိုအပ်သည့် ပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုစစ်ဆေးတဲ့အဖွဲ့တွေက လတ်တလောစစ်ဆေးတွေ့ရှိချက်တွေကို တစ်လအတွင်း ရုံးချုပ်ကို ပြန်လည်တင်ပြသွားမယ်။ သက်ဆိုင်ရာဌာနခွဲတွေက ပညာရှင်တွေ စုစည်းပြီး စစ်ဆေးတာဖြစ်တဲ့အတွက် စစ်ဆေးတွေ့ရှိချက်တွေကို အခြေခံပြီးတော့ ထပ်မံစစ်ဆေးဖို့လိုအပ်တဲ့ လုပ်ငန်းတွေကိုအသေးစိတ် ထပ်မံစစ်ဆေးသွားမှာ ဖြစ်ပါတယ်။ အခုလိုစစ်ဆေးတာဟာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတွေကို အသုံးချပြီးစစ်ဆေးတာ ဖြစ်တဲ့အတွက် ပြည်သူတွေ သိဖို့လိုအပ်တဲ့ သတင်းမျိုးဆိုရင်တော့ ထုတ်ပြန်ပေးသွားမှာပါ"ဟု ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကြည်ဝေက ပြောသည်။

ထို့အတူ ဆွာချောင်းတမံ၏ ရေပိုလွှဲထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အကြောင်းအရင်းကို ပြည့်စုံစွာ သိရှိနိုင်ရန်အတွက် မြန်မာနှင့်နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် လေ့လာဆန်းစစ်မှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း အဆိုပါ ကျွမ်းကျင်ပညာရှင်အဖွဲ့၏ လေ့လာဆန်းစစ်မှုများအရ ထွက်ပေါ်လာမည့်သုံးသပ်အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သတင်း-မင်းသစ်(MNA)

ဓာတ်ပုံ-ကောင်းမြတ်

(၄၇)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၁၄

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲကို ကမ္ဘာ့စာပို့တိုက် သမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အသက်(၁၅)နှစ်နှင့်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ "Imagine you are a letter travelling through time. What message do you wish to convey to your readers?" ဟူသော ခေါင်းစဉ်ပေးပို့လာပြီး မြန်မာနိုင်ငံ အနေဖြင့်(ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်တွင် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၈၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(၄၇) ကြိမ်မြောက် အသက်(၁၅)နှစ်နှင့် အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး အထက(၁) မြောင်းမြမြို့ အဌမတန်းမှ မဆုနှင်းထွန်ကလည်းကောင်း၊ ဒုတိယဆုကို နေပြည်တော် CAE ကိုယ်ပိုင် အထက်တန်းကျောင်း နဝမတန်းမှ မအေးချမ်းမိုးကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း) အထက(၁)(ဗထူး)ရပ်စောက်မြို့ နဝမတန်းမှ မောင်ရဲရင့်ဖုန်းတို့က လည်းကောင်း အသီးသီးဆွတ်ခူးရရှိကြောင်း ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၉ ရက် ကမ္ဘာ့စာပို့တိုက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) စုပေါင်းခန်းမတွင် ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စမ်းချောင်းမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ကားလမ်းရေကျော်မှုပြစ်ဖွား

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းမပေါ်တွင် ယနေ့ ၁၂ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းမနှင့်နီးစပ်ရာ ခြံဝန်းများအတွင်းရေကျော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကျော်မှုကြောင့် ဗဟိုလမ်းမပေါ်တွင် တစ်ပေကျော်ခန့် ရေမြင့်တက်မှုရှိပြီး ဖြတ်သန်းသွားလာသောသူများအား စည်ပင်ဝန်ထမ်းများက အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ ကားလမ်းများ ပိတ်ဆို့မှုဖြစ်ပွားသဖြင့် သက်ဆိုင်ရာ ယာဉ်ထိန်းရဲများက လမ်းများ ရှင်းလင်းပေးနေကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၁၈ ခုနှစ်(ဧပြီလမှ သြဂုတ်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၅၁၇၃ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀၉၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၈ ခုနှစ်(ဧပြီလမှ သြဂုတ်လထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၅၄ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၁၉ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၁၇၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီမှ သြဂုတ်လထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၇၆ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၀၅ သန်းဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၀၈၁ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၁၅၇၈ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၅၁၄ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၉၂ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

တန်ဖိုး-ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ သြဂုတ်လထိ) (ယာယီ)	၂၀၁၇ (ဧပြီလမှ သြဂုတ်လထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	လယ်ယာထွက်ပစ္စည်း	၁၁၀၉. ၂၆၇	၁၂၉၅. ၃၃၁	-၁၈၆. ၀၆၄
၂	တိရစ္ဆာန်ထွက်ပစ္စည်းများ	၁၄၂. ၈၇၀	၆. ၀၅၆	၁၃၆. ၈၁၄
၃	ရေထွက်ပစ္စည်းများ	၂၄၁. ၉၆၇	၂၂၉. ၈၆၅	၁၂. ၁၀၂
၄	သတ္တုတွင်းထွက်ပစ္စည်း	၈၀၈. ၄၃၂	၄၅၃. ၃၀၃	၃၅၅. ၁၂၉
၅	သစ်တောထွက်ပစ္စည်း	၇၉. ၆၃၃	၉၄. ၆၉၁	-၁၅. ၀၅၈
၆	စက်မှုကုန်ချောပစ္စည်း	၃၇၉၆. ၁၂၀	၂၇၀၈. ၆၉၆	၁၀၈၇. ၄၂၄
၇	အခြားပစ္စည်းများ	၈၇၅. ၉၂၆	၆၈၇. ၉၀၄	၁၈၈. ၀၂၂
	စုစုပေါင်း	၇၀၅၄. ၂၁၅	၅၄၇၅. ၈၄၆	၁၅၇၈. ၃၆၉

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ သြဂုတ်လထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၁၉ သန်းရှိပြီး ယခင်နှစ် ကာလတူ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၀၅ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ သြဂုတ်လထိ) (ယာယီ)	၂၀၁၇ (ဧပြီလမှ သြဂုတ်လထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ	၂၇၈၄. ၉၈၃	၂၇၅၆. ၈၁၈	၂၈. ၁၆၅
၂	လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ	၃၁၆၄. ၃၁၇	၂၉၆၉. ၁၄၈	၁၉၅. ၁၆၉
၃	လူသုံးကုန်ပစ္စည်းများ	၂၁၆၉. ၂၃၅	၁၈၇၈. ၉၈၇	၂၉၀. ၂၄၈
	စုစုပေါင်း	၈၁၁၈. ၅၅၅	၇၆၀၄. ၉၅၃	၅၁၃. ၅၈၂

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၄ စီး၊ သွင်းကုန် ၆၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၉၄ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၄၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၉၇ သန်းခန့်) စုစုပေါင်းတားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၄၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က AD Van ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ် တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Screw ငါးဖာ၊ မြက်ရိတ် လက်ဆွဲကာဘာအုံ ၁၉ဖာ၊ ကျင်တွယ်(လက်သမားသုံး) ၂၆ ဖာ၊ ပိုက်ဝိုက်ကြီး ၁၀ ဖာ၊ ဝူချူးဓား(ဓားမောက်+ နှစ်ဖက်သွား) ကိုးခုနှင့် Hunting Rifle Scope (Sport & Recreational Optics) ၁၀ ခု(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၄၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိခဲ့၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်-ပြည်ကားလမ်း ဥက္ကံရွာမအနီး ခရီးသည်တင်ယာဉ်နှင့် ထော်လာဂျီယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေ၊ ရှစ်ဦး ဒဏ်ရာရ

တိုက်ကြီး စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံကျေးရွာ မိုင်တိုင်အမှတ် ၆၃/၇ အနီးတွင် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်နှင့် နှစ်လုံးထိုး ထော်လာဂျီ သဲတင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ တစ်ဦး သေဆုံးပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဥက္ကံရွာမ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၆၃/၇ အနီးတွင် ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းရဲကိုး(စုံစမ်းဆဲ) မောင်းနှင်လာသော Ayy- 8H/---- ခရီးသည်တင်ယာဉ်နှင့် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ သုံးဆယ်မြို့ ဝဖြူလေးရွာနေ ကိုမိုးဒီမောင်းနှင်လာသော ယာဉ်အမှတ်မပါ၊ နှစ်လုံးထိုး ထော်လာဂျီ(အကြီး)သဲတင် လေးဘီးကားတို့ ကားလမ်းမအလယ်တွင် မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိသဖြင့် နှစ်ဖက်ယာဉ် ပေါ်ပါလူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ထော်လာဂျီယာဉ်မောင်း မိုးဒီမှာ သေဆုံးခဲ့ပြီး ကုလား၊ အောင်ကိုကို၊ သောင်းထွန်း၊ နန်းဦးမောင်၊ ကိုရိုင်း၊ မောင်နောင်နောင်၊ ဆန်းမင်းဝင်း၊ ဇော်မင်းတို့ ထိခိုက်ဒဏ်ရာရရှိသဖြင့် ဥက္ကံဆေးရုံသို့ တင်ပို့ကုသခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ရဲကိုနှင့်မိုးဒီတို့နှစ်ဦးအား ဥက္ကံရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ဦးကိုနီ လုပ်ကြံခံရမှုဌ် တရားခံပြသက်သေ ၁၀ ဦး တင်ထားရာမှ ရှစ်ဦးပယ်၍ နှစ်ဦးသာ စစ်ဆေးမည်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့်ပတ်သက်၍ သေနတ်သမားကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြူး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၇၆ ချိန်းမြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့သည်။ လူသတ်မှုနှင့် လက်နက်မှုဖြင့် စွဲဆိုထားသော တရားခံ ကြည်လင်း(ခ)ဖိုးထူး၏ အဓိက အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က တရားခံ ဆန္ဒအရ တရားခံပြသက်သေ ၁၀ ဦးအနက် ရှစ်ဦးပယ်၍ နှစ်ဦးသာ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးကနေ စစ်ဆေးစီရင်နေတဲ့ ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှု ၄၆/၂၀၁၇ လက်နက်မှုကနေ တရားခံဖြစ်တဲ့ ကြည်လင်း(ခ)ဖိုးထူးက တရားခံပြသက်သေ ၁၀ ဦး တင်ထားတယ်။ ဒီကနေ့ရုံးချိန်းမှာ တရားခံပြသက်သေလေးဦးကို စစ်မယ်လို့ ခေါ်လာပေးဖို့ မှာထားပေမယ့် လာရောက်နိုင်ခြင်းမရှိတဲ့အတွက် စစ်ဆေးမှုပြုလုပ်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် တရားခံဘက် ရှေ့နေက တရားခံပြ ၁၀ ဦးမှာ ရှစ်ဦးကိုပယ်ပြီး နှစ်ဦးကို ရုံးတော်က သမ္မန်စာနဲ့ ထုတ်ဆင့်ခေါ်ယူပေးဖို့ လျှောက်ထားတယ်။ ဒီအတွက် ရုံးတော်က တရားခံပြ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၅၇ အရ ရုံးတော်ကသမ္မန်စာနဲ့ ထုတ်ဆင့်ပေးပြီး ဆက်လက်စစ်ဆေးဖို့ စက်တင်ဘာ ၂၀ ရက်ကို ပြန်လည်ချိန်းဆိုလိုက်ပါတယ်" ဟု ပြောသည်။

နံပါတ်(၁)တရားခံ ကြည်လင်း(ခ)ဖိုးထူး၏ ရှေ့နေ ဦးကျော်ကျော်ထိုက်က "ကျွန်တော်က တရားခံ ကိုကြည်လင်းဘက်ကတင်ပြထားခဲ့တဲ့ သက်သေ ၁၀ ဦးထဲကနေ ရှစ်ဦးကို ပယ်ဖျက်ပေးဖို့ ဒီကနေ့ ရုံးတော်ကို လျှောက်ထားခဲ့ပါတယ်။ ကျွန်တဲ့သက်သေ နှစ်ဦးစစ်ဖို့ ပုံမှန်အားဖြင့် ကိုယ့်အစီအစဉ်နဲ့ကိုယ် ခေါ်ရတာပါ။ ဒါပေမယ့် ရုံးတော်ကပဲ သမ္မန်စာနဲ့ဆင့်ခေါ်ပေးဖို့ကို လျှောက်ထားခဲ့ပါတယ်။ အဲဒီသက်သေ နှစ်ဦးကိုလည်း မီဒီယာကနေ တစ်ဆင့်ပြောလိုတာက ဘာမှ စိုးရိမ်ကြောင့်ကြမှုမရှိကြဖို့၊ သိတာမြင်တာလေးပြောပေးဖို့ ပြောချင်တာပါ။ နောက်ပြီး တရားခံတွေဘက်က ဒီအမှုနဲ့ပတ်သက်လို့ နေပြည်တော် တရားလွှတ်တော်ချုပ်ထံ ဆွဲချက်အယူခံဝင်ထားတာရှိတယ်။ အဲဒါကတော့ လာမယ့် စက်တင်ဘာ ၁၉ ရက်မှာ နောက်ဆုံးအပတ်အနေနဲ့ နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ကြားနာမှာဖြစ်တယ်။ အဆင့်မြင့်တရားရုံးက လက်ခံလိုက်ပြီဆိုရင်တော့ မူလတရားရုံးကဆိုင်းငံ့ပေးရတာရှိပါမယ်။ ဇေယျာဖြူးကလွဲလို့ ကျန်တဲ့တရားခံသုံးဦးအတွက်လည်း ကျွန်တော်တင်ပေးထားတာပါ" ဟု ဦးကျော်ကျော်ထိုက် က မီဒီယာများကိုပြောသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးမှာ ဦးကိုနီ သေနတ်ဖြင့် လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး စွဲချက်တင်စစ်ဆေးမှုပြုလုပ်နေသည့် လက်နက်မှု၊ လူသတ်မှုမှာ (၁)တရားခံ ကြည်လင်း(ခ)ဖိုးထူးက တရားခံပြသက်သေ ၁၀ ဦး၊ ပါဝင်ပတ်သက်သူ (၂)အောင်ဝင်းဇော်က တရားခံပြသက်သေ ၁၂ ဦး၊ (၃) ဇေယျာဖြူးက တရားခံပြသက်သေ ၂၈ ဦး၊ အချုပ်လွတ်အာမခံရရှိထားသူ(၄) အောင်ဝင်းထွန်းက တရားခံပြသက်သေ ၁၈ ဦး အားလုံးစုစုပေါင်း တရားခံပြသက်သေ ၆၈ ဦး အမည်စာရင်း ကနဦးတင်သွင်းထားရာမှ ယနေ့ရုံးချိန်းတွင် ကြည်လင်း(ခ)ဖိုးထူးဘက်က ရှစ်ဦးပြန်လည်ရုပ်သိမ်းသွားခြင်းဖြစ်သည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ထင်သာမြင်သာ ပြုပြင်စရာ

မီးရထားစီးပြည်သူများ ဘေးကင်းလုံခြုံရေး ရထားသံလမ်းများ စစ်ဆေးပေးစေလို

ကသာ စက်တင်ဘာ ၁၄

ကသာ-နဘား အစုန်ရထားအမှတ် ၅၂ ဖြင့် စက်ခေါင်းမောင်း ဦးထွန်းနိုင်နှင့် ဂတ်ပိုလ်ဦးသန့်ဇင်ဟိန်းတို့ လိုက်ပါလာသောရထားသည် ကသာဘူတာမှ စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ထွက်ခွာလာစဉ် မီးရထားသံလမ်းအဆက် ၂၀ ခန့်နေရာ၌ သံလမ်းအဆက် ကလစ်ပြုတ်နေခြင်း၊ အောက်ခံဇလီဖားတုံးအခံမရှိခြင်းများ တွေ့ရှိရသဖြင့် မီးရထားစက်ခေါင်းကို ရပ်တန့်ကာ စစ်ဆေးခဲ့ရသည်ဟု သိရသည်။

အခုရက်ပိုင်းတွင် စက်သုံးဆီဈေးများတက်လာသဖြင့် သုံးဘီးယာဉ်စီးခများလည်းဈေးတက်ခဲ့ရာ နဘား-ကသာကားခမှာ ၁၅၀၀ ထိ ဖြစ်လာသောကြောင့် ပြည်သူများသုံးဘီးယာဉ်မစီးတော့ဘဲ ဈေးချိုသော ရထားလက်မှတ်ခ ၂၀၀ သာပေးရသောကြောင့် ကသာ-နဘားမီးရထားကိုလိုက်ပါစီးနင်းသူ ပိုမိုများပြားလာခဲ့သည်။

"အခုချိန်မှာ ကားခ၊သုံးဘီးခတွေက ဆီဈေးကြီးလို့ ပိုပေးနေရတယ်။ ရထားခကတော့ ဆီဈေးကြီးလဲ ဒီဈေးပဲ။ ဆီဈေးမကြီးလည်း ဒီဈေးပဲ။ ပုံမှန်ပဲပေးရတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ မီးရထားပဲစီးတယ်။ မိုးတွင်းဖြစ်လို့ ရေကျော်တာတို့ရှိတော့ သံလမ်း၊ဇလီဖားတုံးတွေ ရွှေ့တာတို့ရှိနိုင်ပါတယ်။ တာဝန်ရှိသူတွေ ပြုပြင်စစ်ဆေးပေးဖို့လိုပါတယ်" ဟု မီရထားစီးခရီးသည် တစ်ဦးက ပြောသည်။

ထွန်းလှိုင်(မြိုင်)

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့

ဝင်းချစ် (အမျိုးသားစာပေဆုရ)

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ "International Ozone Layer Preservation Day" အဖြစ် စက်တင်ဘာလ ၁၆ ရက်နေ့ကို သတ်မှတ်ထားသည်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့က သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်၏ Theme (အာဘော်) သည် "Keep Cool and Carry On" ဖြစ်သည်။ မြန်မာလို " ဒို့ကမ္ဘာမြေအေးစေဖို့ ဆက်လက်ဆောင်ရွက်ကြပါစို့" ဟု ပြန်ဆိုလျှင် ဆီလျော်မည်ထင်ပါသည်။ ယခုနှစ် Theme တွင် ဦးတည်ချက်နှစ်ခုရှိပါသည်။ အိုဇုန်းလွှာကို မယိုယွင်းအောင် ထိန်းသိမ်းရင်း ကမ္ဘာကြီးပူနွေးလာမှုကိုပါ ဟန့်တားရန်ဖြစ်ပါသည်။ အိုဇုန်းလွှာဖြစ်ပေါ်တည်ရှိမှုနှင့် ယင်း၏ လက်ရှိအခြေအနေများ သိရှိမှသာ ဖော်ပြပါ Theme ၏ ဦးတည် ချက်နှစ်ခုကို သဘောပေါက်နိုင်မည်ဖြစ်ပါသဖြင့် အိုဇုန်းလွှာ၏အကြောင်းကို အကျဉ်းချုပ်၍ ဖော်ပြလိုက်ပါသည်။

အိုဇုန်းလွှာ (Ozone Layer) သည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သော စတြာတိုစဖီးယား (Stratosphere) တွင် ကမ္ဘာ့မြေမျက်နှာပြင်မှ အမြင့် ၁၀ မိုင်နှင့် မိုင် ၃၀ ကြားဒ၌ တည်ရှိပြီး လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ စုစုပေါင်းပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ဤအိုဇုန်းလွှာတွင် စုစည်းလျက်ရှိသည်။ အိုဇုန်းဓာတ်ငွေ့များသည် လေထုအတွင်းဒ၌ အချိုးအစား အနည်းငယ်မျှသာ ပါဝင်သော်လည်း ပမာဏကျသည့် ဓာတ်ငွေ့ဖြစ်သည်။ အိုဇုန်းလွှာသည် လူသားများနှင့် သက်ရှိများအား အန္တရာယ်ပြုနိုင်သော ခရမ်းလွန်ရောင်ခြည်များ (Ultraviolet Rays)ကို ဒိုင်းကြီးသဖွယ် ကာဆီးပေးထားခြင်းကြောင့်ဖြစ်သည်။

ဖြစ်မှုပျက်မှု ဟန်ချက်ညီနေ

လေထုအတွင်းဒ၌ ပါဝင်မှုများပြားသော အောက်ဆီဂျင် (O_2) မော်လီကျူးများသည် နေရောင်ခြည် စွမ်းအင်ကြောင့် အောက်ဆီဂျင်အက်တမ်နှစ်ခု (O + O) ကွဲထွက်သွားသည်။ ယင်းအောက်ဆီဂျင် အက်တမ်များသည် လေထုအတွင်း၌ လွတ်လပ်စွာတည်ရှိနေကြပြီး အခြားအောက်ဆီဂျင်မော်လီကျူးတစ်ခုနှင့် တိုက်မိ (collide) သည့်အခါ အိုဇုန်း (O_3)မော်လီကျူးတစ်ခု ဖြစ်လာသည်။ ယင်းအိုဇုန်း မော်လီကျူးများ တစ်နေရာတည်းတွင် စုစည်းခြင်းဖြင့် အိုဇုန်းလွှာဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အောက်ဆီဂျင်မော်လီကျူးနှင့် အောက်ဆီဂျင်အက်တမ်တို့ တိုက်မိရာမှ ဖြစ်ပေါ်လာသည့် အိုဇုန်းမော်လီကျူးအချို့ သည် အခြားဓာတ်ငွေ့များနှင့် ဓာတ်ပြုပြီး ပြိုကွဲသွားသည်။ အသစ်ဖြစ်လာသော အိုဇုန်းမော်လီကျူးများနှင့် ပြိုကွဲသွားသော အိုဇုန်းမော်လီကျူးများသည် ဖြစ်မှုပျက်မှုဟန်ချက်ညီနေသဖြင့် လေထုဒုတိယအလွှာ၌ ရှိသည့် အိုဇုန်းပမာဏသည် တစ်သမတ်တည်းရှိနေသည်။ အိုဇုန်းဓာတ်ငွေ့များသည် ကမ္ဘာမြေမျက်နှာပြင်မှ အမြင့် ၁၂ မိုင် နှင့် ၁၅ မိုင်အတွင်း အများဆုံးစုစည်းနေကြပြီး ပါဝင်မှုအနေဖြင့် 2 ppm မှ 8 ppm (parts per million) ခန့်ရှိသည်။ အိုဇုန်းဓာတ်ငွေ့အားလုံးကို ပင်လယ်မျက်နှာပြင်အမြင့်တွင်ရှိသည့် လေဖိအား (atmospheric pressure at sea level - 760 mmHg) ဖြင့် ဖိသိပ်လိုက်မည်ဆိုပါက ထု ၃ မီလီ မီတာခန့် (တစ်လက်မ၏ ရှစ်ပုံ တစ်ပုံခန့်)သာ ရှိမည်ဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်တွင် အဓိကအားဖြင့် UV-A, UV-B နှင့် UV-C ဟူ၍ အုပ်စုသုံးခုရှိရာ နံနက်ခင်းနေရောင်ခြည်နေတွင် ပါဝင်သော UV -A သည် လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ပြီး နေ့ခင်းပိုင်း (နံနက် ၉ နာရီ မှ ညနေ ၄ နာရီခန့်) နေရောင်ခြည်တွင် ပါဝင်သည့် UV - B သည် လူ၏ ခန္ဓာကိုယ်ပေါ် သို့မိနစ် ၃၀ ထက် ပို၍ ကျရောက်ခဲ့ပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အရေပြား နေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်နိုင်ခြင်း၊ မျက်စီမျက်ကြည်လွှာ ပျက်စီးစေနိုင်ခြင်း စသည်များ ဖြစ်ပေါ်နိုင်သည်။ လှိုင်းအလျားအတိုဆုံးဖြစ်သည့် UV-C ကျရောက်ခြင်း ခံရပါက လူများ၏ ခန္ဓာကိုယ်ခုခံအား စနစ်ထိခိုက်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်သည့်အပြင် ရေနေသတ္တဝါများ သေဆုံးခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်းစသည့် အန္တရာယ်များလည်း ကျရောက်နိုင်သည်။ သို့ရာတွင် အိုဇုန်းဓာတ်ငွေ့၏ ထူးခြားသော ဖွဲ့စည်းပုံ (configuration) ကြောင့် အိုဇုန်းလွှာသည် နေရောင်ခြည်တွင် ပါရှိသော UV-C များကို ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းထိအောင် စုပ်ယူထားနိုင်စွမ်းရှိပါသည်။ လူသားများနှင့် သက်ရှိများအား အန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည် တစ်မျိုးဖြစ်သည့် UV-C များကို စုပ်ယူပေးနိုင်စွမ်းရှိသော အိုဇုန်းဓာတ်ငွေ့များကို လေထု၏ ဒုတိယအလွှာတွင် တစုတစည်းတည်း တည်ရှိနေစေရန် သဘာဝတရားက ဖန်တီးပေးထားခြင်းဖြစ်သည်။

အိုဇုန်းလွှာဖြစ်ပေါ်လျက်ရှိသော လေထု၏ အထက်ပိုင်းတွင် အောက်ဆီဂျင်မော်လီကျူးပါဝင်မှု အလွန်နည်းသည့်အတွက် နေရောင်ခြည်စွမ်းအင်ကြောင့် အောက်ဆီဂျင်အက်တမ်နှစ်ခုကွဲထွက်မှု အလွန်နည်းသည်။ ထို့ပြင် အောက်ဆီဂျင်မော်လီ ကျူးများလည်း အလွန်နည်းနေခြင်းကြောင့် ယင်းတို့ နှစ်ခုတိုက်မိရန် အခွင့်အလမ်း အလွန်ပင် နည်းသွားသည်။ ထို့ကြောင့် အိုဇုန်းမော်လီကျူးများ ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်း အလွန်နှိုင်းပင် နည်းသွားသဖြင့် အိုဇုန်းလွှာ၏ အထက်တွင် အိုဇုန်းများ တည်ရှိမနေခြင်းဖြစ်သည်။

လေထုပထမအလွှာ (Troposphere) သို့ ရောက်ရှိလာသည့် နေရောင်ခြည်များသည် စွမ်းအင်လျော့နည်းသွားသဖြင့် အောက်ဆီဂျင်မော်လီကျူးများကို ဖြိုဖျက်နိုင်စွမ်းမရှိပါ။ အောက်ဆီဂျင်အက်တမ် မရှိသဖြင့် အိုဇုန်းမော်လီကျူးဖြစ်ပေါ်လာရန် အကြောင်းမရှိတော့ပါ။ ခြုံ၍ပြောရလျှင် သဘာဝတရားက အိုဇုန်းဓာတ်ငွေ့များကို ရှိသင့်သည့်နေရာတွင်သာ ရှိနေစေရန် ဖန်တီးပေးထားခြင်းဖြစ်ပါသည်။

> ”
> လူသားများနှင့် သက်ရှိများအား အန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည် တစ်မျိုးဖြစ်သည့် UV-C များကို စုပ်ယူပေးနိုင်စွမ်းရှိသော အိုဇုန်းဓာတ်ငွေ့များကို လေထု၏ ဒုတိယအလွှာတွင် တစုတစည်းတည်းတည်ရှိနေစေရန် . . . ”

အိုဇုန်းဓာတ်ငွေ့သည် ပင်ကိုအားဖြင့် ကျိန်းစပ်စေသော (irritating) သတ္တိရှိသောကြောင့် လူသားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။ လေထုအတွင်း အိုဇုန်းဓာတ်ငွေ့ပါဝင်မှုနှုန်း မြင့်မားလာပါက လူသားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။ အရွယ်မတိုင်မီ သေဆုံးရခြင်းများ (premature death)၊ နှလုံးသွေးကြောစနစ်ပြောင်းလဲခြင်းများ၊ အဆုတ်ရောဂါရှိသူများအား ပို၍ဆိုးရွားစေခြင်းများ ဖြစ်စေနိုင်ကြောင်း မှတ်သားရပါသည်။

လူသားများ၏ ရန်သူဖြစ်

အိုဇုန်းဓာတ်ငွေ့များသည် စက်မှုခေတ်သို့ ရောက်ရှိပြီးခိုန်မှ အစပြု၍ စက်တပ်ယာဉ်ယန္တရားများနှင့် စက်မှုလုပ်ငန်းများမှ ထုတ်လွှတ်လိုက်သော ဟိုက်ဒရိုကာဗွန်နှင့် နိုက်ထရိုက်ဂျင်အောက်ဆိုဒ်များ ဓာတ်ပြုပြီး အိုဇုန်းဓာတ်ငွေ့များထွက်ရှိလာသည်။ ထို့ကြောင့် လူတို့၏ လုပ်ဆောင်ချက်များအရ လေထုပထမအလွှာတွင် အိုဇုန်းဓာတ်ငွေ့များ တည်ရှိလာပါသည်။ အိုဇုန်းဓာတ်ငွေ့သည် လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေသည်သာမက အစွမ်းထက်သော မှန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးလည်း ဖြစ်နေပါသည်။ ထို့ကြောင့် လေထုပထမအလွှာတွင်ရှိနေသည့် အိုဇုန်းများသည် စာရေးသူတို့ လူသားများ၏ ရန်သူဖြစ်ပါသည်။

လူသားများနှင့် သက်ရှိများအား အကျိုးပြုသော အိုဇုန်းလွှာတွင် တောင်ဝင်ရိုးစွန်းဒေသ၌ အပေါက်ကြီးတစ်ခုဖြစ်ပေါ်လျက်ရှိကြောင်း အန္တာတိကရှိ Hally Bay အခြေစိုက် ဗြိတိသျှသုတေသနစခန်းမှ Joe Farman ဦးဆောင်သည့်အဖွဲ့က ၁၉၈၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်မှ အစပြု၍ အိုဇုန်းလွှာပျက်စီးခြင်း၊ လျော့နည်းခြင်း၏အကြောင်းရင်းများကို ဖော်ထုတ်နိုင်ရေးအတွက် သုတေသီများက အန္တရာယ်များသော လေယာဉ်ပျံသန်းမှုများဖြင့် တိုင်းတာချက်များကို ခက်ခဲစွာ ဆောင်ရွက်ခဲ့ကြပြီးနောက် "အလွန်အေးသော လေထုအတွင်း၌ ဓာတ်ငွေ့အချို့သည် အိုဇုန်းဓာတ်ငွေ့များကို ဖျက်ဆီးပစ်နိုင်သည်" ဆိုသော သီအိုရီအသစ်တစ်ရပ်ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ကြသည်။

နည်းပညာအရ တိတိကျကျ ပြောရမည်ဆိုပါက အိုဇုန်းလွှာတွင် အပေါက် (hole) ဖြစ်ပေါ်နေခြင်း မဟုတ်ပါ။ အမှန်မှာ ယင်းနေရာတွင် ယိုယွင်းပြီး အလွန်ပါးနေခြင်းသာဖြစ်သည်။ အများနားလည်လွယ်အောင် အပေါက်ဟု တင်စားခေါ်ဆိုထားခြင်းသာဖြစ်သည်။ အိုဇုန်းဓာတ်ငွေ့၏ ပမာဏကို တိုင်းတာသည့် ယူနစ်သည် "Dobson" "ဒေါ့ဘ်စန်" ဖြစ်သည်။ ဒေါ့ဘ်စန် ၂၂၀ ထက်နည်းနေပါက အိုဇုန်းလွှာသည် အလွန်ပါးသွားပြီး ပြတ်သားစွာ မမြင်ရခြင်းကြောင့် ဒေါ့ဘ်စန် ၂၂၀ ကို အိုဇုန်းလွှာယိုယွင်းခြင်း၏ နယ်စည်းသတ် (boundary of the region) ပမာဏအဖြစ် သတ်မှတ်ထားသည်။

ခရမ်းလွန်ရောင်ခြည်

ထို့ပြင် လူတို့၏လုပ်ဆောင်ချက်များမှ ထုတ်လွှတ်သည့် ကလိုရိုဖလူအိုရိုကာဗွန်များ (ဖရီအွန်များ - Freons ဟုလည်းခေါ်သည်) နှင့် ဟိုက်ဒရိုကလိုရို ဖလူအိုရိုကာဗွန်များ (Hydrochlorofluorocarbons - HCFCs) သည် အိုဇုန်းလွှာကို ထိခိုက်စေသောဒြပ်ပေါင်းများဖြစ်ကြောင်း၊ အလွန်ခိုင်မြဲသော ဖော်ပြပါဒြပ်ပေါင်းများသည် လေထုဒုတိယအလွှာအတွင်းသို့ ရောက်ရှိသွားသည့်အခါ၌ ခရမ်းလွန်ရောင်ခြည်တွင် ပါဝင်သည့် စွမ်းအင်ကြီးမားသော ဖိုတွန်များ (photon) ကြောင့် ပြိုကွဲသွားပြီး ကလိုရင်းအက်တမ်များ ထွက်ရှိလာကြောင်း၊ ယင်းကလိုရင်း အက်တမ်များသည် အိုဇုန်းမော်လီကျူးများနှင့် ချိတ်ဆက်မိပြီး အကူဓာတ်ပြုမှု (catalystic reaction)အရ ကလိုရင်းအက်တမ်တစ်ခုစီက အိုဇုန်းမော်လီကျူးပေါင်း တစ်သိန်းထိအောင် ဖျက်ဆီးနိုင်စွမ်းရှိကြောင်းကိုလည်း ပညာရှင်များတွေ့ရှိခဲ့ကြသည်။

လေထုဒုတိယအလွှာ၌ ၁၉၇၀ ပြည့်နှစ်က ကလိုရင်းဓာတ်ငွေ့ ၁ ဒသမ ၂ ppb (parts per billion) သာရှိခဲ့သော်လည်း ၁၉၈၅ ခုနှစ်တွင် ၃ ppb ထိအောင် မြင့်တက်လာခဲ့ရာ၊ ယခုနှုန်းထားအတိုင်းသာ ဆက်လက်၍ တိုးမြင့်နေမည်ဆိုပါက ၂၀၅၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် လေထုအတွင်း၌ ကလိုရင်းပါဝင်မှုနှုန်းသည် ၈ ဒသမ ၁ ppb ထိအောင် များပြားနိုင်ကြောင်း၊ CFCs များဤမျှအထိ များပြားလာမည်ဆိုပါက အိုဇုန်းပမာဏသည် ၅ ရာခိုင်နှုန်းထိအောင် လျော့ကျသွားနိုင်ကြောင်း တွက်ချက်ခန့်မှန်းထားကြသည်။ အိုဇုန်းလွှာ ယိုယွင်းလာသည်နှင့်အမျှ ကမ္ဘာမြေပြင်သို့ UV-C ခရမ်းလွန်ရောင်ခြည်များ ပိုမို၍ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အိုဇုန်းလွှာ ၁ ရာခိုင်နှုန်း လျော့နည်းတိုင်း ကမ္ဘာ့လေထုပထမအလွှာအတွင်းသို့ UV-C ရောင်ခြည်ရောက်ရှိမှုနှစ်ရာခိုင်နှုန်းခန့် ပိုမိုများပြားနိုင်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ခဲ့ကြသည်။

အန္တာတိတ်ဒေသရှိ အိုဇုန်းလွှာ

CFCs များအနက် ပလတ်စတစ်ရေမြှုပ်များတွင် အသုံးပြုသောCFC -11 နှင့် လေအေးပေးစက် များတွင် အသုံးပြုသည့် CFC -12 များအသုံးပြုမှုကျယ်ပြန့်ခြင်းကြောင့် အိုဇုန်းလွှာလျော့နည်းမှုကို ပို၍ဖြစ်စေသည်။ အခြား CFCs တစ်မျိုးဖြစ်သည့် CFC - 113 ကို အီလက်ထရွန်းနစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ် ဓာတ်စီးပတ်လမ်း (electronic circuitry) များကို သန့်စင်ရာတွင်အသုံးပြုသည်။ CFCs များသည် ဟေလိုကာဗွန်များ (halocarbons) တွင်ပါဝင်သည့် အတန်းအစားတစ်ခုဖြစ်သဖြင့် ယင်းတို့အထဲမှ အများစုသည် လေထုဒုတိယအလွှာရှိ အိုဇုန်းလွှာကို ဖျက်ဆီးနိုင်သည်သာမက ကမ္ဘာကြီးကို ပူနွေးစေသည့် မှန်လုံအိမ်ဓာတ်ငွေ့များလည်းဖြစ်နေသည်။ ထို့ကြောင့် သိပ္ပံပညာရှင်များသည် အခြားဟေလိုကာဗွန်များကိုပါ သံသယရှိသဖြင့် အာရုံရူးစိုက်လာခဲ့ကြရာ-CFCs ထုတ်လုပ်ခြင်းနှင့် သန့်စင်သည့် ဇွေ့ရည် (cleaning fluid) များတွင် အသုံးပြုသော ကာဗွန်တက်ထရာကလိုရိုက် (carbon tetrachloride)များ၊ ကော်များ (adhesives) တွင် အသုံးပြုသည့် မီသိုင်းကလိုရိုဖောင်း (methyl chloro-form)၊ မီးသတ်ဘူးများတွင် အသုံးပြုသော ဟေလွန် ၁၃၀၁ (Halon 1301) နှင့် ဟေလွန် ၁၂၁ (Halon 121)၊ မီးသတ်ဘူး အချို့နှင့် ပိုးသတ်ဆေးဘူးများ အသုံးပြုခြင်းမှ ထွက်ရှိလာသော ဘရိုမင်း (Bromin) များ၏ ပမာဏသည် လေထုအတွင်း၌ လျင်မြန်စွာ များပြားလာလျက်ရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ဘရိုမင်းသည် အန္တာတိတ်ဒေသရှိ အိုဇုန်းလွှာအား ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းယိုယွင်းစေနိုင်သည်ဟု ယုံကြည်ထားကြသည်။

ထို့ကြောင့် သိပ္ပံပညာရှင်များက ဖော်ပြပါ Ozone Depleting Substances (ODS) - အိုဇုန်းလွှာကို ယိုယွင်းစေသည့် ဒြပ်ပေါင်းများ သုံးစွဲမှုကို ထိန်းသိမ်းကြရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြသည်။ ထို့ကြောင့်ပင် အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် ၁၉၈၅ ခုနှစ်တွင် "ဗီယင်နာကွန်ဗင်းရှင်း" (Vienna Convention - 1985) ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် နိုင်ငံပေါင်း ၃၉၇ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးသော "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်" (Montreal Protocol-1987) ထွက်ပေါ်လာခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ ODS သုံးစွဲမှုကို လက်ရှိသုံးစွဲနေသည့် ပမာဏ၏ ၉၈ ရာခိုင်နှုန်းအထိ လျှော့ချရမည် ဖြစ်သည့်အလျောက် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံများက ၁၉၉၀ ပြည့်လွန်နှစ်များမှအစပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၁၇ သို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်သူများက သမဝါယမလုပ်ငန်းအပေါ် အမှန်တကယ် နားလည်လက်ခံလာပြီး အားကိုးယုံကြည်လာသည့် ပုံရိပ်ကောင်းများ ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် မိမိတို့အားလုံး စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းကြရန် လိုအပ်ကြောင်း စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ် ၁၆ တွင်ပြုလုပ်သည့် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ အမြဲတမ်းအတွင်းဝန်ဦးကျော်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၌ သမဝါယမအသင်းပေါင်း လေးသောင်းကျော်တွင် အသင်းသားပေါင်း ၄ ဒသမ ၂ သန်းတို့ဖြင့် သမဝါယမလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍအတွက် မျိုးစေ့၊ စက်ကိရိယာ၊ မြေသြဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများ၊ အရင်းအနှီးချေးငွေများအဖြစ် စုစုပေါင်းကျပ် ဘီလီယံ ၆၀၀ ကျော် ဆောင်ရွက်ပေးပြီးဖြစ်သည်။

ကုန်ထုတ်စွမ်းအားမြင့်မားရေး အထောက်အကူပေးနိုင်ရေး ဖွဲ့စည်းထားပြီးဖြစ်သော မျိုးစေ့ထုတ် သမဝါယမအသင်း ၁၆၆ သင်း၏ ထုတ်လုပ်ဖြန့်ဖြူးမှုတိုးတက်ရေး၊ အရည်အသွေးပြည့်မီရေး၊ အသင်းများ ပိုမိုတိုးတက်ဖွဲ့စည်းနိုင်ရေး၊ မြေယာပြုပြင်ထွန်ယက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ကြသည့် လယ်ယာဝန်ဆောင်မှု အထောက်အကူပြု အသင်း ၅၄ သင်း၊ လုပ်ငန်းခွဲအဖြစ် ဆောင်ရွက်သည့် အသင်း ၅၉ သင်း စုစုပေါင်း ၁၁၃ သင်း၏ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်ရေးကိုလည်း သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့ဆွေးနွေးပွဲတွင် ၂၀၁၈ ခုနှစ် ဇူလိုင်မှစ၍ နိုင်ငံတကာကုန်သွယ်ရေးအခြေအနေအရ နိုင်ငံအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်းများ မြင့်တက်လာသည့်အတွက် ချေးငွေလုပ်ငန်း၏ အခြေအနေများနှင့် စီမံကိန်းကာလကုန်အထိ ဖြစ်ပေါ်နိုင်သော အလားအလာများကို ပြန်လည်သုံးသပ်တွက်ချက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ အတိုးနှုန်းအရ မူလခွဲဝေထားသည့် အသင်းအဆင့်အလိုက် အကျိုးခံစားခွင့်နှင့် ငွေကြေးပြောင်းလဲမှုအတွက် သီးသန့်ထားရှိရမည့် ရန်ပုံငွေ စသည်တို့ကို အမှန်တကယ် လက်တွေ့ဆောင်ရွက်ကြသောအသင်းများ အခက်အခဲမရှိစေရေး၊ ငွေကြေးဖောင်းပွမှု၊ ငွေလဲလှယ်နှုန်း ပြောင်းလဲမှုအတွက် ရန်ပုံငွေတစ်ရပ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အပေါ် ပြန်လည်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးနှင့် ဆွာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးညီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်က ထောက်ပံ့ငွေများ ပေးအပ်ရာ ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ဆွာရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀၀ စုစုပေါင်း ငွေကျပ် သိန်း ၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရေကြောင်းရဲတပ်ဖွဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေ့ညလှည့်ကင်းများဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း မှုခင်းကျဆင်းရေး၊ မှုခင်းမဖြစ်ပွားစေရေးနှင့် ပြည်သူများစိတ်ချမ်းမြေ့စွာနေထိုင်သွားလာနိုင်ရေး၊ ဧရာဝတီမြစ်ကြောင်းလုံခြုံရေး၊ မြစ်တွင်းသွားသင်္ဘောများ ခိုးဆိုးလုယက်မှုများမရှိစေရေး၊ တရားမဝင်သစ်မှောင်ခိုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ ဖမ်းဆီးနှိမ်နင်းရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) မှ တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့အဝင် စစ်ကိုင်းတံတားဝန်းကျင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်းများနှင့် ကဘ္ဘာလှည့်ခရီးသည် သွားလာမှုများပြားသော မန္တလေး-မင်းကွန်း ဧရာဝတီမြစ်ရိုးတစ်လျှောက် မော်တော်ဘုတ်များ၊ အမြန်ရေယာဉ်ငယ်များဖြင့် နေ့ညလှည့်ကင်းများ ဆောင်ရွက်လျက်ရှိပြီး မသက်ဘဖွယ်စက်လှေများ စစ်ဆေးခြင်း၊ တရားမဝင် သစ်မှောင်ခိုလှေများအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

မိုင်းဖြတ်မြို့နယ်၌ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မိုင်းဖြတ် စက်တင်ဘာ ၁၄

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်းဖြတ်မြို့နယ် နမ့်လောက်ကျေးရွာအုပ်စု ဝမ်ဆာကျေးရွာဘေးရှိ ကမ်းပါးယံအား ချောင်းရေတိုက်စားပြီး ပြိုကျသွားသည့်နေရာ၌ စက်တင်ဘာ ၁၂ ရက်တွင် ရွာသားများက စုပေါင်း၍ ဝါးငုတ်ရိုက်မြေထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ဝမ်ဆာချောင်းရေသည် နှစ်စဉ်မိုးရေကြောင့် ချောင်းရေကြီးပြီး ချောင်းဘေးရှိ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများ ချောင်းရေတိုက်စား၍ မကြာခဏပြိုပျက်လျက်ရှိသည်။ ယခုနှစ်အတွင်း မိုးအဆက်မပြတ်ရွာသွန်း၍ ရွာဘေးကမ်းပါးယံနှင့် လယ်ယာမြေများ၏ကမ်းပါးယံများ ချောင်းရေတိုက်စားမှုကြောင့် ပြိုကျနေလျက်ရှိပြီး မိုးများဆက်လက်ရွာသွန်းပါကလူနေအိမ်ထိ ပြိုပျက်ထိခိုက်လာနိုင်သဖြင့် ရွာသားလုပ်အားဖြင့် ဝါးငုတ်၊ သစ်ကိုင်းများနှင့် ယာယီရေတိုက်စားခြင်းမှ ကာကွယ်ရန် ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် စံပြကွက်အတွင်း ထုံးထည့်သွင်းခြင်း အခြေအနေ လာရောက်ကြည့်ရှု

ကျုံပျော် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တာဝန်ရှိသူများသည် စက်တင်ဘာ ၁၂ ရက်ညနေ ၆ နာရီခွဲက ကျုံပျော်မြို့နယ် မြေရဲတောင်အုပ်စု တောင်သူဦးကျင်၏ လယ်ယာမြေအတွင်း ဆောင်ရွက်ထားသော ထုံးထည့်သွင်းခြင်းစံပြကွက် အခြေအနေအား လာရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဝန်ထမ်းများနှင့်ဆက်လက်တွေ့ဆုံပြီး နည်းပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်သုံးခြင်းနှင့် နည်းစနစ်မှန်စွာစိုက်ပျိုးခြင်းကြောင့် အမှန်တကယ် အကျိုးဖြစ်ထွန်းကြောင်းကို တောင်သူများ သိရှိလာရေး ကြိုးစားဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးကဏ္ဍမြင့်မားလာမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာနိုင်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါ စံပြကွက်များတွင် တစ်ဧကလျှင် ထုံးပိသာ ၁၀၀ ထည့်သွင်းထားပြီး သာမန်သမားရိုးကျစိုက်ခင်းများထက် ပိုမိုအရည်အသွေးကောင်းမွန်ကြောင်း၊ လယ်ယာမြေအများစုမှာ ဓာတ်မြေသြဇာအသုံးမညီမျှမှုများကြောင့် မြေချဉ်၊ ဓာတ်မှုများရှိနေပြီး ယခုထုံးထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကိုကာကွယ်ပြီး မြေကိုထိန်းညှိ ပေးနိုင်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ

ဒီမော့ဆို စက်တင်ဘာ ၁၄

သီးနှံစိုက်ပျိုးပြီးချိန်တွင် လယ်သမားများစုပေါင်း၍ စည်းလုံးညီညွတ်မှုကို သိရှိစေရန်၊ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ သီးနှံများတွင် ကျရောက်သော ပိုးမွှားအန္တရာယ်မှ ကင်းရှင်းစေရန်ရည်ရွယ်၍ တောင်သူစပါးအထွက်တိုးရေး ဆုတောင်းဝတ်ပြုခြင်းအခမ်းအနားနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူလယ်သမားများနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၁၄ ရက်နံနက် ၈ နာရီခွဲတွင် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် (၅)မြောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာ ၂၂ ရွာမှ တောင်သူလယ်သမားများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက ယနေ့ကယားပြည်နယ်သည် ကုန်သွယ်ရေးလမ်းကြောင်း တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်နှင့် Sister Cities အဖြစ် MoU လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေးစခန်းများ တည်ဆောက်ပေးကာ အလေးထား ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ဆည်မြောင်းများ တိမ်ကောနေမှုများနှင့် ပတ်သက်ပြီး ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး ငွေတောင်မြောင်းမကြီး၏ မြောင်းပေါင်နိမ့်နေသောနေရာများတွင် ပေါင်မြှင့်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား တာဝန်ရှိသူများ ထံသို့ ပေးအပ်သည်။ **ရီရယ်(ဒီမော့ဆို)**

ကမ္ဘာလှည့်ခရီးသွားများ တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် အဆက်မပြတ်ဝင်ရောက်လည်ပတ်

တာချီလိတ် စက်တင်ဘာ ၁၄

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာတွင် စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်ထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၂၁၄၂၂ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ခရီးစဉ်တွင် ၁၀၈ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၁၃၉ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မစျေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ခမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါစျေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင် ဆုတောင်းပြည့်စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိမဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့် အထင်ကရ နေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရ ဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၄၁၆၀၁၇ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၃၇၆၇ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၃၁၇၀ စုစုပေါင်း ၄၂၂၉၅၄ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက ပြောသည်။

ဝေယံလင်း(ဖြန်/ဆက်)

စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဆဋ္ဌမအကြိမ်မြောက် Pitching ပွဲပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၁၄

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆဋ္ဌမအကြိမ်မြောက် Pitching ပွဲကို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)(Access to Finance Committee) ၏ ဦးဆောင်မှုဖြင့် လာမည့် နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ UMFCCI ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် စိတ်ကူးစိတ်သန်းကောင်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း၊ Pitching ဆိုသည်မှာ မိမိတို့၏ ကုန်ပစ္စည်း၊ အကြံဉာဏ်စိတ်ကူးများ၊ စျေးကွက်လိုအပ်မှု တွေ့ရှိချက်တစ်ခုခုကို အကောင်အထည်ဖော်ရန် သို့မဟုတ် တိုးချဲ့ရန်အရင်းအနှီးကို စိတ်တူကိုယ်တူ အကျိုးတူစီးပွားဖက်ကို ရှာဖွေခြင်းဖြစ်ကြောင်း၊ Pitching ပွဲကို ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မိမိတို့၏ကုန်ပစ္စည်း၊ အကြံဉာဏ်စိတ်ကူးများ၊ စျေးကွက်လိုအပ်မှု တွေ့ရှိချက်တစ်ခုခုရှိသည့် Pitcher များနှင့် ၎င်း Pitcher များ၏ လုပ်ငန်းအစီအစဉ် အမြော်အမြင်ရှိမှုတို့အပေါ် စိတ်ဝင်စားမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများကြား ချိတ်ဆက်ပေးရန်အတွက်ဖြစ်ကြောင်း မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA) (Access to Finance Committee)မှ တာဝန်ရှိသူ တစ်ဦး၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်သူများ ရက်သတ္တပတ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခု ခြောက်ကြိမ်မြောက်ပွဲကို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းက နိုင်ငံအနှံ့ ကျင်းပနိုင်ရန် ဦးဆောင်ကူညီပေးသွားမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့်ပွဲကို အဆင့်သုံးဆင့်ဖြင့်ကျင်းပသွားမည်ဖြစ်ပြီး အဆင့်(၁)HALLENGE တွင် Register လုပ်ထားသူ Pitcher များအနေဖြင့် ငါးမိနစ်ကြာ Presentation တစ်ခုစီ ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ Final ပွဲစဉ်အတွက် ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း။

Challenge တွင် အောင်မြင်ပြီးသူများအနေဖြင့် အဆင့်(၂) Training Program တွင်ပါဝင်နိုင်မည်ဖြစ်ပြီး Training လေးကြိမ်ပေးသွားမည်ဖြစ်ကာ သက်ဆိုင်ရာ Lectures များ၊ Mentoring နှင့် Coaching Program များ ပါဝင်မည်ဖြစ်ကြောင်း။

အဆင့်(၃) Final Pitching ကို နိုဝင်ဘာ ၁၅ ရက်တွင်ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပေးသွားမည်ဖြစ်ကြောင်း အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ရာမည

တိုတိုထွာထွာဖတ်စရာ

မာလဲ–နတ်တောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

စဉ်ကူး

စဉ်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးသယံဇာတပေါများစေရေးအတွက် မာလဲ-နတ်တောင်ဆည်အတွင်း ငါးကောင်ရေ သုံးသိန်းစိုက်ထည့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မြို့နယ်တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက မာလဲ-နတ်တောင်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ထိုင်းငါးခုံးမသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်သုံးသိန်းကို စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **စဉ်ကူး(ဖြန်/ဆက်)**

တနိုင်းမြို့နယ်တွင် ကျေးရွာတွင်းလမ်းဟောက်လုပ်

တနိုင်း

တနိုင်းမြို့ တရုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းရန်ပုံငွေအပေါ် အတိုးရရှိငွေမှ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေရှိ သဲကျောက်လမ်းခင်းပေးခဲ့ရာ ရာနှုန်းပြည့်ပြီးစီးသွားခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တဦးစီးမှူး ဦးဝေထွန်းထံမှ သိရသည်။ **ဦးလေးကြီး**

သက်ငယ်မုဒိမ်းမှု ပရောက်ရေး အသိပညာပေး

ရန်ကုန်

မြောက်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး ညီမျိုးလွင်သည် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၃ ရက်ည ၇ နာရီက ရပ်ကွက်နေပြည်သူ ၆၀ အား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပရောက်ရေး အသိပညာပေးဟောပြောခဲ့သည်။

ကိုရဲ

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက်ရုံး၌ စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးသည် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မှုခင်းအသိပညာပေး ဟောပြောရာ ဒေသခံ ၄၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

ဘိုကလေးမြို့၌ လူကုန်ကူးမှုကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ဘိုကလေး

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အထက ၁ အောင်ဆန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယဉ်ကြည်က လူကုန်ကူးမှုမခံရအောင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများအားလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဇွဲထက်အောင်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေနည်းဥပဒေများကို လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနွယ်က လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အချက်များကို လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြရာ တက်ရောက်လာသူများက သိလိုသည်များ ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ထို့နောက် ဘိုကလေးမြို့နယ်တွင် ပြုလုပ်ခဲ့သည့် ၂၀၁၈ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် သရုပ်ဆောင်ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး လူကုန်ကူးမှု ပညာပေးပြန်းပြသထားကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ...

စာမျက်နှာ ၁၅ မှ

ဤသို့ ဆောင်ရွက်ခဲ့ကြသည့် ရလဒ်အဖြစ် အိုဇုန်းလွှာမှ အပေါက်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် ၁၅ နှစ်တာကာလအတွင်း ဧရိယာစတုရန်းကီလိုမီတာ လေးသန်းခန့် ပြန်လည်၍ ကျဉ်းလာသည်ကို အမေရိကန်ပြည်ထောင်စု Massachusetts Institute of technology (MIT) မှ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ယခုတွေ့ရှိချက်အရဆိုလျှင် ၂၀၅၀ ပြည့်နှစ်သို့ ရောက်ရှိချိန်၌ အိုဇုန်းလွှာတွင် အပေါက်လုံးဝမရှိအောင် လုပ်ဆောင်ရန်ဖြစ်နိုင်ကြောင်း၊ ယခုတွေ့ရှိချက်ကြောင့် ကျွန်ုပ်တို့လူသားများအနေဖြင့် ကမ္ဘာဂြိုဟ်ကြီးကို ကုစားပေးနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင် မည်ဆိုသည့် ယုံကြည်စိတ်ချမှုကို ရရှိစေကြောင်း MIT မှ လေထုဓာတုဗေဒနှင့် ရာသီဥတုသိပ္ပံပညာဌာန (Atmospheric Chemistry and Climate Science Dept.) မှ ပါမောက္ခစူစန်ဆော်လမွန်က ပြောကြားခဲ့သည်။

CFCs များသည် အိုဇုန်းလွှာကို ယိုယွင်းလျော့နည်းစေသည့် ဒြပ်ပေါင်းများဖြစ်သည်သာမက အစွမ်းထက်သော မှန်လုံအိမ်အာနိသင်ရှိသည့် ဒြပ်ပေါင်းများလည်းဖြစ်သဖြင့် ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေးကိုပါ အထောက်အကူပြုပေးခဲ့သည်။ (CFCs မော်လီကျူးတစ်ခုသည် အပူလှိုင်းများကို ကာဗွန်ဒိုင်အောက်ဆိုဒ်မော်လီကျူးတစ်ခု၏ အဆပေါင်းတစ်သောင်းခန့်အထိ စုပ်ယူနိုင်စွမ်းရှိသည်။)

အထက်ဖော်ပြပါ စာချုပ်အရ နိုင်ငံအများအပြား၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်မက်ထရစ်တန်ပေါင်း ၁၃၅ ဘီလီယံခန့်နှင့် ညီမျှသော (tonne CO_2 equivalent - tCO2e) မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့နည်းစေခဲ့ကြောင်း၊ ထို့ကြောင့် တစ်ချိန်တည်းမှာပင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကိုပါ ဆောင်ရွက်ပေးရာရောက်ကြောင်း UNEP (United Nations Environmental Program) ၏ ထုတ်ပြန် ချက်တစ်ခုအရ သိရှိရသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်တို့ လူသားများ၊ တိရစ္ဆာန်များနှင့် အပင်များကို ခရမ်းလွန်ရောင်ခြည် ဘေးမှ ဒိုင်းကြီးသဖွယ်ကာကွယ်ပေးထားသော အိုဇုန်းလွှာကို ထိန်းသိမ်းကာ "ကမ္ဘာမြေ အေးစေဖို့ ဆက်လက်ဆောင်ရွက်ကြပါစို့" ဟု တိုက်တွန်းနှိုးဆော်ရင်း စက်တင်ဘာလ ၁၆ ရက်နေ့တွင်ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" သို့မဟုတ် "ကမ္ဘာ့အိုဇုန်းနေ့" (World Ozone Day) ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ကိုးကား

Montreal Protocol - https:// en.m.wikipedia.org

Keep Cool and Carry On - Ozone . unep.org

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါးများ – ၂၀၁၇၊ နိုဝင်ဘာ၊ ဝင်းချစ်။

ရှေ့နေနှင့် ဗီယက်နမ်ခရီး(၂)

ဦးဟန်ညွှန့်(ဥပဒေ)

သာယာလှပသော ကွမ်နင်းပြည်နယ်

ဗီယက်နမ်

မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်ခရီးစဉ်တွင် ပထမဆုံးလေ့လာရေးအစီအစဉ်မှာ စာပေဗိမာန် (Van jeiu, QuoETuGian) သို့ ဖြစ်ပါသည်။ ဗီယက်နမ်မြို့တော် ဟနွိုင်းမြို့မှာ မိုးတဖွဲဖွဲနှင့်။ ကျွန်တော်တို့အား ကြိုဆိုလျက်ပါ။

စာပေဗိမာန်

၂၈-၈-၂၀၁၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်အချိန်။

ဗီယက်နမ်၏ စာပေဗိမာန် (Temple of Literature in Hanoi) သို့ လေ့လာရန်ဖြစ်သည်။ စာပေဗိမာန်သည် တက္ကသိုလ်တစ်ခုအဖြစ် လွန်ခဲ့သော ၁၀၇၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကွန်ဖြူးရှပ်များ၊ ပညာတော်သင်များ၊ ပညာရှင်သုခမိန်များအား လေ့ကျင့်မွေးထုတ်ပေးသော တက္ကသိုလ်ဖြစ်သည်။ တစ်နည်းအားဖြင့် အကြီးအကဲဖြစ်မည့်သူ၊ မင်းညီမင်းသားဖြစ်မည့်သူ၊ လူတော်လူကောင်း ဖြစ်မည့်သူတွေကို လေ့ကျင့်သင်ကြားပေးသော တက္ကသိုလ်ဖြစ်ပေသည်။ သမိုင်းဝင်ဗိသုကာလက်ရာဖြင့် မွမ်းမံတည်ဆောက်ထားခြင်းလည်းဖြစ်သည်။ ထူးချွန်ထက်မြက်သော ဒေါက်တာများ၊ ပညာရှင်များကို ရွေးချယ်ပေးသည့်တက္ကသိုလ် ဖြစ်ပါသည်။ တက္ကသိုလ်ဆရာများက အထူးခွဲခန်းအားစိုက်ထုတ်သင်ကြားပေးသည်ဟု ဆိုပါသည်။ ထူးချွန်သူများ၏ အမည်များအား ကျောက်တုံးကြီးများ၌ ဂုဏ်ပြုရေးထိုးကမ္ဘည်းတင်ထားသည်ကို ကျွန်တော်တို့ လေးစားဖွယ်တွေ့မြင်ခဲ့ရပါသည်။ ကမ္ဘာ့လှည့်ခရီးသည်များ အုံ့သြချီးကျူးဖွယ် စာပေဗိမာန်နေရာဖြစ်ပေသည်။

သမ္မတဟိုချီမင်း၏နေအိမ်သို့

၂၈-၈-၂၀၁၈ ရက် နံနက် ၁၀ နာရီအချိန်။

လေးစားကြည်ညိုရသော ဗီယက်နမ်သမ္မတကြီး ဟိုချီမင်းနေထိုင်ခဲ့သော နေအိမ်သို့ အိမ်ရှင်များက ကျွန်တော်တို့ မြန်မာအဖွဲ့အား လိုက်ပို့သည်။ ရိုးသားစွာ နေထိုင်ပြီး တော်လှန်ရေးကာလအတွင်းစစ်ရေးစစ်ရာ၊ နိုင်ငံရေးရာများ ကြိုးပမ်းဆောင်ရွက်ခဲ့ပုံ၊ ကလေးငယ်များအား ချစ်ခင်ပုံ၊ ဂီတအနုပညာမြတ်နိုးပုံစသည် စသည်များ။

လွတ်လပ်ရေးအောင်ပွဲအတွက် ကြိုးပမ်းခဲ့ပုံ၊ ပြည်သူများ တစ်ခဲနက်အားပေးကြည်ညိုပုံ၊ အောင်လံတော် တလွင့်လွင့်နှင့် ရဲဝံ့စွန့်စား ချီတက်တိုက်ခိုက်ပုံ၊ ဟိုချီမင်းကွယ်လွန်စဉ် ပြည်သူအများ ပူဆွေးတမ်းတ ဟစ်အော်ငိုကြွေးခဲ့ပုံ၊ ဒူးမထောက် လက်မမြှောက် ဟိုချီမင်း၏ စိတ်ဓာတ်မြင့်မားပုံစသည်များ။ ဗီယက်နမ်လှုပ်ရှားမှု အမျိုးသမီးတစ်ဦးက ရှင်းပြသည်။

ထို့နောက် ကတုတ်ကျင်းမိုင်ပေါင်း ၃၀၀၀၀ ကျော်နှင့် ဗုံးခိုကျင်း သန်း ၂၀ ကို ဟိုချီမင်းစီမံခန့်ခွဲပုံနှင့် ဟိုချီမင်းကွယ်လွန်ချိန်တွင် ပြည်သူတို့ငိုကြွေးပုံ ဘဝမှတ်တမ်းမော်ကွန်းရုပ်ရှင်ကို ကျွန်တော်တို့ ကြည့်ရှုခဲ့ရပေသည်။

စကားပြန် ဗီယက်နမ်မလေးက မြန်မာအဖွဲ့အား အသေးစိတ်ရှင်းပြပြီးနောက် ဧည့်သည်တော်မှတ်တမ်းတွင် မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးခိုင်မြဲပါစေကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ခေါင်းဆောင်ကြီးဟိုချီမင်းအား ချီးကျူးဂုဏ်ပြုပါကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က မော်ကွန်းမှတ်တမ်းရေးထိုးခဲ့ကြပါသည်။

စစ်ဆေးရေးမှူးချုပ်နှင့်တွေ့ဆုံခြင်း

၂၈-၈-၂၀၁၈ ရက် ဗီယက်နမ်စံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် GIV သို့ ရောက်ရှိပြီး စစ်ဆေးရေးမှူးချုပ် H.E. Mr.Le Minh Khai နှင့်အဖွဲ့အား တွေ့ဆုံခွင့်ရရှိခဲ့ပါသည်။ ဒုတိယဝန်ကြီး H.E. Mr. Nguyen Van Thanh နှင့် GIV က ဌာနအကြီးအကဲများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ အပြန်အလှန်ဆွေးနွေးခွင့် ရခဲ့ပေသည်။ ဆွေးနွေးချက်အနှစ်ချုပ်မှာ -

(၁) ဗီယက်နမ်အစိုးရ စစ်ဆေးရေးအဖွဲ့ရုံးဌာန (GIV) အကြောင်း ဖွဲ့စည်းပုံ -

- အစိုးရစစ်ဆေးရေးအဖွဲ့ရုံး
- စီးပွားရေးကဏ္ဍများဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန (ဌာန - ၁)
- ပြည်တွင်းကိစ္စရပ်များနှင့် အထွေထွေစီးပွားရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန (ဌာန -၂)
- လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန (ဌာန-၃)
- စုံစမ်းစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် ဖြေရှင်းမှုဆိုင်ရာဌာန
- ခေါ်ယူတွေ့ဆုံခြင်း၊တိုင်စာများနှင့် စွပ်စွဲဝေဖန်ပြစ်တင်စာများကို ဖြေရှင်းရေးဌာန
- ဥပဒေရေးရာဌာန
- အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန
- စီမံရေး၊ ဘဏ္ဍာရေးနှင့် အထွေထွေရေးရာဌာန
- ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများဆိုင်ရာဌာန
- မြောက်ပိုင်းဒေသတိုင်စာများ၊ စွပ်စွဲမှုများ ဖြေရှင်းခြင်းနှင့် စုံစမ်းစစ်ဆေးရေးဗျူရို (ဗျူရို-၁)
- အလယ်ပိုင်းဒေသတိုင်စာများ၊ စွပ်စွဲမှုများ ဖြေရှင်းခြင်းနှင့် စုံစမ်းစစ်ဆေးရေးဗျူရို (ဗျူရို-၂)
- တောင်ပိုင်းဒေသတိုင်စာများ၊ စွပ်စွဲမှုများ ဖြေရှင်းခြင်းနှင့် စုံစမ်းစစ်ဆေးရေးဗျူရို (ဗျူရို-၃)
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို (ဗျူရို-၄)
- စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့
- သတင်းဌာန
- စုံစမ်းရေးသင်တန်းကျောင်း
- စုံစမ်းရေးမဂ္ဂဇင်း
- စုံစမ်းရေးသတင်းစာ
- အစိုးရဌာန စုံစမ်းစစ်ဆေးရေးသုတေသနဌာနတို့အကြောင်း ရှင်းလင်းတင်ပြခြင်း

(၂) ဗီယက်နမ်နိုင်ငံအစိုးရစစ်ဆေးရေးဌာန (GIV) သည် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC Myanmar)နှင့် ပထမဆုံး Moh ရေးထိုးခဲ့သော အဖွဲ့အစည်းဖြစ်ကြောင်း၊

(၃) ယခုလို လာရောက်လေ့လာစဉ် သိရှိလိုသည်များ၊ မေးခွန်းများ၊ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် မေးမြန်းညှိနှိုင်းကြရန်ဖြစ်ကြောင်း၊

(၄) နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊

(၅) မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းကလည်းယခုလို မြန်မာအဖွဲ့အား နွေးထွေးစွာကြိုဆိုသည့်အပြင် ဧည့်ဝတ်ကြိုဆိုဂုဏ်ပြုခြင်း၊ အလုပ်သဘောလေ့လာခြင်း၊ ညှိနှိုင်းနိုင်ခြင်းများကြောင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့လည်း ဗီယက်နမ်မှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများအား လာရောက်လည်ပတ်နိုင်ပါရန် ဖိတ်ကြားအပ်ပါကြောင်း၊

(၆) မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပေါ်ပေါက်လာပုံ၊ အနာဂတ်မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ ကော်မရှင်၏ဆောင်ပုဒ်၊ လုပ်ငန်းစီမံချက်၊ ပညာပေးရေးတားဆီးကာကွယ်ရေးအစီအစဉ်များ၊ သတင်းမီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ သိရှိလိုသည့် အကြောင်းအရာ မေးခွန်းများမေးမြန်းခြင်း စသည်တို့ကို အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

သမ္မတဟိုချီမင်းအိမ်တွင် မြန်မာအဖွဲ့ ရောက်ရှိမှတ်တမ်းတင်စဉ်

ကွမ်နင်းပြည်နယ်သို့ထွက်ခွာခြင်း

၂၉-၈-၂၀၁၈ ရက် နံနက် ၈ နာရီ။

အလွန်သာယာလှပသော ကွမ်နင်းပြည်နယ် ဟာလောင်ပင်လယ်ကမ်းခြေသို့ မြန်မာအဖွဲ့အား လိုက်ပို့ကြပါသည်။ ထင်ရှားသော ကျွန်းစုများ၊ တစ်ကြိမ်ရောက်ဖူးလျှင် ထပ်တလဲလဲထပ်မံလာချင်သော ကျွန်းစုများ၊ ကြည်လင်စိမ်းလဲ့လျက်ရှိသော ပင်လယ်ပြင်တွင် စက်လှေဖြင့် လိုက်ပို့ကြခြင်းဖြစ်ပေသည်။

ထို့နောက် ထင်ရှားသော ကျွန်းစုနန်းတော်ဂူ (Heavendy Palace Cave) သို့လည်း လက်လှော်ဗီယက်နမ်လှေများဖြင့် လိုက်ပို့ကြသေးသည်။ လှပလွန်း၍ ကမ္ဘာ့လှည့်ခရီးသည်များ အများအပြားလည်ပတ်ရောက်ရှိနေကြပေသည်။

ကွမ်နင်းပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း

ကွမ်နင်းပြည်နယ်တွင် လူဦးရေ ၁ ဒသမ ၂ သန်းခန့် နေထိုင်ကြောင်း၊ စတုရန်းကီလိုမီတာ ၆၀၉၉ ကျယ်ဝန်းကြောင်း၊ တောင်ကုန်းတောင်တန်းများနှင့် လှပစွာတည်ရှိနေကြောင်း၊ ပင်လယ်ပြင်နှင့် ကျွန်းစုများဆက်နွယ်နေကြောင်း၊ နှစ်စဉ် ပြည်ပခရီးသွား ကိုးသန်းကျော်ကြောင်း၊ ယူနက်စကိုမှ အသိအမှတ်ပြုထားသော ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းသည့် ဒေသတစ်ခုဖြစ်ကြောင်း ကွမ်နင်းပြည်နယ် အုပ်ချုပ်ရေးမှူး၏ ရှင်းလင်းပြောပြချက်အရ သိရှိရပေသည်။

ကွမ်နင်းပြည်နယ်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆေးရေးရုံးအနေဖြင့် ခရိုင်အဆင့်(၁၂) ရုံး ဝန်ထမ်းအင်အား ၃၀၀ ကျော်ရှိကြောင်း၊ ဆက်စပ်သောဌာနများ (အထူးသဖြင့် တရားရေး)နှင့် ပူးပေါင်းဆောင်ရွက်ကြောင်း၊ ပြည်နယ်ပါတီဥက္ကဋ္ဌနှင့် ညှိနှိုင်းဆောင်ရွက်ကြောင်း၊ တစ်နှစ်လျှင် စုံစမ်းစစ်ဆေးမှု ၃၀၀ ခန့်ရှိကြောင်း၊ စောင့်ကြည့်အကဲဖြတ်ရေးလုပ်ငန်းစဉ် ၁၀၀၀ ခန့်ရှိကြောင်း၊ လုံခြုံရေးဌာနသို့ လွှဲပေးရသော အမှုများလည်းရှိကြောင်း၊ ၂၀၁၈ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ကို ပြည်သူ့အခွန်ဘဏ္ဍာအဖြစ် ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း၊ မြန်မာ-ဗီယက်နမ် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်အပ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြညှိနှိုင်းခဲ့ကြပါသည်။

မြန်မာ့အတွေ့အကြုံ

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အတွေ့အကြုံများကိုလည်း အတွင်းရေးမှူးဦးစန်းဝင်းဦးဆောင်၍ ပြန်လည်ရှင်းလင်း တင်ပြခဲ့ပါသည်။ ကာလအတိုင်းအတာအားဖြင့် နုနယ်သေးသော်လည်း တိုးတက်မှုများအပေါ် ကျေနပ်ဖွယ်ဖြစ်ကြောင်း ဗီယက်နမ်အဖွဲ့က ပြန်လည်ဆွေးနွေးပေးသည်။

ဗီယက်နမ် စာပေဗိမာန်

၂၉-၈-၂၀၁၈ ရက်နေ့ညတွင် နင်ဘင်းပြည်နယ် Hiden Charm Resort and Hotel ၌ ညအိပ်ရပ်နားခဲ့ပါသည်။

နင်ဘင်းပြည်နယ်သို့

မနက်ဖြန် ၃၀-၈-၂၀၁၈ ရက် မနက်စောစောတွင် နင်ဘင်းပြည်နယ်သို့ ဆက်လက်ထွက်ခွာ လေ့လာကြမည် ဖြစ်ပေသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်၊ တမံများ၏ ရေပိုလွှဲမှု ရေကျော်ကျမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်၊ တမံများအနက် အချို့သော ဆည်၊ တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။ ယနေ့တွင် သတ်မှတ်ကန်ရေပြည့်အမှတ်ကျော်လွန်၍ ရေပိုလွှဲမှုရေကျော်ကျလျက်ရှိသည့် ဆည်၊ တမံ ၃၇ ခုရှိပြီး ၎င်းဆည်၊ တမံ ၃၇ ခုမှာ အောက်ပါအတိုင်းဖြစ်သည် -

၁၄-၉-၂၀၁၈ ရက်နေ့ ရေပိုလွှဲမှု ရေကျော်သည့် ဆည်၊ ကန်များစာရင်း

နေ့စွဲ - ၁၄ . ၉ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့် (လေ) ကန်ရေသေ (လေ)	ရေလှောင် ပမာဏ (စကေး)	ရေအနက် (လေ)	ရေလှောင် ပမာဏ (စကေး)	မိုး ရေ ရွိန် (လက်မ)	မှတ်ချက်
		နေပြည်တော်တိုင်း						
၁	ပေါင်းလောင်းရေလှောင်တမံ	နေပြည်တော်တိုင်း/ဥတ္တရခရိုင်	၃၇၇.၃၁	၅၄၉၄.၂၀	၃၈၀.၀၉	၅၆၁၃၄၃	-	(၂.၇၈)လေ
		ဓေယျာသီရိမြို့	၂၉၅.၂၉	၂၇၃၆၅၆				ရေကျော်
၂	ရောင်းမင်းယံရေလှောင်တမံ	နေပြည်တော်တိုင်း/ဒကွိုဏာခရိုင်	၈၆	၉၁၇၇၀	၈၆.၇၀	၉၄၃၄	-	(၀.၇၀)လေ
		လယ်ဝေးမြို့	၄၆	၁၅၃၀၀				ရေကျော်
		ကရင်ပြည်နယ်						
၃	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်	၃၆	၂၈၄၇၄	၃၆.၄၀	၂၉၅၀၁	၀.၂၀	(၀.၄၀)လေ
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				ရေကျော်
		ရှမ်းပြည်နယ်						
၄	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၀၀	၁၈၀၁	၆၉.၁၀	၁၉၀၂	၀.၃၀	(၀.၃၀)လေ
		ဖလမ်းမြို့	၂၆	၁၀၃				ရေကျော်
၅	သီဂီရိ၊ရေလှောင်တမံ	ဟားဒေါ်ခရိုင်/	၆၅	၁၃၆၅	၆၅.၂၀	၁၃၂၄	-	(၀.၂၀)လေ
		ထန်တလန်မြို့	၁၅	၇၅				ရေကျော်
		စစ်ကိုင်းတိုင်းဒေသကြီး						
၆	မဟာနန္ဒာကန်	ရွှေဘိုခရိုင်/	၆	၁၀၉၅	၆.၄၀	၁၁၇၀	-	(၀.၄၀)လေ
		ရွှေဘိုမြို့	၀	၁၂၂				ရေကျော်
၇	မြောက်ယမားရေလှောင်တမံ	ယင်းမာပင်ခရိုင်/	၅၄	၁၄၀၅၇	၅၄.၃၀	၁၄၂၄၄	-	(၀.၃၀)လေ
		ပုလဲမြို့	၂၉	၂၀၃၆				ရေကျော်
၈	မြောက်ယမားရေကူ	ယင်းမာပင်ခရိုင်/	၁၂	၁၂၂၉၀၀	၁၂.၄၀	၁၂၄၄၉၄	-	(၀.၄၀)လေ
	ရေလှောင်တမံ	ပုလဲမြို့	၇၉	၂၁၂၄၀				ရေကျော်
၉	ရာဆင်ကြိုလမ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀	၁၄၆.၆၀	၅၄၅.၂၀	-	(၁.၆၀)လေ
		ကလေးမြို့	၈၅	၈၀၀၀				ရေကျော်
		ပဲခူးတိုင်းဒေသကြီး (အရှေ့)						
၁၀	ပသီရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	၈၀.၉၀	၃၁၃၅၅	-	(၀.၉၀)လေ
		တောင်ငူမြို့	၂၅.၆	၁၅၀၅				ရေကျော်
၁၁	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၈.၂၀	၂၃၇၀	-	(၀.၂၀)လေ
		အုတ်တွင်းမြို့	၂၅	၅၀၀				ရေကျော်
၁၂	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃	၂၂၂.၅၀	၆၈၆၉၃၆	၀.၉၅	(၃.၅၀)လေ
		ဖြူးမြို့	၁၁၆.၆	၂၉၉၄၉				ရေကျော်
၁၃	ရဲနွယ်ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀၅	၉၃၁၀၀	၂၀၈.၁၀	၉၉၂.၂၄	၀.၂၂	(၃.၁၀)လေ
		ကျောက်တံခါးမြို့	၈၈.၂	၃၄၉၀၀				ရေကျော်
၁၄	တောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂.၀၀	၇၃.၆၀	၃၆၁၆၀	၁.၃၁	(၀.၆၀)လေ
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				ရေကျော်
၁၅	ပျည်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	၄၁.၀၀	၁၁၃၃၃	၁.၄၀	(၁.၀၀)လေ
		ဒိုက်ဦးမြို့	၀	၁၄.၂၀				ရေကျော်
၁၆	မခင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၀၆	၅၃.၃၀	၂၀၀.၂၄	-	(၁.၃၀)လေ
		ပဲခူးမြို့	၂၅	၂၄၅၆				ရေကျော်
၁၇	ဓလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၀၉၁.၂	၄၀.၄၀	၁၉၆၀၄	-	(၀.၉၀)လေ
		ပဲခူးမြို့	၁၂.၅	၇၅၀				ရေကျော်
၁၈	ရွှေပြည် (၃)ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀	၃၇၀၀	၂၀.၃၀	၃၄၄၀	၁.၁၀	(၀.၃၀)လေ
		ပဲခူးမြို့	၀	၄၀				ရေကျော်
၁၉	ကိုဒုကွဲ့ရေလှောင်တမံ	ပဲခူးခရိုင်/	၀၀	၁၄၈၃၄	၀၁.၆၀	၁၅၉၆၆	၀.၄၆	(၀.၆၀)လေ
		ပဲခူးမြို့	၃၅	၁၀၁၈၅				ရေကျော်
		ပဲခူးတိုင်းဒေသကြီး (အနောက်)						
၂၀	တောင်နဝင်းရေထိန်းတမံ	ပြည်ခရိုင်/	၃၆	၂၁၁၉၆	၃၆.၉၉	၂၄၃၅၂	-	(၀.၉၉)လေ
		ပေါက်ဓါးမြို့	၂၉.၄၄	၁၀၅၄၉				ရေကျော်
၂၁	ပဲကြီးရေရေလှောင်တမံ	ပြည်ခရိုင်/	၁၀၂	၂၅၂၀၀	၁၀၃.၉၀	၂၇၁၂၅	-	(၁.၉၀)လေ
		ပေါင်းတည်မြို့	၇၀	၂၅၀၀				ရေကျော်
၂၂	တောင်ညီ၊ရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀	၉၆.၃၀	၂၂၁၀၀	-	(၁.၃၀)လေ
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅				ရေကျော်
၂၃	တော်တင်ရေလှောင်တမံ (၂)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈	၁၀၀.၂၀	၂၆၇၄	-	(၀.၂၀)လေ
	(တော်တင်ရောင်း)	ဒီးကုန်းမြို့	၆၅	၅၈၄၂				ရေကျော်
၂၄	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	၆၆.၄၀	၅၄၉၀၀	-	(၀.၄၀)လေ
		လက်ပံတန်းမြို့	၄၀	၄၁၂၀				ရေကျော်
		မကွေးတိုင်းဒေသကြီး						
၂၅	မြစ်သာရေလှောင်တမံ	ဂန်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	၁၈၅.၄၀	၃၀၀၂၄၂	-	(၀.၄၀)လေ
		ဂန်ဂေါမြို့	၁၃၅	၁၅၂၉၃၅				ရေကျော်
၂၆	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀	၁၄၀.၄၀	၆၂၅၁.၈	-	(၀.၄၀)လေ
		စေတုတ္တရာမြို့	၆၀	၉.၅၅၀				ရေကျော်
၂၇	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁.၀	၁.၀၀၀	၁.၀.၅၀	၁.၂.၀	-	(၀.၅၀)လေ
		ငဲမြို့	၆၀	၁၀၅.၀				ရေကျော်
၂၈	ကြီးအုံ့ကြီး၀ရေလှောင်တမံ	မင်းဘူးခရိုင်/	၁.၃.၅	၃၀.၂.၀	၁.၃.၅.၅	၃၀.၂.၀	-	(၁.၀၀)လေ
		မွန်ဖြူ	၅၆	၂.ခ.ခ.၂				ရေကျော်
၂၉	ဘွက်ကြီးရေရေလှောင်တမံ	သရက်ခရိုင်/	၉၅	၇.ခ.ခ.၂	၉.၅.၂	၇.ခ.ခ	-	(၀.၂၀)လေ
		အောင်လံမြို့	၆.ခ	၁.ခ.ခ.၅				ရေကျော်
		ရခိုင်ပြည်နယ်						
၃၀	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁.၂	၃.၂.၀	၁.ခ.ခ	-	(.ခ.ခ)လေ
		မင်းပြားမြို့	၁၀	၉				ရေကျော်
၃၁	ချောက်ချောင်း	မြောက်ဦးခရိုင်/	၄.ခ	၁.ခ.ခ	၄.ခ.၂.၀	၁.ခ.ခ	-	(.ခ.ခ)လေ
	ရေလှောင်တမံ	ကျောက်တော်မြို့	၁.ခ	၁.၂.၀				ရေကျော်
		ရန်ကုန်တိုင်းဒေသကြီး						
၃၂	မဟူရာ (ငမိုးရိပ်)ရေကူ	ရန်ကုန် (မြောက်ပိုင်း)ခရိုင်/	၉.ခ	၅.ခ.ခ.၂	၉.ခ.၄.ခ	၅.ခ.ခ.၂	-	(.ခ.ခ)လေ
	ရေလှောင်တမံ	လှည်းကူးမြို့	၃.ခ	၂.ခ.ခ				ရေကျော်
၃၃	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန် (မြောက်ပိုင်း)ခရိုင်/	၆.၂	၁.ခ.ခ.ခ.ခ	၆.၂.ခ.ခ	၁.ခ.ခ.ခ.ခ	-	(.ခ.ခ)လေ
		လှည်းကူးမြို့	၃.ခ	၁.၂.ခ.ခ				ရေကျော်
၃၄	ဘန်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန် (တောင်ပိုင်း)ခရိုင်/	၁.၃	၁.၅.၅.၅	၁.၃.၅.၅	၁.ခ.၁	၀.၂.ခ	(.ခ.ခ)လေ
		ကျောက်တန်းမြို့	၂.ခ.ခ	၁.ခ.ခ				ရေကျော်
၃၅	ဓာတေးအင်းရေလှောင်တမံ	ရန်ကုန် (တောင်ပိုင်း)ခရိုင်/	၁.၂	၅.ခ.ခ.ခ	၁.၂.ခ.ခ	ခ.ခ.ခ.ခ	၀.၁ခ	(.ခ.ခ)လေ
		သန်လျင်မြို့	၂	၃.၂.ခ				ရေကျော်
		ရှမ်းပြည်နယ် (မြောက်ပိုင်း)						
၃ခ	မုံးရင်ရေလှောင်တမံ	ကျောက်မဲခရိုင်/	၈.ခ	၂.ခ.ခ.ခ	၈.ခ.ခ.ခ	၂.ခ.ခ.ခ	-	(.ခ.ခ)လေ
		နမ္မတူမြို့	၅.ခ	၅.ခ.ခ				ရေကျော်
		စရောတီတိုင်းဒေသကြီး						
၃၇	ကညင်ရေလှောင်တမံ	ဟသံတခရိုင်/	၁.ခ.ခ	၁.ခ.ခ.ခ.ခ	၁.ခ.ခ.ခ	၁.ခ.ခ.ခ.ခ	၀.ခ.ခ	(.ခ.ခ) လေ
		အင်္ဂပူမြို့	၈.ခ	၂.ခ.ခ.ခ				ရေကျော်

မြန်မာ့အနုပညာလက်ရာ ယွန်းထည်များအား မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

Bagan Art Centre နှင့် နိုင်ငံတကာ မိတ်ဆွေများအဖွဲ့ (IFG) ရန်ကုန်တို့ ပူးပေါင်း၍ အင်းလျားလိတ်ဟိုတယ် ကျောက်စိမ်းခန်းမတွင် စက်တင်ဘာလ ဒုတိယပတ်က မြန်မာ့အနုပညာလက်ရာ ယွန်းထည်ပစ္စည်း မိတ်ဆက်ပွဲအခမ်း အနားပြုလုပ်သည်။

Bagan Art Centre မှ ဥက္ကဋ္ဌ ဦးမြင့်ဇော်လွင်က ဖခင်ဖြစ်သူ ဦးသိန်းလွင် (ကျောက်မျက်အထူးအကြံပေးပုဂ္ဂိုလ်) (၁၉၈၂-၂၀၁၅) မှ ပုဂံယဉ်ကျေးမှု နယ်မြေတွင် အလုပ်ရုံဖွင့်လှစ်ကာ ရန်ကုန်အရောင်းပြခန်းကိုလည်းကောင်း၊ ဦးအောင်မြင့်ဇော်နှင့် ဦးအောင်ကိုဇော်တို့က ယွန်းထည်လုပ်ငန်းနှင့် ကုန်ကြမ်းမှ ကုန်ချောအဆင့်ဆင့် ထုတ်လုပ်မှုတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

Bagan Art Centre မှ နိုင်ငံတကာနည်းပညာများဖြင့် ပြုလုပ်ထားသော ယွန်းထည်များအပါအဝင် ခေတ်ပေါ်လူမှုအသုံးအဆောင်ပစ္စည်းများကို မြန်မာ့ရိုးရာယွန်းအတတ်ပညာဖြင့် ပေါင်းစပ်ပြုလုပ်ခြင်းလုပ်ငန်းများအကြောင်း

ဆွေးနွေးတင်ပြရာ တက်ရောက်လာသော နိုင်ငံတကာဧည့်သည်များက အထူးတလည် စိတ်ဝင်စားပြီး ဝယ်ယူအားပေးကြကြောင်း သိရသည်။

အောင်တိုးတက်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ အသိပေးမိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ အသိပေးမိတ်ဆက်ခြင်းနှင့် မသန်စွမ်းသူများ အကျိုးဝင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို KB Bank တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီမာတင်က ဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် TLMM မှ ဦးညီညီလွင်က မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ၊ နည်းဥပဒေများပါ မသန်စွမ်းသူများအတွက် ပညာရေး၊ လူမှုရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ရပိုင်ခွင့်များကို ရှင်းလင်းဆွေးနွေးသည်။ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက မသန်စွမ်းဆိုင်ရာ ခရိုင်၊ မြို့နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များနှင့် နည်းလမ်းများကို ဆွေးနွေးသည်။

အခမ်းအနားတွင် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများက ၎င်းတို့ကြုံတွေ့ရသည့် လူမှုရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခက်အခဲများ၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့် နည်းဥပဒေများ အသက်ဝင်စေရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်းကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

မြို့နယ် (မြန်/ဆက်)

ပျော်ဘွယ်ဌ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပျော်ဘွယ်မြို့ မြင်းဘက်ရပ် အမေထိန်းခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်လွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝါရီနွယ်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

တိုတိုထွာထွာဖတ်စရာ

တိုက်နယ်ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မေတ္တာ

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာတိုက်နယ်ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မေတ္တာနယ်မြေရဲစခန်းမှ ခေတ္တစခန်းများ ရဲအုပ်မြင့်ဦးနှင့်အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် မေတ္တာမြို့တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်များမှ အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းပေးခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မေတ္တာ(ပြန်/ဆက်)**

ရှားတော၌သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား ထောက်ပံ့

ရှားတော

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှင့် ဘီးတပ်ကုလားထိုင် (wheel chair) တစ်ခုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီတွင် သွားရောက်ထောက်ပံ့ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့်အဖွဲ့သည် ရှားတောမြို့ ဈေးပိုင်းရပ်ကွက်တွင်နေထိုင်သော ဒေါ်ဌေးမို အသက် ၉၄ နှစ်အား ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို သွားရောက်ထောက်ပံ့ခဲ့သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရှားတောမြို့ တောင်ပိုင်းရပ်ကွက်တွင်နေထိုင်သော မသန်စွမ်းသူ ဒေါ်မြင့်မြင့်စန်းအား ဘီးတပ်ကုလားထိုင် (wheel chair) တစ်ခုကို သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းအောင်(ပြန်/ဆက်)**

ပြေစာပေါ်ကျသင့်အခွန်အမှတ်တံဆိပ်ကပ်ရေးအသိပညာပေး

ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ကျောင်းသား ကျောင်းသူများအား အခွန်စည်းပေးဆွေးနွေးခြင်းနှင့် စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းလုပ်ငန်းရှင်များကို အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်းပွဲအခမ်းအနားကို တောင်ဥက္ကလာပအမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန တောင်ဥက္ကလာပ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ထက်ထက်စုလှိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးထင်လင်းကျော်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် အခွန်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြောင်းနှင့် အခမ်းအနားသို့ လုပ်ငန်းရှင် ၈၀ နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **မြင့်မောင်**

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အသိပညာပေးရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၄

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အသိပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က "သက်ကြီးရွယ်အိုတွေကိုယ်တိုင် သူတို့ရဲ့ အခွင့်အရေးတွေသိရှိဖို့လိုသလို ကျန်တဲ့ပြည်သူတွေကလည်း သက်ကြီးရွယ်အိုတွေရဲ့ အခွင့်အရေးတွေကိုသိရှိပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ပေးမယ်ဆိုရင် တစ်ချိန်မှာ သက်ကြီးရွယ်အိုတွေ ဘဝဟာ ဒီထက်ပိုမိုချောမွေ့အဆင်ပြေမှာဖြစ်ပါတယ်" ဟုပြောသည်။

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေတွင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများဖြစ်သည့် အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရေးတို့တွင် သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးမြေးများထံမှ စရိတ်ထောက်ပံ့မှု ရပိုင်ခွင့်၊ နိုင်ငံတော်နှင့် စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အိုထောက်ပံ့ငွေကို ရပိုင်ခွင့်များ၊ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်နှင့် အခြားသက်ကြီးရွယ်အိုတို့ ရပိုင်ခွင့်များ ပါဝင်သည့်အပြင် သက်ကြီးရွယ်အိုများအား လျစ်လျူရှုထားသူများအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များ လည်း ပါဝင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အသက် ၆၀ နှင့် အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို သက်ကြီးရွယ်အိုများ အဖြစ်သတ်မှတ်ထားပြီး တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ ၉ ဒသမ ၁ ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

ရန်ကုန်သို့တစ်ရက်လျှင်ငါး၊ပုစွန်ကုန်ချိန်ပိသာခုနစ်ထောင်ကျော်တင်ပို့လျက်ရှိ

ဖျာပုံ စက်တင်ဘာ ၁၄

ဖျာပုံမြို့တွင် ယခုရက်ပိုင်း ရာသီဥတုမှာ နေပူလိုက်၊ မိုးရွာလိုက်ဖြစ်နေရာ ရေချိုငါး၊ ပုစွန်လုပ်ငန်းရှင်တို့အတွက် ငါး၊ ပုစွန်များ အမိအရများသည့် ရာသီဥတုဖြစ်နေကြောင်း သိရသည်။

တော်သလင်းမိုး ကန်သင်းကျိုးဆိုသည့်အတိုင်း မိုးရွာသွန်းမှုကလည်းများသဖြင့် လယ်ကန်သင်းများပေါ် ရေလျှံခြင်း၊ အချို့လယ်ကန်သင်းများ ကျိုးကျပြီး လယ်ကွင်းအတွင်းရှိ ငါး၊ ပုစွန်ဥများ၊ ငါး၊ ပုစွန်အကောင်ငယ်များ မြစ်ချောင်းများမှ ရေစီးဖြင့်မျောပါလာကြသဖြင့် တင်ဒါ၊ ပိုက်ချက် ရေချိုလုပ်ငန်းရှင်တို့ ငါး၊ ပုစွန်များ အမိအရများသည့်ကာလဖြစ်သည်။

ငါး၊ ပုစွန်များ သာမန်အားဖြင့် အခြားရက်များတွင် တစ်ပိသာကျပ် ၁၀၀၀၀ အထက်ရှိနေရာမှ စက်တင်ဘာ ၁၄ ရက် နံနက်က ဖျာပုံငါးဈေးစားသုံးသူဈေးကွက်တွင် ပုစွန်ဇော့ချိပ်၊ ပဲနံပြားတစ်ပိသာကျပ် ၄၀၀၀ မှ ကျပ် ၆၀၀၀၊ ကကတစ်ငါး၊ ငါးပုဏ္ဏား၊ ကသပိုးငါးနှင့် ငါးစင်ရိုင်းငါးများ တစ်ပိသာဌေကျပ် ၆၀၀၀ မှ ဌေကျပ် ၁၀၀၀၀ ဝန်းကျင် ရောင်းချလျက်ရှိကြသည်။

ဖျာပုံစားသုံးသူဈေးကွက်မှ ပိုလျှံသည့် ငါး၊ ပုစွန်များကို ညနေတွင် ကား၊ ရေယာဉ်များဖြင့် ရန်ကုန်ဗဟိုစံပြငါးဈေးသို့ တင်ပို့လျက်ရှိပြီး ယခုရက်ပိုင်း တစ်ရက်လျှင် ငါး၊ ပုစွန် ပိသာချိန် ၇၅၀၀ မှ ပိသာချိန် ၁၀၀၀၀ အထိ တင်ပို့လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ဆွာချောင်းရေကြီးရေလျှံမှုကြောင့်နစ်မြုပ်သွားသည့်ယာဉ်နှစ်စီးအား ဆည်မြောင်းဦးစီးဌာနမှပြုပြင်ပေး

ဆွာ စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းဆည်တမံပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဆွာမင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ရွှေသပြေကျေးရွာသည် လူနေအိမ်များစွာမျောပါဆုံးရှုံးပျက်စီးခဲ့ရပြီး ၁၀ ဘီး ကုန်တင်ယာဉ်တစ်စီး၊ ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးတို့ ရေနစ်မြုပ်သွားခဲ့ရသည်။

ထိုသို့ ရေနစ်မြုပ်ပျက်စီးသွားသည့် ယာဉ်နှစ်စီးအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂) တောင်ငူမှ ကရိန်းယာဉ်ဖြင့် စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရွှေသပြေကျေးရွာနေ ဦးလှထွန်းပိုင်ဆိုင်သော HINO 10 ဘီးယာဉ်အား ကားလမ်းပေါ် သို့မတင်ပေးခဲ့ပြီး ယနေ့ နံနက်ပိုင်း၌ ယင်းကျေးရွာနေ ဦးမောင်ကိုကြီးပိုင် ခြောက်ဘီး CARGO ယာဉ်အား ကရိန်းယာဉ်ဖြင့်မတင်ပေးခဲ့ပြီး ဌာနစက်ပြင်အလုပ်ရုံသို့ ဆက်လက်ဆွဲယူကာ အကောင်းဆုံးပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂) တောင်ငူမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားသည်။

"ရေနစ်မြုပ်သွားတဲ့ယာဉ်နှစ်စီးကို ကျွန်တော်တို့ဌာနစက်ပြင်အလုပ်ရုံမှာ အကောင်းဆုံး လိုအပ်သလို ပြုပြင်ပေးသွားမှာပါ။ ဘော်ဒီပိုင်းထိခိုက်ပျက်စီးမှုတွေအတွက် ဘော်ဒီကိုင်တဲ့ ဆရာတွေရှိပါတယ်။ ဆုံးရှုံးနစ်နာသွားတဲ့ ဒေသခံတွေအတွက် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကျင်းပ

ရမ်းဗြဲ

ရခိုင်ပြည်နယ် ရမ်းပြဲမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ရမ်းပြဲမြို့ အထက(၁) မဟာပညာကျော်ခန်းမတွင် ကျင်းပသည်။

ရမ်းပြဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်ဝင်းနှင့် ဥပဒေအရာရှိ ဦးကျော်လင်းထွန်းတို့က လူကုန်ကူးမှုဖြစ်ပွားရခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတင်ရွှေက ကျောင်းသား၊ ကျောင်းသူများကို လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးအောင် အသိပညာပေးဆွေးနွေးပြီးနောက် ရမ်းပြဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းက ရမ်းပြဲမြို့နယ်တွင်းမှ လူကုန်ကူးမှုခံခဲ့ရသူများအား ပြန်လည်လက်ခံပေးခဲ့ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ရမ်းဗြဲ(ပြန်/ဆက်)**

ရန်ကုန်

သက်ငယ်မှဒိမ်းမှုပယောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒေါပုံမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူးထွန်းထွန်းနိုင်၊ ဒေါပုံမြို့နယ် ဥပဒေအရာရှိ ဦးဇော်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်မို့မို့အေး၊ YMCA အထွေထွေအတွင်းရေးမှူး၊ ဗိုလ်တထောင်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာဥာဏ်၊ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေတို့က ယနေ့ လူထုအတွင်းဖြစ်ပေါ်နေသော သက်ငယ်မှဒိမ်းမှုအန္တရာယ်နှင့် လူကုန်ကူးမှုမခံရစေရေး၊ သက်ငယ်မှဒိမ်းနှင့် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို သိရှိရှောင်ရှားနိုင်စေရေးအတွက် အကျယ်တဝင့် ပညာပေးဆွေးနွေးခဲ့ကြသည်။ **ဒေါပုံ(ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြော

လှည်းကူး စက်တင်ဘာ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရွာမရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စက်တင်ဘာ ၁၂ ရက်က လှည်းကူးမြို့မ ရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ဥပဒေအကြောင်းအရာတို့နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရခြင်းကြောင့် ရရှိသောဆိုးကျိုးများ၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မများ၊ ပြစ်မှု ပြစ်ဒဏ်များကို ကျောင်းသားကျောင်းသူများအား အသိပညာပေးရှင်းလင်း ဟောပြောခဲ့ပြီး လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **နိုင်လင်း(ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ် ကျေးရွာ ၁၃ ရွာ လျှပ်စစ်မီးရရှိတော့မည်

ဝမ်းတွင်း စက်တင်ဘာ ၁၄

ဝမ်းတွင်းမြို့နယ်၌ တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၁၁ ကေဗီဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး၍ နိုဝင်ဘာ ပထမပတ်တွင် ကျေးရွာ ၁၃ ရွာ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နိုင်ငံတော်မှ ကျေးရွာတိုင်း လျှပ်စစ်မီးရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရာ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းစေရန် ၂၀၁၈ ခုနှစ် ပထမခြောက်လပတ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာ မီးလင်းနိုင်ရေးရန်ပုံငွေများ ခွင့်ပြုခဲ့သည်။ ၎င်းရန်ပုံငွေဖြင့် ရာဇဝတီကုမ္ဗဏီမှ တာဝန်ယူပြီး ဧပြီ ၂၅ ရက်မှစတင်၍ ဓာတ်အားလိုင်းဆွဲခြင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါ ၁၁ ကေဗီ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

ထိုသို့ တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်မီးရရှိစေရေးအတွက် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာ တပ်ဆင်ခြင်းကို ရွဲသီး၊ တောင်ဆည်၊ မကျီးအုပ်၊ ပဲနှံ့သာ၊ အိုမတွေ့၊ ပုလဲဝါ၊ သဖန်းပင်၊ ဖလံကျင်း၊ ရှောက်တော၊ ဂုန်ကွေ့(ဇနက္က)၊ ကုန်းရွာ၊ ထန်းတောကြီး၊ ဒါးလှကျေးရွာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၃ ရွာ အား တစ်ရွာလျှင် ထရန်စဖော်မာ တစ်လုံးနှုန်းဖြင့် အိမ်ခြေ အနည်းအများ အလိုက် ၁၀၀ ကေဗီအေ မှ ၃၁၅ ကေ ကေဗီအထိ ထရန်စဖော်မာများ တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းများ ပြီးစီးသော်လည်း လျှပ်စစ်မီးများလင်းနိုင်ရန် ကျေးရွာများရှိ နေအိမ်များသို့ ဝါယာကြိုးများ သွယ်တန်းခြင်းနှင့် မီတာဘောက်များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် ကျေးရွာအတွင်း လျှပ်စစ်မီးလင်းနိုင်ရေး နိုဝင်ဘာ ပထမပတ်၌သာ ကျေးရွာ ၁၃ ရွာလုံး လျှပ်စစ်မီးလင်းနိုင်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများအား သတ်မှတ်ကာလ အတွင်း ပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ စနစ်တကျ တည်ဆောက်နိုင်ရေး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လျှပ်စစ် အင်ဂျင်နီယာတို့က ၎င်းကျေးရွာများသို့ စက်တင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ၁၃ ရွာကိုလည်း လျှပ်စစ်မီးရရှိနိုင်ရေး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သုံးခွမြို့နယ် လက်ပန်ကျေးရွာ၌ကန်တော်ကြီးလမ်းအားကွန်ကရစ်ခင်း

သုံးခွ စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာတွင် ကန်တော်ကြီးလမ်းအား အရှည်ပေ ၆၅၀၊ အကျယ် ရှစ်ပေ၊ ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာ SMU ဥက္ကဋ္ဌဦးစိန်နွဲ့နှင့် ကော်မတီဝင်များက စက်တင်ဘာ ၁၃ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ကရစ်လမ်း ပြီးသွားပါက သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်သဖြင့် ကျေးရွာသူကျေးရွာသားများ ကျေနပ်ဝမ်းသာနေကြသည်။

ကိုကျော်(သုံးခွ)

အလုံမြို့နယ်တွင် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်

အလုံ စက်တင်ဘာ ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်နန့်သန္တာညွန့်နှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် သစ်တောရပ်ကွက် စည်ပင်ကွန်တိန်နာဝင်းအတွင်းရှိ အသက်ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ပြည်သူ ၆၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများက ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

တင်မောင်ဦး (အလုံ)

လသာမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းနိုင်နှင့်မြို့နယ်ရဲစခန်းမှူးဒုရဲမှူးယဉ်ထွေးတို့က သိမ်ကြီးဈေး(ဒီ)ရဲ့ ဂမုန်းပွင့် ကုန်တိုက်ရှေ့တွင် ရပ်ကွက်နေပြည်သူများ၊ ဈေးသူ၊ ဈေးသားများ အင်အား ၂၂၀ အား စက်တင်ဘာ ၈ ရက်က သက်ငယ်မုဒိမ်းမှု ပဝေါက်ရေးနှင့်မှုခင်းပညာပေးလုပ်ငန်းဆောင်ရွက်စဉ်။ **မီးမီး(လှိုင်)**

ပင်းတယမြို့နယ် စံသီးပြေသာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် အလှူငွေပေးအပ်

ပင်းတယ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကူးကော်ကျေးရွာအုပ်စု စံသီးကုန်းကျေးရွာရှိ စံသီးပြေသာဘုန်းတော်ကြီးကျောင်းသစ်ဆောက်လုပ်ခြင်းအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လျှဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီးဘုန်းတော်ကြီးကျောင်းသစ်ဆောက်လုပ်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၅၀ အား ပေးအပ်ရာ စံသီးကုန်းကျေးရွာ စံသီးပြေသာကျောင်းဂေါပကအဖွဲ့ဝင် ဦးကံပေးကလက်ခံရယူသည်။

ခင်မျိုးနွယ်(ပင်းတယ)

မဘီမ်းမြို့နယ် အားကစားကွင်းအား အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများ ပြီးစီး

မဘီမ်း စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘီမ်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မဘီမ်းမြို့ ကုန်းခါးရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတစ်ရပ်အနေဖြင့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သည့် Outdoor Fitness များတပ်ဆင်ခြင်းလုပ်ငန်းကို မေလမှစတင်၍ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်သည်။

အရှည်ပေ ၁၈၀၀၊ အမြင့် ခြောက်ပေ၊ ထု ကိုးလက်မရှိ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းနှင့် Outdoor Fitness တပ်ဆင်ခြင်းလုပ်ငန်းများကို Main Myint Co, Ltdမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်းကို အုတ်တံတိုင်းကာရံနိုင်ခဲ့ခြင်းကြောင့် ကျွဲ၊ နွားတိရစ္ဆာန်များ မဝင်ရောက်နိုင်သဖြင့် အားကစားကွင်းအရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကာ Outdoor Fitness များ တပ်ဆင်ပေးခြင်းကြောင့် ပြည်သူများ အားကစားလေ့ကျင့်ခန်းများ အလွယ်တကူပြုလုပ်နိုင်မည်ဖြစ်ကြောင်း မဘီမ်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှျား ဦးဝင်းလွင်က ပြောကြားသည်။

ထိန်လင်းဦး (ပြန်/ဆက်)

မှုခင်းရေးရာအမြောက်အမြား

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြစ်ကြီးနား

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်ဗိုးဝင်းသည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က မော်ဟန်-နမ္မချီသွားလမ်း မော်ဟန်သုသာန်အနီး၌ စောင့်ဆိုင်းနေစဉ် နမ္မချီမှော်ဘက်မှ မြင့်ဦး မောင်းနှင်ပြီး ထွန်းလင်း ထိုင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူအလေးချိန် ၈ရမ် ၃၄၀ ကို ရှာဖွေဖမ်းဆီးရခဲ့ပြီး မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူနှစ်ဦးအား မြို့နယ်ရဲစခန်းမှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိုးနဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လုံခြုံရေး ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၁ နာရီခန့်တွင် လွိုင်မြေရပ်ကွက်ရှိ အုတ်ဖိုဘုန်းတော်ကြီးကျောင်းရှေ့ မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်းတွင် ဖြတ်သန်းသွားလာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးစဉ် လင်းခေးဘက်မှ မိုးနဲသို့ ဆိုင်ကယ်မောင်းနှင်လာသူ လုံးဘမိုးနဲမြို့ ဆွန်မွန်း ကျေးရွာနေသူအား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ ပြား၊ ဘိန်းမည်း ၁၀ ဂရမ်ခန့်ကို ရှာဖွေသိမ်းဆီးရမိသဖြင့် မြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေ၁

ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်ရဲအုပ်ကောင်းမြတ်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၃ ရက် ည ၉ နာရီခွဲက ကသာမြို့ အမှတ် (၉) ရပ်ကွက် အုပ်ဝင်း(၁)နေ ညီညီအောင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ညီညီအောင်နှင့် အတူ အင်ယလေး (ခ) ကျော်သူထွန်း၊ သီဟဇော်၊ အောင်မျိုးဝင်းတို့အနီးမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇ ပြားကို တွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ဇေယျာသီရိ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်

ဇေယျာသီရိ စက်တင်ဘာ ၁၄

ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်တာဝန်ရှိသူများသည် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ပြည်စစ်အောင် အထက ရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများအား ညအခ်ိန်နှင့် မီးရှာနေသောအခ်ိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်နှင့် ဆိုင်ကယ်နောက်မြီးတို့တွင် ရောင်ပြန်စတစ်ကာများကပ်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

လူကုန်ကူးမှုနှင့် မူးယစ်အန္တရာယ် မှုခင်းပညာပေး

သထုံ စက်တင်ဘာ ၁၃

ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေ၊ မော်လမြိုင်အခြေစိုက် အမှတ်(၁၅) ရထားရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကျော်ဇေယျ၊ အလှပ်ရဲကင်းစခန်းမှူး ဒုရဲအုပ်ကျော်သူအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ပေါင်မြို့နယ် ကျားဘိုကျေးရွာ အ-ထ-က(ခွဲ)၌ မုဒိမ်းမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးမှုနှင့်ပတ်သက်သော ပညာပေးမှုများနှင့် ရထားလမ်းများတွင် တိုက်ကြိတ်မှုများ မဖြစ်ပွားစေရေး ဆောင်ရန်ရှောင်ရန်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပညာပေးဟောပြောခဲ့သည်။ **လှိုင်ထွန်းအောင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ် (၅၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ PhD, MEd, MPhil, MA (TEFL), (Dip ECCD), BEd (ပဉ္စမနှစ်) ၂၀၁၂အောင်၊ BEd (ပဉ္စမနှစ်) အမှတ်စဉ်(၁၇)၊ BEd (စာပေးစာယူ)၊ PGDMA အမှတ်စဉ်(၁၈)နှင့် Dip (ELTM) သင်တန်းအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

ကျင်းပမည့်ရက် - ၂၉-၁၂-၂၀၁၈ရက်(စနေနေ့)နှင့် ၃၀-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

ကျင်းပမည့်အချိန် - **၂၉-၁၂-၂၀၁၈ရက်(စနေနေ့) နံနက်ပိုင်း ၉နာရီ**
Ph.D, MEd, MPhil, MA (TEFL), (Dip ECCD)၊ BEd (၂၀၁၂ အောင်)၊ BEd (စာပေးစာယူ) ဘောဂဗေဒ(အထူးပြု)

- **၂၉-၁၂-၂၀၁၈ရက်(စနေနေ့) မွန်းလွဲပိုင်း ၁၄:၀၀နာရီ**
BEd အမှတ်စဉ်(၁၇)၊ Dip (ELTM), PGDMA (18)၊ BEd (စာပေးစာယူ) သင်္ချာ (အထူးပြု)

- **၃၀-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်း ၉:၀၀နာရီ**
BEd (စာပေးစာယူ) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ (အထူးပြုများ)

- **၃၀-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲပိုင်း ၁:၀၀နာရီ**
BEd (စာပေးစာယူ) သမိုင်း၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ဇီဝဗေဒ (အထူးပြုများ)

အစမ်းလေ့ကျင့်မည့်ရက် - ၂၈-၁၂-၂၀၁၈ရက်(သောကြာနေ့)

အစမ်းလေ့ကျင့်မည့်အချိန်- နံနက် ၉:၀၀နာရီ
Ph.D, MEd, MPhil, MA (TEFL), (Dip ECCD), BEd, Dip (ELTM) PGDMA(18)
မွန်းလွဲ ၁ခုနာရီ
BEd (စာပေးစာယူ)ဘွဲ့များ

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာစတင် လက်ခံမည့်ရက် - ၁-၁၀-၂၀၁၈ရက်(တနင်္လာနေ့)

လျှောက်လွှာပိတ်ရက် - ၁၅-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)

မှတ်ချက်။(၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရယူ၍ပြည့်စုံစွာ ဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက်(၁)လအတွင်း မြန်မာ၀တ်စုံဖြင့် ရိုက်ကူးထားသော(၂×၁½)လက်မဓာတ်ပုံ(၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံအပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့်ညီညွတ်သော ဓာတ်ပုံ(၂)ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ်၊ ပီသစွာရေး၍ နိုင်ငံသားစစ်စစ်ရေးကတ်မိတ္တူနှင့်အတူ သတ်မှတ်သောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၃) နယ်မှလျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင်ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ လ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ နေရပ်လိပ်စာအပြည့်အစုံ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာ၀တ်စုံ၊ တိုင်းရင်းသား၀တ်စုံ၊ အနောက်တိုင်း၀တ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီ၊ အကျီနှင့်တိုင်းရင်းသား၀တ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။

(၅) ဘွဲ့၀တ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၂-၁၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၆) အသေးစိတ်ကိုဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။ (Ph:01-534273)

(စန္ဒာထွန်း)
လ/ထမော်ကွန်းထိန်း

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့အထွက်၊ အထည်ချုပ်စက်ရုံအနီး ခြံခတ်ပြီး၊ ရေပါမီးရှိ၊ ကွန်ကရစ်လမ်းပေါ် ပေ၄၀×၆၀ = ၆၅သိန်း
ပေ ၂၅×၉၀ = ၄၅သိန်း (ညှိနှိုင်းစျေး)
ဖုန်း- ၀၉ ၇၉၅၅၁၈၃၃၅၊ ၀၉ ၇၉၆၇၉၇၂၅၈

ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြေမြို့ အမှတ်(၁၁၈)၊ ကျွန်းတော(၂)လမ်း၊ မြကန်သာရပ်ကွက်နေ ဂရေ(စ်) နန့်ဖောင်ဟီ [၁၄/မမန(နိုင်)၃၄၀၄၇၆]၏ဖခင် အမည်မှန်မှာ ဦးဖလုံ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မဇင်မာဌေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဌေး[၁၁/တကန(နိုင်)၀၇၆၄၇၃]ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကြည်ဖြိုးလွင် [၁၂/စခန(နိုင်)၀၆၈၃၀၈]၏ Yoon Yamone Co.,Ltd ၏ ထုတ်ကုန်သွင်းကုန်ကတ် မူရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

မောင်ကြည်ဖြိုးလွင်
ဖုန်း-၀၉-၇၆၂၂၉၈၉၂၆

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းချမ်းသူ [၁၂/စခန(နိုင်)၀၆၅၉၄၄]၏ CKK Family Co.,Ltd၏ ထုတ်ကုန်သွင်းကုန်ကတ် မူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပါရန်။

မောင်ငြိမ်းချမ်းသူ
ဖုန်း-၀၉-၂၆၄၈၈၁၀

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဝဲလွှားဘန်းရပ်ကွက်၊ တရုတ်တန်းလမ်းတွင်နေထိုင်သူ ဒေါ်ကျော်မြင့် ၇/သဝတ(နိုင်) ၀၀၈၁၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေငြာလိုက်သည်။ **ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဝံပါယ်(၂)လမ်း၊ အမှတ်-၁၅** ဟူသော မြေကွက်ပိုင်ဆိုင်သူ ဒေါ်ကျော်မြင့်သည် ထိုမြေကွက်တွင် အထောက်အဦး ဆောက်လုပ်မည်မြေဖ်ပါသဖြင့် ကန့်ကွက်လိုသူသည် စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကြေငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း ဒေါ်ကျော်မြင့်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထောက်အဦးဆောက်လုပ်ခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးလွင်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၁၂) (၂၉-၁၀-၂၀၁၈)
၉/၁၁ ၃၀၂(စီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၁၄၆၆၃

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လျှော့ဈေးဖြင့်မြေကွက်အမြန်ရောင်းမည်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ACE Villa၊ ဇမ္ဗူသီရိဆေးရုံနှင့် နန်းဦးဘုရားအနီး၊ နေပြည်တော်တွင် သွားလာရလွယ်ကူဆုံး အချက်အချာကျ နေရာကောင်း၊ ရွှေကြာပင်၊ ငါးသိန်းတန်ရပ်ကွက်ရှိ မြေအကျယ် (60'x60')၊ ပါမစ်မြေကွက်၊ ဘယ်လိုမှ မရနိုင်သော ဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

ကျပ်သိန်း (400)

ဖုန်း-09-451146685, 09-5178979, 09-43292929, 09-43022828, 09-420182934

MARK II (ရွှေငါး)

လချုပ်ငှားမည်။
ဝန်ဆောင်မှုကောင်းကောင်း ဖြင့်ငှားပါမည်။
ဖုန်း-၀၉-၆၉၃၆၃၃၀၁၀

ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက(၁)အလုံ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇင်မင်းဦး၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင်ဦး [၅/ကနန(နိုင်)၀၃၃၁၇]ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်တည်နေရာအမှတ်(၄/ဂ)၊ သုမာလာ(၁)လမ်း၊ (၂)ရပ်ကွက် ဦးကျင်ရ (ISN-185685) [၁၂/ဥကမ(နိုင်)၀၉၅၃၃] အမည်ပေါက်နှစ်(၆၀)ရန်မြေအား အမည်ပေါက်သူ ဦးကျင်ရသည် ၁၁-၅-၂၀၁၀ ရက်တွင် ကွယ်လွန်၍ ဒေါ်ခင်မျိုးအေး[၁၂/ဥကမ(နိုင်)၀၉၅၃၃]မှ ဇနီးတော်စပ်ကြောင်း မဂ်လာတောင်ညွှန်မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်-၆/၆၅၅ (၈-၆-၂၀၁၈)၊ သေစာရင်း အိမ်ထောင်စုစာရင်းနှင့် ဦးကျင်ရ အမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားမှုအပေါ် ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် မြေကွက်လပ်ဖြစ်ခြင်း အတွက် လျှောက်ထားသူမှ တာဝန်ယူကြောင်း ဝန်ခံကတိပြုတင်ပြခြင်းကြောင့် အဆိုပါ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၃၆၀၊ မြေကွက်တည်နေရာအမှတ်(၃၆၀)၊ နေကြာလမ်း၊ (၄)ရပ်ကွက်၊ မခင်စန်းမြင့် [၁၂/ဥကမ(နိုင်)၀၉၄၁၂]အမည်ပေါက်နှစ်(၆၀)ရန်မြေအား အမည်ပေါက်သူ ဒေါ်ခင်စန်းမြင့်သည် ၂၀-၃-၂၀၁၆ရက်တွင် ကွယ်လွန်၍ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးတင်ထွေး[၁၂/သကတ(နိုင်)၀၇၀၄၆၃]မှ တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်၆/၁၅၄(၁၉-၆-၁၈) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ် (ခြံဆတိ) ထားပြီး ကွင်းဆင်းစဉ်လျှောက်ထားသူမှ စောင့်ဆိုင်းပြသကာ အရပ်ကတိဖြင့် ရောင်းချထားပြီးဖြစ်၍ ပြဿနာ တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုတင်ပြထားပါသဖြင့် အဆိုပါ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၄-၉-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာနှင့် ၃-၉-၂၀၁၈ရက် ကြေးမုံသတင်းစာတို့တွင် အများသိစေရန် ကြေညာချက်မှ အမှတ်စဉ်(၁)ပါတိုက်(F) အနန်း(၁၀)၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ် အစား၊ တိုက်(E)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၈-၂၀၁၈ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(ဆိုင်း(၂))ကမ္ဘာ့ကိုယ်ကြောင်း ကြော်ငြာအမှတ်စဉ် (၁) ဦးထွန်းထွန်းဝင်း၏ အမည်မပြောင်းတွင် မြေအမည်ပေါက် ဒေါ်ဆွေဆွေဝင်း အစား ဒေါ်နင်းတင်၊ ဒေါ်ဆွေဆွေဝင်း ဟု အမှန်ဖတ်ရှုပါရန်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - သကမ ၁၅၊ မြေကွက်အမှတ်(၁၀၅၇/က)၊ အကျယ်အဝန်း(၂၈'၆၀)ပေ (အရပ်အရေ၊ အမှတ်-၁၀၅၇/ဂ)ခေါ်ပေးလှသာလမ်း(၂၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်)ဟာ၈၈၊ တွင်ဒေသာနန်(၆၀)ဂရန်၊ မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစား နေ့ခွင်အလုပ်ပေတို့ အား အခရောင်းအဝယ်ပြုလုပ်ခြင်းကို

ကန့်ကွက်နိုင်ခြင်းကြေငြာခြင်း

အထက်ဖော်ပြပါ မြေကွက်အား မြေအမည်ပေါက်ပြင်ဝယ်ယူအပ်ပေါ်ခင်း (၁၂/ ကမတ (နိုင်)၀၀၂၂၁)က တရားဝင်လက်ဝယ်ပိုင်ဆိုင်လျှောက်ရှိကြောင်းနှင့်အလျှော် အလင်းကင်း ပွားပြင့်ရောင်းချပိုင်ခွင့်ရှိကြောင်းစာနယ်ကတ်ပြု၍လျှပ်ပြောင်း ရောင်းချလို ကြောင်းကင်း လှမ်းလာသည်ခြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရုမြတ်လိုင်(၇/ပခန(နိုင်)၃၀၆ ၀၀၀)ကအပြီးအပိုင်ဝယ်ယူရန်ရောင်းဂိုးခွေ၏ ရင်ခွင် အချိန်ကိုပေးချေပြီးခင်ပယ်သည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေး၊ ဆိုင်ခွင့်ရှိသခြင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်းကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်တကွလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့်သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရွှေအမ်ညွှန်ကြားရေးဌာန
ဒေါ်နွယ်နီခေး (စဉ် -၁၂၃၃)
တရားလွှတ်တော်ခေါ်ခရှေ့နေ
အမှတ် (၃/၃၀၄)၊ ဂဠုမာလမ်း၊ ဘေဘောင်ကြီးသစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၂ ၂၁၀၀၀၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသယဖရားလမ်း၊ အမှတ်(၄၄)/(၃)နန်းတွဲ RC (၆)ထပ်ခွဲတိုက်မှ 3 Floor အခန်းအမှတ် 3C၊ ဧရိယာ၁၂၀၀ စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်မင်း[၁၂/မဂတ(နိုင်)၁၀၄၄၅၅]၊ ဦးအေးလွင်[၁၂/ကခတ(နိုင်)၀၆၅၂၃၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းသန္တာအေး[၁၃/တကန(နိုင်)၁၅၀၃၇]ကအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးခဲ့ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းသန္တာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သုဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzertand)	LL.B,D.B.L,D.I.L, WIPO(Switzertand)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)	အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(5, 6, 7, 8)၊ တာ၀ါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ကိုးတင်ဆောင်စာတမ်းများ၊ တရားဆုံးဆောက်အထားစာစာရင်းလုံခြုံခြင်း ဤကြော်ငြာပါပယ်ဖျောက်ရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | |

ကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ဘင်းသီးဘင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးလုပ်ငန်း အထူးဇုန်(၂)အတွင်းရှိ မြေကွက်ပိုင်ရှင်များသိစေရန် အကြောင်းကြားအပ်ပါသည်။

၁။ စီမံခန့်ခွဲရေးကော်မတီအသစ် ဖွဲ့စည်းမည်ဖြစ်ပါသောကြောင့် မိမိတို့လုပ်ကိုင်ခွင့်ရ မြေကွက်အမှတ်၊ လမ်းပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းအပြည့်အစုံပါ မိတ္တူများကို ဤဇုန်ကော်မတီသို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် သတ်မှတ်ချက်ရာနှုန်းပြည့်မီအောင် စိုက်ပျိုးမွေးမြူကြရန် အကြောင်းကြားအပ်ပါသည်။

၂။ စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် အရွေးခံလိုပါက ဤကြေညာပါပြီး တစ်ပတ်အတွင်း ဇုန်ကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

၃။ သတ်မှတ်ထားသောအချက်များမှာ

(က) ဇုန်အတွင်း အမြဲနေထိုင်သူ ဖြစ်ရပါမည်။

(ခ) ဇုန်တိုးတက်အောင် စွမ်းဆောင်နိုင်သူ၊ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပြီး အများကောင်းကျိုးဆောင်ရွက်လိုသူ ဖြစ်ရပါမည်။

(ဂ) အခါအားလျော်စွာနှင့် လစဉ်အစည်းအဝေးကို မပျက်မကွက်တက်ရပါမည်။

စီမံခန့်ခွဲရေးကော်မတီအထူးဇုန်(၂)
ဦးလှကြိုင် ဖုန်း-၀၉-၂၅၀၁၅၉၁၆
ဦးမြင့်စိုး ဖုန်း-၀၉-၇၉၅၄၀၄၈၉

ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ဝေါ်းသွားနိုင်ရန်
ALPHARD, HIACE (အဝိုတာ)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

မင်္ဂလာမြန်မာ Donation Trip
(ရမ်)ကျိုင်မြောက် (အဘဘထွက်ရှိ) 24-9-2018
ပတ္တိုးသီးနှင့် [ဧရာဝတီမြစ်] Package- 35000Ks
ဟုတ်-ဟုမ္ပင်-ဟဘုဏ္ဍာ-(3N4Day/Hotel Package-75000Ks
: 09 42666 9001~9002~9003
5 Buy 1 Free (Delivery Free Service)

ဖခင်အမည်မှန်

သပိတ်ကျင်းမြို့၊ တောင်လယ်၊ အထက(ခွဲ)၊ သတ္တမတန်းမှ မရီရီအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးထွန်း [၉/မတရ(နိုင်)၀၃၉၇၇၀] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အလက(စိုင်ဒင်း) ဘန်းကချန်ကျေးရွာ အဋ္ဌမတန်းမှ မနီနီလွင်နှင့် ဆဋ္ဌမတန်းမှ မောင်အောင်မြတ်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးနောင်နီ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဖြူးမြို့နယ်၊ ဘန်းလောင်၊ အထက၊ ဒသမတန်းမှ မဝင်းသိဂီ၏ဖခင် ဦးစန်းဝင်းနှင့် ဦးစန်းဝင်း(ခ)ဦးဆန်းဝင်း [၇/ဖမန(နိုင်)၀၁၆၀၀၄]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(စ) ပဉ္စမတန်း(A)တွင် ပညာသင်ကြားနေသော မောင်ရဲရင့်ခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး[၁၂/မဘန(နိုင်)၀၈၀၅၁၇] ဖြစ်ပါကြောင်း။

ဦးအောင်ဇော်မိုး

ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်အကြို ဥပဒေပညာဌာန All LL.B (၁၉၈၁–၂၀၀၂)ဥပဒေကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲ

ကျင်းပမည့်နေ့ရက် ။ ။ ၅-၁-၂၀၁၉ (စနေနေ့)
ကျင်းပမည့်အချိန်နှင့်နေရာ ။ ။ **အာစရိယပူဇော်ပွဲ**
မွန်းလွဲ (၂း၀၀)နာရီ
ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ(R.C)
မိတ်ဆုံညစာစားပွဲ
ညနေ(၆း၀၀)နာရီ
ရန်ကုန်တက္ကသိုလ်သစ်ပုပ်ပင်မြက်ခင်းပြင်

*** အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲအစီအစဉ်များကို အသေးစိတ်သိရှိလိုပါက WE ALL ARE LL.B (University of Yangon) 1981-2002 FB PAGE သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက်အမှတ်-၂၇၃/၂နေ (ဖခင်)ဦးကမ်းခန့်ခုပ်၊ (အမိ)ဒေါ်ဒီနိုလွန်းကျိန်တို့၏သား မောင်ဒဗီးလ်ကျန်းဝုယ်(၉/မအဇ(နိုင်)၀၄၀၀၆၃)ကိုင်ဆောင်သူသည် ၁၈-၈-၂၀၁၈ ရက်၊ နံနက် ၉ နာရီကတည်းက ကျောင်းသွားမည်ဟုပြောကာ နေအိမ်မှထွက်သွားရာ ပြန်မလာဘဲ ပျောက်ဆုံးနေပါ၍ မိဘနှစ်ပါးမှ စိုးရိမ်ပူပန်နေပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးသူအား ကောင်းစွာကျေးဇူးဆပ်မည်ဖြစ်ကြောင်းနှင့် ဆက်သွယ်ပေးခြင်းမရှိဘဲ လက်ခံထားသူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ဖခင်)ဦးကမ်းခန့်ခုပ်[၄/တတန(နိုင်)၀၂၁၀၆၂]
(မိခင်)ဒေါ်ဒီနိုလွန်းကျိန်[၄/ကပလ(နိုင်)၀၀၉၁၄၄]
ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၈၅၀၆၀၇၀၊ ၀၉-၇၈၈၁၀၂၂၀

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဦး[၁၂/ဥကတ(နိုင်)၀၂၁၄၄၉]မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ မြေကွက်အမှတ်-၂၀၁၅(ခ) အကျယ်အဝန်း ၀၊(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ၅-၉-၂၀၁၇ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(စ၃၁၅/၂၀၁၇)ဖြင့် ဒေါ်သီတာခင်[၁၂/မဂဒ(နိုင်)၀၂၄၅၅၉] သို့လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်သင်းသင်းမော် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)
အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး ၇၃ လမ်းမှ ဆရာ ဂေယျာထွန်း ၏ ဖုန်းနှင့်မေး (အကျိုးပြု)မေဒင် (ဘုရားကိုးဆူတော်ခ ၁၀၀၀၀၀/-)

အမှတ်(၁၁၃)၊ မင်းဒုတ္တိုရာ (၇)လမ်မ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ လှိုက်ဂျီမြို့။
09-422840600, 09 257304952

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရာဇာဓိရာဇာ(၂၅)လမ်း၊ မြေကွက်အမှတ်(၃၃၄/ဇ)၊ [အေ၊ယာဘီရာဘီဘီ(ခ) အေ်တပ်ကြည်+ အေ်အေးသိန်း အမည်ပေါက်] မြေအလျား၊×အနံ(၂၀×၆၀)ပေ၊ မြေဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေဌား၊ဂရန်မြေကွက်ထဲမှ ဧရိယာ(၁၂၀၀) ပေ(ခ)ကို ရောင်းရင်းဘက်အခြမ်း(၁၀×၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအား ပိုင်ဆိုင်သူ အေ်တာဘီရာဘီဘီ(ခ) အေ်တင်ကြည် (၁၂/ဥကတ(အည)၀၀၀၀၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ အေ်သီတာဆွေဦး (၁၂/ဗတန(နိုင်)၀၁၀၅၂၅)က (၆-၉-၂၀၁၈) နေ့ကပ်၊ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
အေ်သီရိဝင်း (LL.B, D.B.L, D.L.L) အေ်ဇင်ဝေထိုက် (LL.B, LL.M)
(စဉ်-၁၀၁၁၀/၂၀၁၄) (စဉ်-၄၄၄၀၆/၂၀၁၆)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(၁၁၃)၊ (၁၆)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၄၅၀၀၀၉၇၄

PANDA Engineering Group

Since 1999
e-mail: knw@pandaaircon.com

- Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း။
- Air-Con အဟောင်းများကို အသစ်ဖြင့်လဲလှယ်တပ်ဆင်ပေးခြင်း။
- ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ပြုပြင်ပေးပါသည်။
- ဖုန်းသာဆက်လိုက်ပါ။ ကားခေမယူပါ။

(1) အမှတ် ၁၃၀၊ မြေညီ ၉၄ လမ်း၊ ဒေါ်သိန်းတင်ဘက်၊ တောင်ညွှန့်။ 09 515 8803, 09 732 29024
(2) အမှတ် ၁၂ မြေညီ ယမုနာလမ်း၊ ၃/မာန်မြေရိပ်တွက်၊ သာကေတ။ 09 253 833810, 09 69 5198402

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄/က-၁၂၅) မြေကွက်အမှတ်(၁၂/D) ဦးလွန်းမောင်လမ်းသွယ်(၃) (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အမာရီအမည်ပေါက် Bမြေပိုင်မြေ (အိမ်ရာမြေသက်မှတ်)မြေအား အမည်ပေါက်ဒေါ်အမာရီ [၁၂/မရက(နိုင်)၀၉၇၃၄၂]ကိုယ်တိုင်မှ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်-၂၆.၅.၁၉၉၂ (၃၀-၁.၁.၁၉၉၂) ၂၀၁၆ ခုနှစ်တွင် ဘဏ်ဆေးငွေထုတ်ယူရန်အတွက် မြေပုံးမြေရာဇဝင်ကူးယူခြင်းနှင့် ပတ်သက်၍ မြေပုံးမြေရာဇဝင်မှရမ်းမှာ မည်သည့်ဘဏ်တွင်မျှ အာမခံပစ္စည်းအဖြစ် ထားရှိကာ ဘဏ်ငွေချေးယူခဲ့ခြင်းလုံးဝမရှိဘဲ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း၊ အဆိုပါ မြေကွက်အား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လျှောခါနီးထားခြင်း အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း အရှေ့အရှင်းပြသနာတစ်ခုတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၂၇-၈-၂၀၁၈ရက်နွဲ့ဖြင့် ကျွန်ုပ်ဆိုထားသည့် ကျမ်းကျိန်လွှာတို့ကိုတင်ပြရှိ ဘဏ်ချေးနေရန် မြေပုံးကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်စွဲ၅၅ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင်မြေစီမံခန့်ခွဲဗျူဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Pearson
UEL University of East London
MNC
MYANMAR NOBLE COLLEGE
အင်္ဂလန်မှပေးအပ်ချီးမြှင့်သော ဘွဲ့တစ်ခုရသည်အထိ တက်ရောက်သင်ကြားနိုင်သည့် ကျောင်းတော်ကြီး . . .
Business
Engineering
Computing

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများအတွက်
HND Foundation Course
တက္ကသိုလ်ဝင်တန်းမအောင်မြင်သေးသော ကျောင်းသား/ကျောင်းသူများအတွက်
HND Level-3 Diploma Course
SCHOLARSHIP AVAILABLE
Early Bird Promotion Discount : Until 20th September
Oct : Intake Enroll Now
Hot Line
09 448066660
09 448066661
09 448066662
No.6 (A), Kyoe Sett Yone Street, Thuwunna, Thingankyun Township, Yangon, Myanmar.
01- 2331257, 2331245, 09 - 780 63 9577

ကြယ်ခင်ကောင်းကင် သင်တန်းကြီး (ရန်ကုန်မြို့)

(GG)ကြိမ်မြောက် အဘအောင်ပင်းခေါင်ပူဇော်ပွဲ (၂၄-၉-၂၀၁၈)ထွက်မည်

- ▲အဘပွဲ၊ ပုပ္ပါး (သီးသန့်) ..... (၃)ရက်။
- ▲အဘပွဲ၊ ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ ..... (၅)ရက်။
- ▲အဘပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကတ္တူ၊ ထမ်စမ်းလိုဇော်ဂူ(၅)ရက်၊ လွှင်ကော် ပါ(၆)ရက်။
- ▲အဘပွဲ၊ ပုပ္ပါး၊ မန္တလေး၊ အင်းဝ၊ မိုးကုတ်၊ ကျောက်ဆည် (၆)ရက်။

ဦးခေါ်ဖ

(ဆရာကြီး)၊ ခုံတစ်ကားအသင်းကျောက်တံတား ◆ အမိန့်အရောက်လေးက်မှတ်ပို့သည်။

Ph: 09-429254898, 09-444499654, 09-777799654

မိခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) သဖန်းကျောင်း ဒသမတန်းမှ မဇင်မာဦးမ်း၏ မိခင်အမည်မှန်မှာ ခေါ်တင်စိန် [၉/ဝတန(နိုင်)၁၃၉၁၁၆] ဖြစ်ပါသည်။ **ခေါ်တင်စိန်**

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) သဖန်းကျောင်း ဒသမတန်းမှ မသိမ့်သိမ့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် [၉/မထလ(နိုင်)၁၉၇၁ ၂၃] ဖြစ်ပါသည်။ **ဦးသိန်းနိုင်**

စာအုပ် စာပေ လူမိတ်ဆွေ

မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

Happy Birthday မောင်ကျော်ကိုကိုဆက်နိုင်

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ မြေးဦးရတနာ မောင်ကျော်ကိုကိုဆက်နိုင် Primary-3, Grandiose, BRAINWORKS, TOTAL Learning Academy (Thingangyun Branch) ၏ ၁၅-၉-၂၀၁၈ ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ တိုင်းပြည်အကျိုး ဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းမြတ်သော လိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘိုးဘိုး - မုံရွာဆရာမိုး
ဖေဖေ၊ မေမေ - ဖေဖေ-ဗိုလ်မှူးကျော်ကိုကိုရှိန်း၊ မေမေ-ဒေါ်မိုးပြည့်ပြည့်ဖြိုး
ညီလေး - သုဝေယံရှိန်း(ခ)သုသု (Primary 2, Virtuoso) BRAINWORKS, TOTAL Learning Academy
မိုးပြည့်စုံဟိန်း(ခ) စုံစုံ (Primary 1, Grandiose) BRAINWORKS, TOTAL Learning Academy
မမ - မဂျူးဂျူးခင်

(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)

တိုက်ခန်းရောင်းရန်ရှိသည်

အမှတ်(၆၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်

- ■ ၆ထပ်RCC အဆောက်အအုံ၊ BCC ကျပြီး အသင့်တက်ရောက်နေထိုင်နိုင်။
- ■ 315KVA Transformer ၊ YESC Electric Meter နှင့် ကိုယ်ပိုင်ပိုးစက်ပါရှိ။
- ■ Schindler ဓါတ်လှေကား(၂)စင်၊ Security access control & CCTV system Fire protection & Fire fighting system များအပြည့်အစုံတပ်ဆင်ထား။
- ■ တစ်ခန်းလျှင်ကြမ်းဧရိယာ 1800 Sq ft; ၁နှ၊ Living Room, Dining Room, Master Bedroom (၂)ခန်းနှင့် အိပ်ခန်း(၁)ခန်း၊ ရေချိုးခန်းနှင့်အိမ်သာတွဲလျက်(၃)ခန်းပါရှိ။
- ■ တစ်ခန်းလျှင် ကားပါကင်(၁)စီးနှုန်း၊ ကားဝင်ထွက်ရန်လွယ်ကူ။

ဆက်သွယ်ရန် 01-524 963, 01-526 928, 01-516 533~6

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၇-ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၁၁၈၅)ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၁၁၈၅၊ ဧရိယာ (၀.၀၅၇)ဧက၊ မြေအမျိုးအစား- နှစ် (၆၀) ဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ခင်ပွန်းဦးနိန်းခင်းပေါင် (TDM- ၀၀၁၆၄၃) အမည်ပေါက်လျက်ရှိပြီး ဦးနိန်းခင်းပေါင်မှာ (၂၅-၁၂-၂၀၁၂) ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ခေါ်ခင်သန်းဝင်း [၁/ပမန(နိုင်)၀၃၆၉၂၇] မှ မိမိ တရားဝင် အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး **ဦးသန်းဇော်**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)

အမှတ်(၄၆)ပထမထပ်(ဝဲ)၊ မဟာပန္ထလေပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးနှင်းဦး(ထားဝယ်)

ထိပ်တန်း

အခြေခံစက်မြင်ယာဉ်မောင်းသင်တန်း

ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

(၁) (၄၁)ရပ်ကွက်၊ ဂိုလ်မှူးဝထူးလမ်း၊ မြောက်အုပ်ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း။	၀၉-၄၄၃၀၅၅၄၂
(၂) တိုက်(၃၃)။ ကမာရွတ်အိမ်ရာ၊ ကမာရွတ်လမ်းမကြီး သာကေတ(အပိုင်း)အနီး။	၀၉-၅၁၃၁၃၅
(၃) (၁)၁-လမ်းထိပ်၊ ဘုရင့်နောင်လမ်းမကြီး၊ (၈/၁)ရပ်ကွက်၊ KBZ ဝေါ်ဂါတောဝေါက်အနီး၊ အင်းစိန်မြို့နယ်။	၀၉-၅၁၂၅	၀၉-၅၁၂	၀၉-၅၁
ရန်ကုန်မြို့၊ အမှတ်(၂၃၅/၂၃၇)၊ ဒုတိယထပ်၊ ယာဘက်၊ လမ်း(၃၀)၊ အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးမြ-သီတဂုဒေါ်ညွှန့်ညွှန့်ခင်)တို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း(မောင့်ကျက်သရေခေါင်းပေါင်း၊ မြပိုးထည်တိုက်၊ ဝိုလ်ချုပ်အောင်ဆန်းစျေး)၏ အစ်ကို ဦးမြင့်ကြည်သည် ၁၂-၉-၂၀၁၈ ရက် နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဘုန်းတော်ကြီးကျောင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဒေါ်ခင်လှမေ (၁)
DAW CLAIRE KHIN MAUNG GYI
ST.JOHN CONVENT
ကျောင်းသူဟောင်း
အသက် (၈၅) နှစ်

(သီရိပျံချီစည်သူဦးခင်မောင်ကြီး-ဒေါ်သန်းတင်)တို့၏သမီး၊ (ဒေါ်တင်တင်အေး)၊ (ဒေါ်ခင်လှမြင့်)၊ ဦးဗစ်တာခင်မောင်ကြီး၊ VENETIA၊ ဦးဘရိုင်ယင် ခင်မောင်ကြီးတို့၏အစ်မကြီးသည် ၃၁-၈-၂၀၁၈ ရက် နံနက် ၄း၂၃ နာရီတွင် ဘန်ကောက်မြို့၊ PHYA THAI 2 ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဘုန်းတော်ကြီးကျောင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဂဟတမျှားအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဦးသာဖြူ
(မြေပုံမြို့နယ်)
ရာသက်ပန်အသင်းဝင်
အသက်(၇၀)

(ဦးယာဉ်သာမောင် - ဒေါ်လုံးဖြူ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၃၈)နေ ဦးထွန်းသာဖြူ (ဂုဏ်ထူး ဆောင်အသင်းဝင်/ ရာသက်ပန်အသင်းဝင်)၏ ဇနီး၊ (ဒေါ်အေးသာခိုင်)-ဦးသိန်းထိုက်၊ ဒေါ်အေးအေးနိုင်(၁)ညီချောဝ-ဦးသိန်းဝင်း၊ ဒေါ်အေးအေးစု (၁) ချောစု-ဦးသန့်ဇင်အောင်၊ ဦးအောင်စည်သူ(၁)သားကြီး-ဒေါ်သိဂီတိုတို၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်ဦးသာဖြူသည် ၁၃-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုဿာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းညွန့် (ဇလွန်)
အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ တိုက်(၁၄၁)၊ အခန်း(၃)၊ ရေနံ့သာလမ်း၊ သန္တာလမ်းသွယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးအောင်ချိန်-ဒေါ်စိန်တင်) တို့၏သမီး၊ (ဦးခင်ထွန်း)၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်ဝိုင်မေဘယ်အောင်ဘော်တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ဦး၊ ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)-ဒေါ်စဝ်စံဟွမ်၊ (ဦးအုန်းနိုင်)-ဒေါ်အေးအေးမော်၊ ဒေါ်စန်းစန်းမော်၊ ဦးထင်ကျော်လင်း-ဒေါ်ဝေဝေမော်၊ ဦးလှမျိုးထွန်း-ဒေါ်ရဲကြည်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄-၉-၂၀၁၈ (သောကြာနေ့) ညနေ ၆း၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ (တနင်္ဂနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းမြင့် E.P.C(ငြိမ်း)
အသက်(၈၁)နှစ်
တေးရေ-ဂီတစာဆို မောင်ထွန်းမြင့်
(မြန်မာ့အသံတေးဂီတ စိစစ်ရေးဘုတ်အဖွဲ့ဝင်)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆၁၀/ခ)၊ ဦးအောင်မြတ်(၂)လမ်း၊ (၈)ရပ်ကွက်နေ (သဟာယဆရာတင်-ဒေါ်သောင်း)တို့၏သား၊ (ဦးစံကြည် BBTCL-ဒေါ်သန်းသန်)တို့၏သားသမက်၊ (ဒေါ်သန်းကြည်၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်ညွန့်)-ဒေါ်နုနုဝင်းတို့၏ညီ၊ ဦးထွန်းထွန်းဦး(ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်အမာယို(ဆောက်လုပ်ရေး၊ ငြိမ်း)၊ ဦးလှဝေ-ဒေါ်အမာချို (ဦးရဲမြင့်)-ဒေါ်ညွန့်ရွှေတို့၏အစ်ကို၊ ကိုသော်ဇင်ထွန်း (Myanmar Clare Logistics Co., ltd)-ဓေအေးစန္ဒာဦး၊ ကိုကျော်စိုး-မယ္ယုမြတ်၊ ကိုစည်သူထွန်း၊ (ကိုအောင်မျိုးလွင်)-မသွဲ့သွဲ့ထွန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၆)ယောက်တို့၏အဘိုးဖြစ်သူ ဦးထွန်းမြင့်(တေးရေ-ဂီတစာဆိုမောင်ထွန်းမြင့်)သည် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုဿာန်သို့မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ပင်စီ (၈၁)နှစ်
အထက(၅) တာမွေ၊ အထက(၃) မင်္ဂလာတောင်ညွှန့်၊
အမက(၁) စံပြ ဖဆပလ
ကျောင်းအုပ်ဆရာမကြီး

ရန်ကုန်မြို့၊အမှတ်(၂၅)၊ငါးလွှာ၊ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကျော်လှရွှေ)၏ ဇနီး၊ ဦးတင်မြင့်-ဒေါ်တင်အောင်၊ ဦးစိုးတင့်-ဒေါ်ဒေစီကျော် (ကနေဒါ)တို့၏အစ်မ၊ ဦးထွဋ်ဦး-ဒေါ်မွန်မွန်ချို (ရန်ကင်းကလေးဆေးရုံကြီး)၊ ဦးသန်းဆွေ-ဒေါ်ခင်ခင်သီ၊ ဦးမြင့်ဇော်-ဒေါ်ခင်ခင်ဦး၊ ဦးဘမြင့်-ဒေါ်ခင်သီတာမိုး (မြတ်စဉ်ဝိုင်အထည်ဆိုင်၊မင်္ဂလာဈေး) တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၉-၂၀၁၈ရက် နံနက် ၆း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်ဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၉-၂၀၁၈ ကြော်ငြာ စာမျက်နှာ(၃၁) ဦးခင်ဇော် အသက်(၆၄)နှစ် နာရေးကြော်ငြာတွင် ဦးခင်ဇော်(ရန်ကင်း၊ စလင်း)ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ အထက (၁) အင်းစိန်အသက်(၆၄)နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျောင်း၊ ရေတွင်း၊ နတ်လမ်း
ဒါယိကာမကြီး
ဒေါ်ခင်စိုးစိုး
အသက်(၅၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နေ (ဦးထီ-ဒေါ်အောင်)တို့၏ သမီး၊ ငယ်ရန်ကုန်မြို့လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ အခန်း(၄၀၄)၊ တိုက်(၁၆)နေ ဦးထွန်းအေး(လက်ထောက်ညွှန်ကြားရေးမှူး)၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်မိုးမိုးတို့၏ ညီမ၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း(အနောက်ခြမ်း)၊ အမှတ်(၆၆၁)နေ ဦးထွန်းလှိုင်-(ဒေါ်ခင်ညွှန့်)တို့၏ သမီးခွေးမ၊ ဒေါ်ခင်သဇင်ညွှန့် (AYA Bank YGN-99)၊ မမေသဇင်သင်း (Third Years Physics) တို့၏ ချစ်လှစွာသော မိခင်၊ ဦးသန်းထွဋ်၏ ဇနီးသည် ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် တွင် မြောက်ဥက္ကလာပမြို့နယ်၊ (က) ရပ်ကွက် ၊နွယ်သာကီ (၁)လမ်း (အနောက်ခြမ်း)အမှတ်(၆၆၁)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
ဦးဘွန်ဝါ (မြိတ်)
အသက်(၉၄)နှစ်
အသင်းဝင်အမှတ်(၂၂)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကမ်းနားလမ်း၊ အမှတ်(၂၀)နေ ဒေါ်လုံး၏ ခင်ပွန်းသည် ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၈ (သောကြာနေ့) တွင် မြိတ်မြို့၊ ကလင်သုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ခရစ်တော်၌ အိပ်မျော်ခြင်း
ဦးစောစတာလင် (၇၂) နှစ်
BERNHARD SCHULTE SHIPPING
(C.D.C 4339)
သင်္ဘောသားဟောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ်(၂)လမ်း၊ အမှတ်(၁၃၉၁)နေ (ဦးစောမြစ်-ဒေါ်ရွှေထည်)တို့၏သား၊ (ဦးစောချစ်ပိုင်-ဒေါ်ကစ်တီစိန်) တို့၏ သားသမက်၊ နော်စင်သီယာ-စောဘမြင့် (BERNHARD SCHULTE SHIPPING)၊ စောရွှေချစ်ပန်း (J.S.M Shipping Co.,Ltd)-နော်ခဲရယ်၊ စောထရူးမင်း-နော်ဇာလီအောင်၊ (စောအောင်နိုင်ထွေး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ စောစူမေအို(ခေတ္တ-U.S.A)၊ နော်ချူးလစ်၊ နော်သွန်းရောင်နီမင်း၊ စောလေးကလယ်ထူး၊ နော်ဆဲမူလာဝေး၊ နော်မေအိမ်စည်တို့၏အဘိုး၊ နော်ဒီဖော၏ ချစ်လှစွာသော ခင်ပွန်း ဦးစောစတာလင်သည် ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) ည ၇ နာရီတွင် ခရစ်တော်၌ အိပ်မျော်သွားပါသဖြင့် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အင်းစိန်နဲ့သာကုန်း ကရင်နှစ်ခြင်းဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်း ခရစ်ယာန်သုဿာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်ဟ အပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာကြီး
ဦးသိန်းမောင်
(လှည်းဆိပ်၊ ထန်းတပင်မြို့)
ကျောင်းအုပ်ဆရာကြီး (ငြိမ်း)၊
ရေပေါ်သောင်
အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၃၀)နေ ဒေါ်တင်ဥ(ရွှေဝါဝင်း-ဆေးဆိုင်)၊ လဟာပြင်ဈေး၊ အင်းစိန်)၏ ခင်ပွန်း၊ ဦးသန်းအောင် - (ဒေါ်တင်ကြည်)၊ ဒေါ်သင်ဥ၊ ဒေါ်ခင်တုတ်တို့၏ အစ်ကို၊ ဦးမြင့်ဇော် (လက်ထောက် မန်နေဂျာ၊ မြန်မာ့သင်္ဘောကျင်း လုပ်ငန်း)-ဒေါ်ခင်စန်းဝင်း၊ ဦးဝင်းကျော်-ဒေါ်ဥမ္မာလှိုင် (ဇေယျာ ဆေးဆိုင်)၊ (ဦးသောင်းမြင့်)-ဒေါ်တင်ဌေး၊ ဦးအောင်မျိုးဆန်း-ဒေါ်သန်းသန်းအေး၊ (ဦးကျော်စိုး) - ဒေါ်စန်းစန်းဌေး၊ ဦးအောင်သူ-ဒေါ်မာမာလွင်၊ ဦးလှဖုန်း - ဒေါ်လွင်လွင်မောင်၊ (ဦးမင်းအောင်သိန်း) - ဒေါ်ခင်ခင်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) ည ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၃၀)နေ ဒေါ်တင်ဥ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယကာကြီး
ဦးစောဝင်းအောင်(ခ)ဦးဂျိုး
အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စည်ပင်သာယာလမ်း၊ အမှတ်(၂/၄)၊ ပါရမီရိပ်သာနေ ဦးစောလှအောင် (အမေရိကန်သံရုံး-ငြိမ်း)-ဒေါ်ခင်မျိုးဝင်းတို့၏ သားကြီး၊ (ဦးသိန်းနွယ်-ဒေါ်တင်တင်မြင့်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်နွယ်)၏ခင်ပွန်း၊ (ဒေါ်ခင်သီတာမျိုးဝင်း)၏မောင်၊ (ဦးစောဝင်းနောင်)၊ ဦးစောဝင်းနိုင်-ဒေါ်အေးအေးလွင်(နယ်စပ်ကုန်သွယ်ရေး)၊ ဦးဌေးအောင်-ဒေါ်မဝ(ရွှေမျိုးဝင်း)၊ ဒေါက်တာဒေါ်သန္တာမျိုးဝင်း (ဆေးရုံအုပ်ကြီး၊ မြိတ်ပြည်သူ့ဆေးရုံ) တို့၏ အစ်ကို ဦးထက်ခန့်အောင်(JICA)၏ဦးလေး၊ မစောသစ္စာခန့် (ခ) ဇူးဇူး၏ ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင်၊ မယမုံအေး၏ အဘိုးသည် ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃း၃၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ ကန်၊ တံတားဒါယိကာမကြီး
ဒေါ်ကြီးမေ (ခ) ဒေါ်မမကြီး
အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၈)လမ်း၊ အမှတ်(၁၂၆)နေ (ဦးအောင်မြတ်-ဒေါ်စောယဲ)တို့၏သမီး၊ (ဦးတင်လှ)၏ဇနီး၊ (ဦးဝင်းကြိုင်)-ဒေါ်ခင်သန်းနွယ်၊ (ဦးမိုးဇော်ထွန်း)-ဒေါ်သီတာခိုမ (လ/ထ ညွှန်မှူး)၊ ရန်ကုန်တိုင်းစိုက်ပျိုးရေးဦးစီးဌာန)၊ ဦးကျော်နိုင်-ဒေါ်ဌေးဌေးဝင်း၊ (ဦးကိုကိုလွင်)-ဒေါက်တာ ဒေါ်ခင်မျိုးသန့်(တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒ၊ မြတ်တက္ကသိုလ်)၊ ဦးကျော်ဦးစိုး (Doung Gin Co.,Ltd)-ဒေါ်ဥမ္မာခိုမ၊ ဦးဝင်းအောင် (Purchasing Manager, Dubai UAE)-ဒေါ်နိုင်နိုင်ဝင်း(Human Resources Manager, Dubai UAE)တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၄-၉-၂၀၁၈ (သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ (တနင်္ဂနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နုနုခင် (၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)လမ်း၊ အမှတ်(၁၀၁)၊ (သုံးလွှာ)နေ (ဦးစိုးမောင်)၊ (ဒေါ်မြကြည်)၊ ဖျာပုံမြို့နယ်၊ ကျိုကဒွန်းကျေးရွာတို့၏ သမီးလတ်၊ (ဦးလှထွန်း)၊ ဒေါ်မြင့်မြင့်ခင် တို့၏ ညီမ၊ ဦးဖေသန်း၊ ဒေါ်ရီရီခင် တို့၏အစ်မ၊ ဒေါက်တာဦးသာမြ ၏ ဇနီး၊ ဦးကျော်ကျော်ဦး၊ ဦးဇော်ဇော်ဦး တို့၏ မိခင်သည် ၁၄-၉-၂၀၁၈ (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ (တနင်္ဂနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လှလှမြင့်
(သာယာဝတီ)
အသက်(၈၂)နှစ်

သာယာဝတီမြို့နေ အထက်တန်းရှေ့နေ (ဦးစံဝင်း-ဒေါ်တင်အုံ)တို့၏ သမီး၊ နတ်တလင်းမြို့နေ အထက်တန်းရှေ့နေ (ဦးအောင်မြင့်-ဒေါ်လှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟဲဟိုးမြို့ ဘော်နင်းကျေးရွာအုပ်စုရှိ အာလူးစိုက်တောင်သူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ကလောမြို့နယ် ဟဲဟိုးမြို့ ဘော်နင်းကျေးရွာအုပ်စုရှိ အာလူးစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် တိုင်းမှူးဗိုလ်ချုပ်လင်းအောင်တို့က အာလူးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသအတွင်းစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးဦးတင်ဦးကြိုင်၊ ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးပွားဌာနမှ ဦးညီညီအောင်၊ ဟဲဟိုးမြို့ အာလူးစိုက်ပျိုးသူများအသင်းဥက္ကဋ္ဌနှင့် အာလူးစိုက်တောင်သူများက ဒေသတွင်း အာလူးစိုက်ပျိုးနေမှုအခြေအနေများ၊ အာလူးမျိုးကောင်းမျိုးသန့်များ လိုအပ်မှုအခြေအနေများနှင့် ဈေးကွက်အတွင်း ဖြန့်ချိရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို တစ်ဦးချင်း ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများ နေ့စဉ် စားသုံးနေရသည့်ရိက္ခာစိုတွင် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ○**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထွက်အာလူးများကို ကြည့်ရှုလေ့လာစဉ်။

ရေလှောင်တမံနှင့် ရေလွှဲဆည်များကို ပညာရှင်များဖြင့် စစ်ဆေးမှုများ ပြုလုပ်သွားမည်

ရန်ကုန် စက်တင်ဘာ ၁၄

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆက်စပ်အဆောက်အအုံများကို ဌာနတွင်း ပညာရှင်များပါဝင်သည့် အဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

"ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးသက်ရောက်မှုတွေကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာပြီး ဌာနကတည်ဆောက် ထိန်းသိမ်းထားတဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာ အဆောက်အအုံတွေမှာ ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနဲ့ ကြိုတင်ကာကွယ်မှု အစီအမံတွေကို ယခင်ကထက် ပိုမိုဆောင်ရွက်သွားနိုင်ဖို့ လိုအပ်တဲ့အတွက် အခုလိုစစ်ဆေးရခြင်း ဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေက ပြောသည်။

ရာဇရိုဟ်ရေလှောင်တမံ ရေပိုလွှဲမှု ရေကျော်နေမှုကို တွေ့ရစဉ်။

အဆိုပါ ဌာနတွင်းပညာရှင်များပါသည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနလက်အောက်ရှိ တည်ဆောက်ရေး **စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ❖**

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

ယနေ့ သတင်းအညွှန်း

နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ကိစ္စရပ်အား ပြည်ထောင်စုလွှတ်တော် အတည်ပြု

စာမျက်နှာ - ၅

ကချင်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ - ၁၁

ပဋိပက္ခဖြစ်စဉ်များ လျော့ချနိုင်ရန်အတွက် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများမှ နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံနိုင်ရန် စီစဉ်လျက်ရှိ

စာမျက်နှာ - ၈

တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

စက်တင်ဘာ ၁၅၊ ၂၀၁၈ (စနေနေ့)

ကမ္ဘောဇဋ္ဌာနေ မောရှမ်းပြည် နေရာအနှံ့သွားကြမယ်

ခရီးသွားမှတ်စု - စိုးစိုးနိုင် (ကြေးမုံ)

၈-၉-၂၀၁၈ ရက်နေ့မှအဆက် »»

မွေတော်ကတ္တူစေတီ

ညောင်ရွှေမြို့နယ် တီလောစခန်းကြီးကျေးရွာ အုပ်စု ရွာတော်ရွာမှာ အလျား ၈၅ ပေ၊ အနံ ၅၅ ပေရှိပြီး တိုင်လုံးပေါင်း ၁၆၇ လုံးနဲ့ တည်ဆောက်ထားတဲ့ ရွှေရန်ပြေ အတုမရှိ ရွှေကျောင်းတော်လည်း ရှိပါတယ်။

ရွှေညောင်ကနေ အင်းလေးဘက်သို့ မချီးကွေ့ဘဲ နောက်ထပ် ၁၂ မိုင်လောက် မောင်းလိုက်ရင် ပြည်နယ်မြို့တော် တောင်ကြီးမြို့ကို ရောက်ပါပြီ။ တောင်ကြီးမြို့မှာ မြစ်မ်းတောင်၊ ရွှေဘုန်းပွင့်၊ စူဠာမုနိလောကချမ်းသာ ဘုရားတွေကို ဖူးမြော်နိုင်ပါတယ်။ ပြည်နယ်မြို့တော် ပီသစွာပဲ စည်ကားလှတဲ့မြို့တော်ကြီးကို မြစ်မ်းတောင်ထိပ်ပေါ်ကနေ ကြည့်ပြီးရင် စဝ်စံထွန်းဈေးကြီးမှာ ဈေးဝယ်ထွက်နိုင်ပါသေးတယ်။ နာမည်ကျော် တောင်ကြီး မီးပုံးပျံ ပွဲတော်လဆိုရင်တော့ တောင်ကြီးမြို့ညတွေဟာ လှပနေမှာ သေချာပါတယ်။ တောင်ကြီးမြို့မှ တောင်ဘက်ကို ၂၆ မိုင်လောက်သွားရင် အင်းဝခေတ်ကတည်းက တည်ရှိခဲ့တဲ့ မွေတော်ကတ္တူစေတီဆီ ရောက်မှာဖြစ်ပြီး မြောက်ဘက်ကို ၂၄ မိုင်လောက်သွားရင်တော့ ဟိုပုံးမြို့ အလွန်က ထမ်စမ်းဂူဆီရောက်ရှိမှာ ဖြစ်ပါတယ်။ မွေတော်ကတ္တူစေတီဟာ ပြန်လည်ပြုပြင်ထားတဲ့ ရှေးဟောင်းဘုရားစေတီတွေ ဖြစ်ပြီး ဘုရားကုန်းဝန်းကျင်က ရှုခင်းတွေကလည်း လှပလွန်းပါတယ်။ မွေတော်ကတ္တူဟာ တောင်ကြီးခရိုင် ကျောက်တလုံးမြို့နယ် နောင်ခါးကျေးရွာအုပ်စု မွေတော်ကျေးရွာအနီး တည်ရှိပြီး စေတီပေါင်း ၂၄၇၈ ဆူကို တစုတဝေးတည်း စိတ်ကြည်နူးဖွယ် ဖူးမြော်နိုင်ပါသည်။ ပုဂံခေတ် အလောင်းစည်သူမင်းက တည်ထားကိုးကွယ်တယ်လို့ သမိုင်းပညာရှင်တချို့က ဆိုတယ်။ ပအိုဝ်းမှတ်တမ်းအရ နရပတေ့စည်သူမင်းတည်တယ်။ ဒါမှမဟုတ် ပြန်လည် ပြုပြင်မွမ်းမံတယ်လို့ ဆိုပါတယ်။ ပါးစပ်ရာဇဝင်အရ သီရိခမ္ဘာသောကမင်းကြီးရဲ့ စေတီပေါင်း ရှစ်သောင်းလေးထောင်အလှူ ထဲမှ အလှူဖြစ်တယ်လို့ ဆိုကြပါတယ်။ အခုတိုင် ရေတွင်းဟောင်း၊ ရေကန်ဟောင်း၊ သိမ်နေရာဟောင်းတွေရှိတယ်လို့ ပြောဆိုကြပါတယ်။

ထမ်စမ်းဂူကတော့ တောင်ကြီး-လွိုင်လင် ကားလမ်းဘေးမှာ တည်ရှိပြီး တောင်ကြီးမြို့ အရှေ့ဘက် ၂၆မိုင် ကွာဝေးပါတယ်။ ထမ်စမ်းဂူရဲ့ ဂူဝဟာ အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေခန့်ရှိပြီး ဂူအတွင်း အချို့နေရာတွေဟာ ပေ ၂၀ မှ ပေ ၅၀ ထိမြင့်ပါတယ်။ အခုအခါ ပေ ၂၁၈၅ ပေထိ ဝင်ရောက်ကြည့်ရှုနိုင်ပြီလို့ သိရပါတယ်။ ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူကို ဖူးမြော်ရင်း သဘာဝအလျောက် ဖြစ်တည်နေတဲ့ ကျောက်စက်ပန်းဆွဲတွေ၊ ရွှေထီး၊ ငွေထီး၊ ရေကန်တွေကိုကြည့်ရှုလေ့လာနိုင်ပါတယ်။ ဂူအတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ရေချောင်းလည်းရှိပါတယ်။ ဂူရဲ့ သက်တမ်းဟာ နှစ်ပေါင်းသုံးသန်းလောက်ရှိ နေပြီလို့ မြန်မာနိုင်ငံရှေးဟောင်း သုတေသနအဖွဲ့က ဆိုပါတယ်။ ထမ်စမ်းဂူဟာ ပင်းတယနဲ့ ကလော မြို့ကြီးတွေကို ဆက်သွယ်ပေးတဲ့ ကုန်းလမ်းကြီးပေါ်မှာ ရှိတဲ့ ကုန်းတက်ပေါ်ကနေ ကြည့်ရင် ကားလမ်းဘေးမှာ ရှိတဲ့ ကျောက်ဆောင်ကြီးတွေ ကြားထဲမှာ ကြည့်ကောင်းလှတဲ့ ကုန်း

တိုင်းရင်းသားရေးရာ

အထူးကဏ္ဍ [က] မှ »»»

ရှမ်းတောင်တန်းတွေဆီက စီးဆင်းလာတဲ့ ချောင်းလေးတစ်ခုရှိပါတယ်။ ဒီချောင်းကတော့ ပုံးအင်းဒေသရဲ့ အသက်သွေးကြောဖြစ်တဲ့ တံဘက်ချောင်းပါပဲ။

ဟိုပုံးမှ မိုင် ၉၀ နီးပါးဝေးတဲ့ ထီးစဲခါး ရေတံခွန်ကို သွားနိုင်ပါတယ်။ ဟိုပုံးကနေ ဘန်းယဉ်-ဆိုက်ခေါင်-ဆီဆိုင်လမ်းအတိုင်း သွားရပြီး ဆီဆိုင်မြို့မှ ၁၈ မိုင်အကွာမှာ ရေတံခွန်လမ်းခွဲဆိုင်းဘုတ်ကို မြင်ရပါတယ်။ လွိုင်ကော်မြို့မှဆိုရင် ဆီဆိုင်လမ်းခွဲအတိုင်း ရှမ်းပြည်နယ်သို့ဝင်လာပြီး ၁၀ မိုင်ကျော် မောင်းတာနဲ့ရေတံခွန်လမ်းခွဲကို အလွယ်တကူ ရောက်ပါတယ်။

တောင်ကြီး-လွိုင်လင်ကားလမ်းအတိုင်း ဟိုပုံးကနေ မိုင်းပွန်ကိုဖြတ်ကျော်ခဲ့ပြီး လွိုင်လင်မြို့မှ မြောက်ဘက် ငါးမိုင်လောက် သွားရင် ပင်လုံသို့ရောက်ပါပြီ။ ပင်လုံဒေသမှာ အဘိရဏ္ဍသာမဂ္ဂီဘုရား၊ သမိုင်းဝင်ပင်လုံကျောက်တိုင်နဲ့ ပန်းခြံတို့ဟာ ထင်ရှားပြီး လည်ပတ်စရာနေရာတွေဖြစ်ပါတယ်။ ပင်လုံဒေသဟာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ကြောင့် ထင်ရှားခဲ့ပါတယ်။ ပင်လုံစာချုပ်ချုပ်ဆိုတဲ့ နေရာမှာ အမှတ်အသားအဖြစ် ၁၂ ပေရှည်တဲ့ သပြေတိုင်စိုက်ထူခဲ့ပြီး ၁၉၅၁ ခုနှစ် ပင်လုံမြို့စား ဦးစံမြလက်ထက်မှာ အထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူခဲ့တာလို့ သိရပါတယ်။

ပင်လုံကနေ လဲချား-မိုင်းနောင် ကားလမ်းအတိုင်း မိုင်းရျူးမရောက်ခင် ခြောက်မိုင်လောက်မှာရှိတဲ့ ဟိုက်ပါ လမ်းခွဲအတိုင်း သွားရင် မိုင်းရျူးရတနာမြေအနီး အရှေ့တောင်အာရှမှာ အလှပဆုံးရေတံခွန်စာရင်းဝင် ဟိုက်ပါ ရေတံခွန်ကိုရောက်ပါမယ်။ ဟိုက်ပါ ရေတံခွန်ဟာ ဟိုက်ပါရွာအနီးမှာ အထပ်ကြီး သုံးဆင့်နဲ့ လှပစွာစီးဆင်းနေပြီး လေ့စီးလို့ လည်းရပါတယ်။ ဒုတိယအဆင့်ကို အလွယ်တကူတက်နိုင်ပါတယ်။ တောင်ချွန်းကြီး နောက်ခံနဲ့ ရေတံခွန်၊ ရှုမဆုံးတဲ့ လယ်ကွက်ကြီးတွေနဲ့ အလွန်သာယာလှပပါတယ်။ မိုင်းရျူးမြို့တွင်း စီးဆင်းနေတဲ့ နမ့်ပန်ချောင်းဟာ ကုန်းမြင့်လွင်ပြင်မှ မြစ်ဖျားခံပြီး ရေကျ၊ ရေတံခွန်အဆင့်ပေါင်း ၁၂ ခုခန့်နဲ့ မြေနိမ့်ဒေသကို ဖြတ်သန်း၍ သံလွင်မြစ်ထဲသို့ စီးဝင်ပါတယ်။ တစ်ချိန်က ကျိုင်းတောင်ရေတံခွန်ဟာ အရှေ့တောင်အာရှမှာ အလှဆုံးရေတံခွန်ဖြစ်ခဲ့တယ်။ အခုအခါ ဟိုက်ပါရေတံခွန်ဟာ အလှဆုံးရေတံခွန် ဖြစ်လာပါတယ်။ ကျိုင်းတောင်ရေတံခွန်ဟာ လင်းခေးခရိုင် မိုးနဲ့မြို့နယ်မှာရှိပါတယ်။ ရေတံခွန်ဟာ အမြင့်ပေ ၃၆၀ လောက်ရှိပြီး အလွန်လှပတဲ့ ရေတံခွန်ဖြစ်ပါတယ်။ မိုးတွင်းမှာ ရေတံခွန်ကိုးခုဖြာထွက်ပြီး နွေမှာရေတံခွန်ခုနစ်ခု ဖြာထွက်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ထူးခြားတဲ့ ဓလေ့တစ်ခုကတော့ ငါးရက်တစ်ဈေးလို့ခေါ်တဲ့ ဈေးနေ့ပါပဲ။ ဒီလိုဈေးနေ့မျိုးမှာဆိုရင် ဈေးနေ့ကျတဲ့ မြို့လေးရဲ့ ရွာနီးချုပ်စပ်က ခြံစိုက်သူတွေဟာ ခြံထွက်သီးနှံတွေကို ရောင်းဝယ်ဖောက်ကားကြပြီး လိုအပ်တဲ့ပစ္စည်းတွေကို ပြန်ဝယ်ခြမ်းသွားလေ့ရှိပါတယ်။ ငါးရက်တစ်ဈေးလှည့်နေတဲ့မြို့တွေကတော့ ကလော၊ ပင်တယ၊ ဟဲဟိုး၊ အောင်ပန်းနဲ့ နန်းတိုင်းတို့ ဖြစ်ပါတယ်။ ဒီလိုငါးရက်မြောက်တိုင်း ဈေးနေ့ ဖြစ်ပေမယ့် လပြည့်လကွယ်တွေနဲ့ တိုက်ဆိုင်သွားတဲ့ ဈေးနေ့ဆိုရင် ရှေ့တစ်ရက်တိုးပြီး ဈေးနေ့လုပ်လိုက်ပါတယ်။ ဒါမျိုးဖြစ်တဲ့နေ့ဆို ဈေးပျက်ကြီးလို့ ဒေသခံတွေကခေါ်ကြတယ်။ ဈေးနေ့ကို ရက်ရွှေ့လိုက်တဲ့အခါ တခြားမြို့ရဲ့ ဈေးနေ့နဲ့ သွားထပ်နေတော့ ဈေးစဉ်လှည့် ရောင်းနေတဲ့ တချို့ဈေးသည်တွေဟာ ပုံမှန် ဈေးနေ့ကျတဲ့ မြို့မှာပဲသွားရောင်းကြတော့ ဈေးသည်မစုံမလင်ဖြစ်ပြီး အရောင်းအဝယ် ပါးလို့ ဈေးပျက်တယ်လို့ ဆိုပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ လည်ပတ်ပြီးပြီဆိုရင် လွိုင်လင်မြို့ကနေ လွိုင်လင်-သီပေ ကားလမ်းအတိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းကို သွားနိုင်သလို ရှမ်းပြည်နယ်အရှေ့ပိုင်းကို သွားတဲ့ ကျိုင်းတုံ-တာချီလိတ်အထိ ပေါက်တဲ့ ကားလမ်းကလည်း လွိုင်လင်မြို့ကို ဖြတ်သန်း သွားပါတယ်။ လွိုင်လင်မြို့ကနေ လွိုင်လင်-သီပေ ကားလမ်းအတိုင်း ရှမ်းပြည်နယ် မြောက်ပိုင်း သီပေမြို့သို့ခရီးဆက်ခဲ့ပါတယ်။

သီပေမြို့နယ်မှာ ဟိုကွတ်လို့ခေါ်တဲ့ ရွာတစ်ရွာရှိတယ်။ နမ်းပဆေးမြစ်ဟာ ကျောက်လိုဏ်ဂူသုံးခုအတွင်း ဖြတ်သန်းကာ ဟိုကွတ်ရွာအနီးမြေကြီးထဲ ငုပ်လျှိုးသွားတာမို့ အဲဒီရွာကို ငုပ်ထိပ်လို့ခေါ်ပြီး ကာလရွှေ့လျားလာတဲ့ အခါ ငုပ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာပါတယ်။ ဒီရွာအနီးမှာ တည်ဆောက်ထားတဲ့ နည်းပညာ အဆင့်မြင့်မှုနဲ့ သဘာဝပတ်ဝန်းကျင်အလှအပ တွေကြောင့် ကမ္ဘာ့အံ့ဖွယ်စာရင်းမှာ ပါဝင်ခဲ့တဲ့ တံတားတစ်စင်းရှိပါတယ်။ ဒီတံတားကို ဂုတ်ထိပ်တံတားလို့ခေါ်ပြီး ကမ္ဘာပေါ်မှာ

ကျိုင်းတုံမြို့ သစ်တစ်ပင်တောင်ကုန်း၌ သက်တမ်း ၆၀၀နီးပါးရှိ ကညင်ဖြူပင်။

အမြင့်ဆုံးနဲ့ ဒုတိယအရှည်ဆုံးမီးရထားသံလမ်း တံတား ကြီးဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားဟာ တောင်ကြားနှစ်ခုအကြား ပေ ၃၀၀ ကျော် အမြင့်မှာ တည်ဆောက်ထားပြီး မန္တလေး-လားရှိုး မီးရထားလမ်းပေါ်ရှိ နောင်ချိုဘူတာနဲ့ နောင်ပိန်ဘူတာအကြား၊ နောင်ချိုဘူတာမှ ခုနစ်မိုင်အလွန် မိုင်တိုင်အမှတ် (၄၆၃/၀၉) မှာရှိပါတယ်။ အခုနောက်ပိုင်းမှာ တံတားပေါ်မှာ လမ်းလျှောက်ဖြတ်သန်းခွင့်ကို ပိတ်ပင်ခဲ့တာမို့ ရှုခင်းကြည့် အပျော်စီးရထားနဲ့ အသွားအပြန်ဖြတ်သန်းကာ လေ့လာကြည့်ရှုနိုင်ပါတယ်။

ဗြိတိသျှအစိုးရဟာ နမ္မတူ-ဘော်တွင်းမှ သတ္တုတွေသယ်ရန် မန္တလေးမှ ကွမ်းလုံသို့ မီးရထားလမ်းဖောက်လုပ်ရာမှ ဂုတ်ထိပ် တံတားကြီးပေါ်ပေါက်လာတာပါ။ ဂုတ်ထိပ် တံတားကို အမေရိကန်နိုင်ငံမှ ပင်ဆီလ်ဗေးနီးယားနဲ့ မေရီလန်းကုမ္ပဏီတို့က ၁၈၉၉ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပေ ၂၂၆၀ ရှည်လျားတဲ့ ဂုတ်ထိပ်တံတားရဲ့ အမြင့်ဆုံး တိုင်ဟာ ပေ ၃၂၀၊ အနိမ့်ဆုံးတိုင် ၄၅ ပေနဲ့ တံတားအကျယ် ပေ ၁၂၀ ရှိပါတယ်။ တံတား တိုင်ပေါင်း ၁၆ တိုင်ရှိပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြီးစီးခဲ့လို့ တံတား သက်တမ်းဟာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပါပြီ။ ကမ္ဘာပေါ်မှာ သံမဏိ၊ သံချောင်းတွေနဲ့ တည်ဆောက်ထားတဲ့ တောင်ကြားဖြတ်ရထား တံတားတွေမှာ မြန်မာနိုင်ငံမှ ဂုတ်ထိပ် တံတားနဲ့ ကနေဒါနိုင်ငံ အယ်ဘာတာမှ လက်သ် တံတားတို့ဟာ အမြင့်ဆုံးဖြစ်ကြပြီး လက်သ် တံတားက ဂုတ်ထိပ်တံတားထက် အလျားနှစ်ဆ ပိုရှည်ပါတယ်။

သီပေမြို့မှာ ပေါ်ကြိုဘုရားကို ဖူးမြော်နိုင်ပါတယ်။ ပေါ်ကြိုဘုရားရဲ့ ဘွဲ့တော်မှာ ရတနာမာန်အောင်ဖြစ်ပါတယ်။ ပေါ့ကြိုမှ ဆင်းသက်လာပြီး ဖခင်ကြိုဆိုရာ အရပ်လို့ အဓိပ္ပာယ်ရပါတယ်။ ပေါ်ကြိုရဲ့ မူလအမည်မှာ မော်ကေဖြစ်ပြီး မော်မှာအိုး၊ ကေမှာ ဆားလို့ ဆိုလိုရာ ဆားအိုးလို့ ဆိုပါတယ်။ ဘုရားကြီးအနီး ရေကန်ဟာ ဆားတွင်းတူးရင်း ဖြစ်လာခဲ့တဲ့ ရေကန်ပါ။ ပေါ်ကြိုဘုရားကို ဆားချက်ရာအရပ်မှာ တည်ထားခဲ့တာလို့ သိရပါတယ်။

ပြည်တွင်းပြည်ပ ဧည့်သည်တွေ စိတ်ဝင်တစားလာရောက်လေ့လာကြတဲ့ သီပေ စော်ဘွားဟော်လည်းရှိပါတယ်။ သီပေဟော်ကို ၁၉၂၄ ခုနှစ်က ၈၇ ဆက်မြောက် သီပေ စော်ဘွားကြီး စောအုံးကြာက တည်ဆောက်ခဲ့တာပါ။ သီပေဟော်မှာ နောက်ဆုံးစော်ဘွား စပ်ကြာဆိုင်မိသားစုတို့ ၁၉၆၂ ခုနှစ်ထိ နေထိုင်သွားပါတယ်။ ခုအချိန်ထိ ဟော်မိသားစုက ထိန်းသိမ်းစောင့်ရှောက်ထားတယ်လို့ သိရပါတယ်။

သီပေါကနေ သီပေါ-ကျောက်မဲ-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းအတိုင်း ဆက်သွားရင် လားရှိုးမှာ ထင်ရှားတဲ့ မန်ဆူဘုရားကို ဖူးမြော်ပြီး လားရှိုးမြို့ကနေ သုံးမိုင်လောက်အကွာမှာ ရှိတဲ့ သဘာဝရေပူစမ်းမှာ အပန်းဖြေ အနားယူနိုင်ပါတယ်။ လားရှိုးကနေ တရုတ်-မြန်မာနယ်စပ်မြို့ဖြစ်တဲ့ မူဆယ်ကို ဆက်သွားပြီး မူဆယ်ကနေ တရုတ်နိုင်ငံ ရွှေလီသို့ သွားရောက်လည်ပတ်နိုင်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ကို အလည်ရောက်ရှိကြသူတိုင်း မဖြစ်မနေ သွားရောက်လေ့လာကြရတဲ့ နေရာတွေထဲက တစ်ခုမှာ သစ်တစ်ပင်တောင်ပင်ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နဲ့ သစ်တစ်ပင်တောင်ဟာ ခွဲခြားမရဘူးလို့ ဒေသခံတို့က တင်စားကြတယ်။ သစ်တစ်ပင်တောင်ကုန်းပေါ်မှာ နှစ်ပေါင်း ၆၀၀ နီးပါး သက်တမ်းရှိတဲ့ ကညင်ဖြူပင်ကြီး တစ်ပင်ရှိပါတယ်။ အဲဒီသစ်ပင်ကို အစွဲပြုပြီး သစ်တစ်ပင်တောင်လို့ အမည်တွင်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းပြည်ပခရီးသည်တွေ လာရောက်လေ့လာကြတဲ့ သစ်တစ်ပင်တောင်မှာ ၁၁၁၅ ခုနှစ်က အလောင်းမင်းတရားကြီး စစ်စခန်းချစဉ် စိုက်ခဲ့တဲ့ ကညင်ဖြူပင်ကြီးရှိပါတယ်။ ဒီကညင်ဖြူပင်ကြီးဟာ အမြင့် ၂၁စ ပေ၊ လုံးပတ် (ရင်စို့)မှာ ၃၆ ပေ ၈ လက်မ၊ အောက်ခြေလုံးပတ် ၃၉ ပေ ၁၀ လက်မရှိတယ်လို့ သိရပါတယ်။ ကျိုင်းတုံမြို့မှာ ခေမရ ဌဗျာဒိတ်ပေးဘုရားကို ဖူးမြော်နိုင်ပြီး နောင်တုံကန်ရဲ့ အလှအပ ရှုခင်းကိုလည်းခံစားနိုင်ပါတယ်။ ကျိုင်းတုံမြို့တောင်ဘက် မိုင် ၂၀ အကွာမှာ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့် ၅၆၅၈ ပေ ရှိတဲ့ လွယ်မွေတောင်စခန်းမြို့ကို သွားနိုင်တယ်။ အဲဒီမှာ ကိုလိုနီခေတ်ကတည်ဆောက်ထားတဲ့ အဆောက်အအုံတချို့ ရှိနေပါသေးတယ်။

ကျိုင်းတုံမြို့ကနေ တာချီလိတ်မြို့မှ ရွှေတိဂုံပုံတူဘုရားဖူးပြီး ဝမ်ကောင်းတာလေ့ ဈေးမှာ ဈေးဝယ်နိုင်ပါတယ်။ တာချီလိတ်ကနေ ထိုင်းနိုင်ငံ မယ်ဆိုင်ဒေသ၊ ချင်းရိုင်းဒေသနဲ့ ကျိုင်းလပ်ဒေသကနေ မြန်မာ-လာအို နယ်စပ်ဖြတ်တံတားမှ လာအိုနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်ပါတယ်လို့ မျှဝေလိုက်ပါတယ်။

တိုင်းလွိုင် မှ »»»

အခြားလူမျိုးစုတို့ကို မြို့နေလူမျိုးအများစုက "တိုင်းလွိုင်" သို့မဟုတ် ကွမ်းလွယ်ဟု သမုတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပေသည်။ သို့သော် "တိုင်းလွိုင်"ဆိုသည်မှာ သီးခြားလူမျိုးစုများမဟုတ်ပေ။ ၎င်းတို့အား မြေပြန့်နေသူ ရှမ်းလူမျိုးများနှင့် တိုင်းရင်းသားအချင်းချင်းတို့က ပြောဆိုကြသော ရှမ်းဘာသာစကားတစ်မျိုးသာဖြစ်သည်။

ကြားဖူးသူတို့အတွက် မထူးဆန်းပါသော်လည်း ၎င်းတို့အားတစ်ကြိမ်တစ်ခါမျှ မမြင်တွေ့၊ မကြားဖူးသေးသောသူတို့အနေဖြင့် "တိုင်းလွိုင်"ဟူသည် သီးခြားတိုင်းရင်းသားလူမျိုးတစ်မျိုးဟု ယူဆထင်မှတ်နိုင်ဖွယ်ရာ ဖြစ်သော်လည်း "တောင်ပေါ်သား"ဟု ဆိုလိုခြင်းဖြစ်သည်။

စာရေးသူတို့နေထိုင်ရာ လင်းခေးဒေသ အတွင်းတွင် လွိုင်လုံ(ပန်တဝိ)ကျေးရွာ၊ မွန်းလှ၊ မိုက်ဟုန်း၊ ပန်ဆွမ်၊ နမ့်သယ်၊ ပန်စန့်၊ ပုန်းလောင်း၊ နမ့်မခိုက်၊ ဆံပူးကျေးရွာနှင့် ဟွေနိမ်ကျေးရွာတို့သည် တိုင်းလွိုင်တို့ အများဆုံးနေထိုင်ရာ ဒေသဖြစ်သည်။ ၎င်းအပြင် လင်းခေးခရိုင်မိုင်းပန်(လွိုင်လုံပန်ပိတောင်) မောက်မယ်မြို့နယ် ဂဒူးလေး၊ ဂဒူးကြီး၊ ဟိုနမ့်၊ နမ့်လွတ်နှင့် ဆီဆိုင် (ဆိုင်းခေါင်ကျေးရွာ)အနီးပတ်ဝန်းကျင်တောင်ပေါ်အချို့တို့တွင်လည်း တိုင်းလွိုင်တို့နေထိုင်လျက်ရှိကြသည်။ 'တိုင်း'ဆိုသည်မှာ ရှမ်းဟု အဓိပ္ပာယ်ရပြီး 'လွိုင်'ဆိုသည်က တောင်ကို ခေါ်သည်။ တောင်ပေါ်နေသော ရှမ်းလူမျိုးစုအချို့နှင့် အခြားလူမျိုးစုများအားလည်း အများစုက ဒေသန္တရအရ တိုင်းလွိုင်ဟုသာပြောဆိုခဲ့ကြခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ထို့ကြောင့် စာရေးသူသည် တိုင်းလွိုင်တို့ နေထိုင်ရာဒေသနှင့်အများအားဖြင့် ကူးသန်းရောင်းဝယ်မှု ပြုတတ်သည့် ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲ့မြို့၏(ငါးရက်တစ်ဈေး) ဈေးနေ့တစ်ရက်၌ တိုင်းလွိုင်တို့ သွားလာလှုပ်ရှား ရောင်းဝယ်ဖောက်ကားလျက်ရှိသော ပုံရိပ်များအား သွားရောက်လေ့လာခဲ့ရသည်များမှ တစ့ေတစောင်းရေးသားတင်ပြလိုပါသည်။ ရှေးခေတ်ရှမ်းစော်ဘွားများ အုပ်ချုပ်ခဲ့သည့်မြို့များ၌ မြို့ဈေးနေ့အား ငါးရက်တစ်ဈေးဟု သတ်မှတ်ခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်အတွင်းရှိ ရှမ်းစော်ဘွားဈေးနေ့များအနက် မိုးနဲစော်ဘွားဈေးနေ့သည် အစည်ကားဆုံးဖြစ်သည်ဟု မိုးနဲဒေသခံများက ပြောကြားခဲ့သည်။

တိုင်းလွိုင် သို့မဟုတ် ကွမ်းလွယ်တို့၏ အသက်မွေးဝမ်းကျောင်းနှင့်သဘာဝ

တိုင်းလွိုင်တို့သည် တောင်ပေါ်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းကို ပိုမိုနှစ်သက်ကြသည်။ မြို့နှင့်ဝေးလံသောနေရာဒေသ တောင်ပေါ်နေ တိုင်းရင်းသားများဖြစ်သောကြောင့် ကွမ်းလွှိုင်ဟု အခေါ်ခံခဲ့ကြရသော်လည်း ကွမ်းလွယ်ဟု ခေါ်ဆိုပါက ၎င်းတို့ မနှစ်သက်ကြပေ။ သို့သော် မည်သို့ပင်ဆိုစေကာမူ ရှေးအစဉ်အဆက်အရ တိုင်းလွိုင်ဟုသာ အမည်တွင်ခဲ့ရသည်။ ကွမ်းလွှိုင်တို့သည် အုပ်စုလိုက်သွားလာတတ်ကြသော ဓလေ့ရှိကြသည်။ အထူးသဖြင့် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးရောင်းဝယ်သမ္ပယူပြုကြသည်။ မြို့၏ ငါးရက်တစ်ဈေးကို အားပြု၊ အားထားကြရသည်။ မိမိတို့တောင်ပေါ်ဒေသထွက် နှမ်း၊ ပြောင်း၊ မြေပဲ၊ သခွား၊ မုန်လာ၊ မုန်ညင်း၊ ပဲအမျိုးမျိုး၊ ရာသီအလိုက်စိုက်ပျိုးကြသည့် ဟင်းသီးဟင်းရွက်များနှင့် ပန်းမန်အစုံတို့အပြင် နှစ်ရှည်သစ်သီးဝလံများဖြစ်သည့် သရက်၊ ပိန္နဲ၊ ရှောက်ချို၊ လိမ္မော်၊ သံပရာ၊ သစ်တော်၊ ပန်းသီး၊ မက်မန်းစသည့် တောင်ပေါ်ဒေသ ဖြစ်ထွန်းသော အခြားသစ်သီးဝလံအမျိုးမျိုးတို့ကို ထိုငါးရက်တစ်ဈေးသို့ လာရောက်ရောင်းချစီးပွားရှာလေ့ရှိကြသည်။ စိုက်ပျိုးသီးနှံတို့ကို သယ်ဆောင်လာကာ အဆိုပါ ဈေးနေ့အမီ ဈေးအဖိတ်နေ့များတွင် လာရောက် ရောင်းချကြရသည်။ ထို့နောက် မိမိတို့မိသားစုအတွက် ဆန်၊ ဆီ၊ ဆားနှင့် အဝတ်အထည်၊ လိုအပ်သောအခြားလူသုံးကုန်ပစ္စည်းများကို ထိုဈေးတစ်ပတ်စာ ဖူလုံစေရန် အပြည့်အစုံဝယ်ပြန်ကြရသည်။

အချုပ်အားဖြင့်ဆိုရသော် ရှေးဘိုးဘွားတို့ ခေတ် အစဉ်အလာကတည်းက မြင့်မားသော တောတောင် တောင်ပေါ်ဒေသများတွင်သာ မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းလွိုင် တိုင်းရင်းသားလူမျိုးတို့သည် မြို့နေလူတန်းစားတို့၌ လိုအပ်လျက်ရှိသော တောင်ပေါ်ဒေသထွက် ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ မုန်ညင်း၊ မုန်လာ နှင့်သစ်သီးဝလံ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်အစုံတို့ကို ငါးရက်တစ်ဈေးနေ့များတွင် ကိုင်းကျွန်းမှ ကျွန်းကိုင်းမှီဆိုသဲကဲ့သို့ ၎င်းတို့လာရောက် ရောင်းချကြခြင်းအားဖြင့် မြို့နေပြည်သူတို့အဖို့ မိမိတို့မြို့တွင်းနေရာများတွင် မဖြစ်ထွန်းနိုင်သည့် ဟင်းသီးဟင်းရွက်သီးနှံများကို လုံလောက်စွာ ဝယ်ယူစားသုံးနိုင်ကြသည်မှာ တောင်ပေါ်ဒေသနေ တိုင်းလွိုင် ခေါ် ကွမ်းလွယ် တိုင်းရင်းသားလူမျိုးတို့၏ အကျိုးများစွာ ပင်ဖြစ်စေပါကြောင်းနှင့် ရှမ်းကုန်းပြင်မြင့် ဒေသတို့၌ အမှီသဟဲပြုနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးစုအချို့တို့အား "တိုင်းလွိုင်"ဟု ခေါ်ဆိုသမုတ်ခဲ့ကြပါကြောင်း ဒေသန္တရဗဟုသုတဖြစ်စေလိုခြင်းအကျိုးငှာ ဖော်ပြရေးသားလိုက်ရပါသည်။ ။

> "တိုင်း"ဆိုသည်မှာ ရှမ်းဟု အဓိပ္ပာယ်ရပြီး၊ "လွိုင်"ဆိုသည်က တောင်ကို ခေါ်သည်။ တောင်ပေါ်နေသော ရှမ်းလူမျိုးစုအချို့နှင့် အခြားလူမျိုးစုများအားလည်း အများစုကဒေသန္တရအရ တိုင်းလွိုင်ဟု သာပြောဆိုခဲ့ကြခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [၁] မှ »»»

ထမင်းထောင်၊ ပန်းထောင်ပွဲများပြုလုပ်၍ ဘုရားပုထိုးများတွင် အရုဏ်တက်၌ ပူဇော်ကျင်းပကြသည်။ ရှေးအခါက အမျိုးသမီးချည်းသာ စုပေါင်းပြုလုပ်သောပွဲဖြစ်၏။

ယခုအခါ အမျိုးသား အမျိုးသမီး၊ လူပျို အပျို၊ လူရွယ်အားလုံး စုပေါင်းပါဝင်ပြုလုပ်သည့်ပွဲဖြစ်လာသည်။

ရခိုင်ပြည်သူတို့သည် ကောက်ပဲသီးနှံ ရိတ်သိမ်းချိန်၌ မဟာမြတ်မုနိဘုရားတွင် ကောက်ဦးဆွမ်းတင်လေ့ရှိသည်။ ရခိုင်ကျေးလက်နေရွာသူရွာသားများသည် ကောက်သစ်ဆန်ဖြင့် ဆွမ်းချက်ပြီး စေတီအရွယ်အမျိုးမျိုးပြုလုပ်၍လင်ဗန်းပေါ်တင်လျက် မဟာမြတ်မုနိရုပ်ပွားတော်ရှိရာသို့ ပျော်ရွှင်မြူးထူးစွာ အတူတကွ လာရောက်ပူဇော်လေ့ရှိကြသည်ဟု စာဖတ်တက် ဦးဒိုဝေရေ ရခိုင်မဟာရာဇဝင်ကြီးတွင် ရေးသားထားသည်။ ထိုသို့ ပူဇော်ခဲ့ကြသည့် ဓလေ့ပွဲတော်ကိုထမင်းထောင်ပွဲ (ခေါ်) ကောက်ဦးဆွမ်းတင်လှူပွဲဟု ခေါ်သည်။

ထမင်းထောင်ပွဲကျင်းပပုံ

ရှေးရိုးစဉ်လာမပျက် ထမင်းထောင်ပွဲတော်ကျင်းပပုံမှာ ရခိုင်တောင်သူလယ်သမားတို့ ဝါကျွတ်လတွင် ကောက်လတ်စပါးရိတ်သိမ်းကြသည်။ ထိုသို့အလျင်ဆုံးထွက်သောစပါးကို ထောင်း၍ ဆန်ကိုဆွမ်းအဖြစ် ချက်ပြုတ်ကာ ကျောင်းကန်ဘုရားသို့ တင်လှူသည့်ဓလေ့ဖြစ်သည်။

အဖိတ်နေ့ညနေပိုင်းမှစ၍ တစ်ရပ်လုံး၊ တစ်ရွာလုံး အပျို၊ လူပျိုများစုရုံးကာ ဆန်ဖွပ်သူဖွပ်၊ ဆန်ရွေးသူရွေး စုပေါင်းလုပ်အားပေးကြသည်။ လူပျိုများက ဗောဓိညောင်ရွက်သွားရောက်ခူးကြ၏။ ယင်းသို့ဆောင်ရွက်စဉ် အချို့လူငယ်များက တေးကဗျာသီဆို၍ တီးမှုတ်ကခုန်ကြသည်။

ဝါကျွတ်လပြည့်နေ့ မိုးမလင်းမီကပင် ဆွမ်းချက်ပြုတ်သည်။ ဗောဓိညောင်ရွက်များကို ဖက်ကတော့ ပြုလုပ်၏။ ချက်ပြီးသောဆွမ်းကို ဖက်ကတော့များတွင်သွတ်ထည့်ကာ ပြောင်းပြန်လှန်ထားသည်။ ဖက်ကတော့ကိုခွာလိုက်လျှင် ရှေးခေတ်ကဆွမ်းချက်ပြီး စေတီပုံသဏ္ဌာန်ပြုလုပ်သကဲ့သို့ ထမင်းကတော့ချွန်များ ဖြစ်လာသည်။ ထမင်းကတော့ချွန်တစ်ထောင်ပြုလုပ်ကြ၏။ ထိုထမင်းကတော့ချွန်များကို လင်ဗန်းများတွင်တင်ကာ ခေါင်းပေါ်ရွက်၍ ကျောင်းကန်ဘုရားသို့ သွားရောက်ကပ်လှူပူဇော်ကြသည်။ လူငယ်တို့ အတီးအမှုတ်အက အခုံဖြင့် တေးကဗျာသီဆို၍ နောက်မှလိုက်ကြ၏။

ထမင်းထောင် (ခေါ်)ကောက်ဦးဆွမ်းတင်လှူပွဲကို စစ်တွေမြို့နယ်တွင် ယနေ့တိုင် အလေးအနက်ထား ကျင်းပလေ့ရှိသည်။ မြို့လည်းမြို့အလျောက်၊ ကျေးလက်လည်း ကျေးလက်အလျောက် နှစ်စဉ်ဝါကျွတ်လတွင် ကျင်းပနေကြဆဲပင်။ ထမင်းထောင် (ခေါ်) ကောက်ဦးဆွမ်းတင်လှူပွဲကို ယခုအခါ ဆွမ်းတော်ကြီးလောင်းလှူပွဲဟုလည်း ခေါ်လာကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်တွေမြို့ပေါ်၌ ရပ်ကွက်တိုင်းရပ်ကွက်တိုင်း ညဦးကတည်းကပင် ထမင်းဟင်းလျာများကို ဆွမ်းအဖြစ် မဏ္ဍာပ်ထိုးချက်ပြုတ်ကြပြီး ထမင်းအထုပ်တစ်ထောင်၊ ဟင်းသားငါးအထုပ်တစ်ထောင်စီပြုလုပ်ကြ၏။ နံနက်စောစော အရုဏ်တက်တွင် ရဟန်းသံဃာတော်များ ရပ်ကွက်တိုင်းလှည့်လည်ကြွရောက်စဉ် လောင်းလှူကြသော ဓလေ့အဖြစ်သို့ ဆန်းသစ်လုပ်ဆောင် လှူဒါန်းလာမှုကြောင့်ဖြစ်သည်။

ထမင်းထောင်ဟင်းထောင်တေးကဗျာ

"ထမင်းထောင် ၊ ဟင်းထောင်"

✲ အသူ့ထမင်းထောင်ထောင်
ရွာတော်လုံးမှာပပန်းပြောင်
ထမင်းထောင်၊ ဟင်းထောင်ပေါ်စ
အသျှင်ပြည်မှ ၊ ဝါကျွတ်လ
ဟိန်းစပ်စပ် ၊ ဟိန်းစပ်ကြပေါင်
လယ်ပြင်စပါး ၊ ငဖြူယာမှာဘဲငန်းစားရေ
ငဖြူယာမှာဘဲငန်းစားရေ။

✲ ဘဲငန်းစားတုန် ၊ ခွာစားတုန်
"ဒိုးဒိုး"လက်ကောက် ၊ အညင်းပြောက်
အပြောက်သုံးဆယ် ၊ စီးကဝယ်ရေ

✲ စီးကဝယ်ပါသည့် ထမင်းထောင်
ရွာတော်လုံးမှာ ၊ လင်းပြောင်

အထက်ပါတေးကဗျာသည် ထမင်းထောင်(ခေါ်)ကောက်ဦးဆွမ်းတင်လှူပွဲတွင် သီဆိုကြသည့် ရေပန်းစားတေးကဗျာတစ်ပုဒ်ဖြစ်သည်။ ရှေးခေတ် ထမင်းထောင်ပွဲမြင်ကွင်းကို ဖွဲ့ဆိုထားခြင်းမဟုတ်ပေ။ ယနေ့ခေတ်ကာလ၏ ကျင်းပပုံမြင်ကွင်းကို ဖွဲ့ဆိုထားခြင်းသာဖြစ်ပါသည်။ တေးကဗျာကို အမည်မသိ အရပ်စာဆိုတစ်ဦး စပ်ဆိုထားခြင်းဖြစ်၏။ တေးကဗျာကိုကြည့်ခြင်းအားဖြင့် ထမင်းထောင်အပြင် ဟင်းထောင်ပါ ချက်ပြုတ်လောင်းလှူလာကြကြောင်း တွေ့ရသည်။ တောင်ယာကောက်လတ်စပါးကို ဆန်ဖွပ်၍ ထမင်းထောင်ဆွမ်းချက်ပြုတ်သကဲ့သို့ ကောက်ပဲသီးနှံနှင့် သားငါး၊ ကြက်ပေါင်ဟင်းတို့ကိုပါ ဟင်းထောင်အဖြစ် ချက်ပြုတ်လှူဒါန်းလာကြသည်။ ထမင်းထောင်ဆွမ်းချက်မည့် ကောက်သစ်ဆန်၊ ဟင်းထောင်ဆွမ်းချက်မည့် ဟင်းသီးဟင်းရွက်၊ သားငါး၊ ကြက်ပေါင်စသည့်အလှူပစ္စည်းများကို စျေးမှလွယ်ကူစွာ ဝယ်ယူရရှိကြောင်း ရေးဖွဲ့ထားသည်။

ထမင်းထောင်၊ ဟင်းထောင်အဖြစ် ချက်ပြုတ်မည့် အလှူပစ္စည်းများကို မည်းပြောက်အရောင်ရှိ အဘွားလက်ကောက်အရန်သုံးဆယ်တန်ဖိုးလောက် ဝယ်ယူချက်ပြုတ်လှူဒါန်းခြင်းဖြစ်ကြောင်း ဟင်းထောင်အဖြစ် ချက်ပြုတ်သည့် ဟင်းသီးနှံ၊ သားငါး၊ ကြက်ပေါင်တို့ကို ရခိုင်ရိုးရာ ဟိန်းစပ်စပ် ချက်ပြုတ်မည့်အတိုင်း ချက်ပြုတ်ထားသည့် ဟင်းလျာများဖြစ်ကြောင်း၊ ထိုသို့စီမံထားသော ထမင်းထောင်၊ ဟင်းထောင်တို့ကို ဝါကျွတ်လပြည့်နေ့ အရုဏ်တက်တွင် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ရွာလုံးကျွတ် နယ်လုံးကျွတ် လှူဒါန်းသည့် အလှူထူးကြီးဖြစ်၍ လွန်စွာစည်ကားလှပါကြောင်း စသည့်ရခိုင်ရိုးရာဓလေ့ထမင်းထောင်၊ ဟင်းထောင် အလှူပွဲတော်မြင်ကွင်းကို ထိထိမိမိ ရှုမြင်ခံစားနိုင်အောင် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

တေးကဗျာမှ ရခိုင်ဝေါဟာရ အဓိပ္ပာယ်

၁။ ထမင်းထောင် = ထမင်းအထုပ်တစ်ထောင်
၂။ ဟင်းထောင် = ဟင်းအထုပ်တစ်ထောင်
၃။ ရွာတော်လုံး = ရွာလုံးကျွတ်
၄။ ပပန်းပြောင် = အားလုံးကုန် အောင်လှူဒါန်းသည်
၅။ ခွာ = ခိုသတ္တဝါကောင်
၆။ ဒိုးဒိုး = အဘွား
၇။ ဟိန်းစပ်စပ် = အလွန်စပ်သည်
၈။ စီးကဝယ်သည် = စျေးကဝယ်သည်

ကောက်ဦးဆွမ်းတင်ယိမ်းအက

ထမင်းထောင်(ခေါ်)ကောက်ဦးဆွမ်းတင်လှူပွဲဓလေ့ကို ကောက်ဦးဆွမ်းတင်ယိမ်းအကအဖြစ် တီထွင်ဖန်တီးခဲ့သည်။ ၁၉၇၆ ခုနှစ် ၂၉ ကြိမ်မြောက်ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲတွင် မြောက်ဦးမြို့နယ် ယင်ကျေးမှုအဖွဲ့က "ကောက်ဦးဆွမ်းတင်ယိမ်းအက" ကို တင်ခဲ့သည်။ ရခိုင်လူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်ဖြစ်သည်နှင့်အညီ အဦးဆုံး ပေါ်သောစပါးကို ဗုဒ္ဓမြတ်စွာဘုရားထံ ဆွမ်းတော်ကပ်လေ့ရှိသည်။ ယင်းရိုးရာဓလေ့ကို ဖော်ထုတ်သည့်အနေဖြင့် ကောက်ဦးဆွမ်းတင်ယိမ်းကို တင်ဆက်ခဲ့ခြင်းဖြစ်၏။ ယိမ်းအက ကကွက်ကဟန်ကို သျှစ်သောင်းပုထိုးလိုဏ်ဂူအတွင်းရှိ ရှေးရုပ်ကြွရုပ်လုံးများကို အခြေခံ၍ တီထွင်ထားခြင်းဖြစ်သည်။ တေးသွားဆိုရာ၌ ရခိုင်ရိုးရာဂီတသဘာဝ တူရိယာ"စည်"နှင့် "ပြွှာ"(ပုလွေ)ကို တီးမှုတ်ကြ၏။

ရခိုင်ဓလေ့များ

ဝါကျွတ်ပွဲတော်ကို ခေတ်အဆက်ဆက် စဉ်လာမပျက် ကျင်းပခဲ့ခြင်းမှသည် ရခိုင်သူ ရခိုင်သားအားလုံး ဗုဒ္ဓဘာသာကို ယုံကြည်သူ ဝီဝီ

၁။ မြတ်စွာဘုရားရှင်ထံ အဦးဆုံးပေါ်သောကောက်လတ်စပါးကို ဆန်ဖွပ်၍ ဆွမ်းချက်လှူဒါန်းသည့် ထမင်းထောင်(ခေါ်) ကောက်ဦးဆွမ်းတင်ဓလေ့

၂။ မြတ်စွာဘုရားအားရည်စူး၍ ဆီမီးထောင်၊ ပန်းထောင်၊ ပန်းဆီမီးပူဇော်သည့် ဓလေ့

၃။ အခါကြီးနေ့ကြီးဥပုသ်နေ့များတွင် ဥပုသ်သီလဆောက်တည်သည့်ဓလေ့

၄။ အပျို၊ လူပျိုတို့ ဝါကျွတ်ပြီးမှ အိမ်ထောင်ပြုတက်သည့် ဓလေ့များ ဖြစ်ထွန်းစေခဲ့ပါသည်။

ယင်းဓလေ့များသည် ယနေ့တိုင် အလေးအနက်ထားစောင့်ထိန်းကြသည့် မူပိုင်ဓလေ့များအဖြစ် ကောင်းမြတ်သည့်ပြုဆောင်ဖွယ်ရာများကိုပြုလုပ်၍ မင်္ဂလာယူကြသည်။ထိုသို့သောထုံးတမ်းစဉ်လာများသည် ရခိုင်လူမျိုးတို့၏ အမျိုးသားသင်္ကေတ၊ အမျိုးသားရေးစရိုက်လက္ခဏာတို့ပင်ဖြစ်ကြ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စောင့်ထိန်းကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။ ။

အထူးကဏ္ဍ [၁] မှ »»»

ပါသည်။ မမရွှေကတော့ ဆီးဖြူသီးကိုပြုတ်အစေ့ကို ဖယ်ပြီးထောင်းသည်။ ဆီးဖြူသီးကြေညက်ပါက စိမ်းစားငါးပိကြော် ငရုတ်သီးစိမ်းသုံးတောင့်လောက်ထည့်ပြီးထောင်းသည်။ ထို့နောက် ဆီးဖြူသီးကို ပန်းကန်ထဲသို့ ထည့်ပြီး ကြက်သွန်ဖြူ၊နီ ကြော်တို့ကို အပေါ်မှ ဖြူးသည်။ အရသာရှိသော ဆေးဖက်ဝင်ဟင်းလျာကို ရပါပြီ။

ရဲယိုရွက်လယ်ငါးခူပေါင်း ပြုလုပ်ရာတွင် လယ်ငါးခူကို အခွဲပြောက်စေရန် ဓားနှင့်ခြစ်ပြီး သံပရာသီးခြမ်းနှင့် ပွတ်ပေးပါက အခွဲရောအနံ့ပါပျောက်သည်။ ထို့နောက် ငါးခူကို ရေဆေးပြီး အတုံးလေးများ အရွယ်တော်တုံးကာ ဆားနယ်၍နှပ်ထားရသည်။ ဂျင်း၊ ကြက်သွန်ဖြူ၊နီ တို့ကိုထောင်းပြီး ပင်စိမ်း၊ ရှမ်းနံနံ၊ ဖက်ဖယ်ရွက်၊ ကြက်သွန်မြိတ်တို့ဖြင့် နှပ်ထားသောငါးခူကို အတွင်းထဲစိမ့်ဝင်အောင်နယ်ကာ ရဲယိုရွက်ဖြင့်ထုပ်ရမည်။ မမရွှေကတော့ တောအရပ်ဖြစ်သောကြောင့် လျှပ်စစ်ပေါင်းအိုး မရှိပါ။ မြေဖြင့်ပြုလုပ်ထားသော မြေပေါင်းချောင်းဖြင့် သုံးသည်။ ပေါင်းအိုး၊ ပေါင်းချောင်မရှိပါက ဆူပွက်နေသော ရေနွေးဒန်အိုးပေါ်သို့ ဒန်ဆန်ကာခုံးကိုတင်ပြီး ရဲယိုရွက်နှင့်ထုပ်ထားသည့် လယ်ငါးခူထုပ်များကို ထည့်ရမည်။ နာရီဝက်ကျော်ကျော် လောက်ဆိုလျှင် ရဲယိုရွက်လယ်ငါးခူပေါင်းစားနိုင်ပါပြီ။ အထုပ်ဖြည်စားလိုက်ပါက မွှေးကြိုင်ပြီး အရသာရှိလှသည်။ ဆေးဖက်ဝင်သောကြောင့် လေဖြတ်ဝေဒနာရှိသူများ၊ အရိုးအဆစ်ရောင်ရောဂါ၊ ကျီးပေါင်းတက်ရောဂါနှင့် ဆီးကျောက်တည်ရောဂါရှိသူများနှင့် အထူးသင့်လျော်လှသည်။

ဆေးဖက်လည်းဝင် ထမင်းလည်းမြိန်စေမည့် ဒန့်သလွန်ရွက်ဟင်းချို

ဒန့်သလွန်ရွက်ဟင်းချိုချက်ရသည်မှာ လွယ်ကူသည်။ အစိမ်းရောင်ဒန့်သလွန်ရွက်ဟင်းချိုပူပူလေးကို ပန်းကန်ထဲသို့ ထည့်လိုက်သည်နှင့် စားချင်စဖွယ် ဖြစ်သည်။ ဒန့်သလွန်ရွက်သည် သွေးတိုးရောဂါကို မဖြစ်စေရန် ကာကွယ်ပေးသည်။ သတ္တုဓာတ် ကယ်လ်စီယမ်ဓာတ်ပါဝင်သည်။ ဒန့်သလွန်ရွက် အလေးချိန် ၁၀၀ ဂရမ်တွင် ကယ်လ်စီယမ်ဓာတ် ၂၉၆ မီလီဂရမ်ပါဝင်သည်။ အရိုးအဆစ်ရောဂါတို့ကိုလည်း ကာကွယ်ပြီး သက်သာစေသည်။

မမရွှေတို့၏ တံခွန်တိုင်ရွာလေးမှ အကုန်အကျသက်သာပြီး ကျန်းမာရေးအတွက် ဆေးဖက်ဝင်ဟင်းလျာများ ဖြစ်သည်။ လက်တွေ့ စားသုံးကြစေလိုသည်။ ဆီးဖြူသီး ထောင်း၊ ရဲယိုရွက် လယ်ငါးခူပေါင်းနှင့် ဒန့်သလွန်ရွက်ဟင်းချိုတို့မှာ အရသာရှိပြီး ထမင်းမြိန်စေမည့် လိုက်ဖက်ညီသော ဟင်းလျာအတွဲများဖြစ်သည့်အပြင် ဆေးဖက်ဝင်သည်။

နံ့သာငြိမ်းအေး

ရခိုင်ရိုးရာ ဝါကျွတ်ပွဲနှင့် ထမင်းထောင်ပွဲ

မောင်မောင်ကျော့ (ပလက်ဝ)

ရခိုင်ရိုးရာယဉ်ကျေးမှုအကဖြင့် ကပြဖျော်ဖြေစဉ်။

မြန်မာသီတင်းကျွတ်ကို ရခိုင်ကဝါကျွတ်ဟုခေါ်သည်။ "ဝါ" သည် ပါဠိလို နေခြင်း၊ "ကျွတ်"မှာ လွတ်ကျွတ်ခြင်းဟု အဓိပ္ပာယ်မည်၏။ ဝါကျွတ်မှာပါဠိစကားနှင့် ရောနှောထားသော ဝေါဟာရဖြစ်သည်။ ရဟန်းသံဃာတို့ ဝါဆို ဝါကပ် သီတင်းသုံးနေထိုင်ခြင်းမှ လွတ်ကျွတ်ခြင်းဟု ဆိုလိုခြင်းဖြစ်၏။ ရှေးအခါက ရခိုင်ဝေါဟာရများကို ပါဠိသံနှောရှာ၍ ခေါ်ဝေါ်ခြင်းအား ခန့်ညားသည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် ရခိုင်ဟူသောဝေါဟာရကိုပင် "ရက္ခိုင်"ဟု ပါဠိသံနှောပြီး ခေါ်ဝေါ်သုံးနှုန်းခဲ့သည်။ ဝါကျွတ်ဟူသောဝေါဟာရသည် မည်သည့်အချိန်က စတင်ခဲ့သည်ကို တိကျစွာ မသိရချေ။ ရခိုင်လူမျိုးတို့ ဗုဒ္ဓဘာသာဝင် စတင်ဖြစ်လာသည့်အချိန်မှစ၍ သုံးနှုန်းခဲ့သည်ဟု ယေဘုယျယူဆနိုင်သည်။

သက္ကရာဇ် ၄၈၈ ခု အေဒီ ၁၁၂၆ ခုတွင် ရေးထိုးသော ဒသရာဇာကျောက်စာကြောင်းရေ ၁ တွင် "သက္ကရာဇ် ၄၈၈ ခု ဝါကျွတ်လဆုတ် ငါးရက်နီးနီ" ဟု ပါရှိလေရာ ဝါကျွတ်သည် လေးမြို့ခေတ်တွင် ကျောက်ထက်အက္ခရာတင်ရှိနှင့်ပြီးဖြစ်သည်။

ရဟန်းသံဃာတို့ ဝါဆိုလပြည့်နေ့မှစ၍ အရပ်တစ်ပါးသို့ မကြွရတော့ပေ။ မိမိတို့မူလနေထိုင်ရာကျောင်းတွင်ပင် ဝါဆိုဝါကပ် သီတင်းသုံးကြရသည်။ ဝါကျွတ်လပြည့်နေ့ လွန်မြောက်မှသာလျှင် ဝါဆိုဝါကပ်ခြင်းကိစ္စ ပြီးမြောက်၏။ ထိုအချိန်မှသာ ရဟန်းသံဃာတို့ အရပ်တစ်ပါးသို့ကြွရသည်။ လူပုဂ္ဂိုလ်တို့သည်လည်း ဝါတွင်းကာလအတွင်း ဥပုသ်နေ့တိုင်း ဥပုသ်သီလဆောက်တည်ကြ၏။ ရခိုင်လူမှုရေးဓလေ့တစ်ခုအနေဖြင့် အပျိုလူပျိုတို့ ဝါကျွတ်ပြီးမှ အိမ်ထောင်ပြုကြသည်။

ဝါကျွတ်လပြည့်နေ့သည် အခါကြီးနေ့ကြီးတစ်နေ့ဖြစ်သည်။ ရှေးခေတ်မှစ၍ ယနေ့တိုင် "သင်္ကြန်ဝါကျွတ် အခါကြီးနေ့ကြီး"ဟု ခေါ်စမှတ်ပြုခဲ့ကြ၏။ တစ်နှစ်တာအတွက် ထူးကဲသည့်လပင်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်ကူး အတာသင်္ကြန်ပွဲကဲ့သို့ ဝါကျွတ်လပြည့်နေ့တွင် ရခိုင်ရိုးရာ ဝါကျွတ်ပွဲတော်ကိုကျင်းပခြင်းဖြစ်သည်။

ဝါကျွတ်ပွဲတော်

ဝါကျွတ်ပြီဆိုလျှင် ရခိုင်လူမျိုးတို့သည် ရခိုင်ရိုးရာဝါကျွတ်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ဆင်နွဲကြလေသည်။ ဝါကျွတ်ပွဲတွင် မီးထွန်းပွဲ၊ ဘုရားပွဲ၊ကောက်ဦးဆွမ်းတင်လျှပ္ပဲ ၊ ဆွမ်းသိမ်းပွဲစသည်တို့ကို ကျင်းပလေ့ရှိသည့်နည်းတူ ရခိုင်ကျေးလက်ဒေသမှ လူအများတို့သည်လည်း ထမင်းထောင်ပွဲကို ကျင်းပလေ့ရှိသည်။ ထမင်းထောင်ပွဲကို ကောက်ဦးဆွမ်းတင်ပွဲဟုလည်း ခေါ်၏။ ရှေးခေတ်အဆက်ဆက်ကပင် အစဉ်အလာမပျက် ကျင်းပခဲ့ခြင်းဖြစ်သည်။ မည်သည့်အချိန်က စတင်ကျင်းပခဲ့သည်ကို တိကျစွာမသိရချေ။ စန္ဒသူရိယမင်းလက်ထက် မဟာမြတ်မုနိရုပ်ပွားတော်သွန်းလုပ်ပြီး ရခိုင်သားတို့ ဗုဒ္ဓဘာသာဝင် စတင်ဖြစ်လာသည့် အချိန်မှ စတင်ခဲ့သည်ဟုဆိုရပါမည်။

ဝေသာလီခေတ်တွင်လည်း ဗုဒ္ဓပူဇနီယအက၊ ယေခမ္ဘဂါထာအကတို့ကို တွေ့ရသဖြင့် ဝါကျွတ်ပွဲတော်ကို စဉ်လာမပြတ် ကျင်းပလေ့ရှိခဲ့သည်။ လေးမြို့ခေတ်တွင် ဒသရာဇာကျောက်စာ၌ ဝါကျွတ်လဟူ၍ ကျောက်ထက်အက္ခရာတင်ထားပြီးဖြစ်လေရာ လက်ဆင့်ကမ်းကျင်းပခဲ့ကြောင်း ဖော်ညွှန်းနေသည်။

မြောက်ဦးခေတ် ဝါကျွတ်ပွဲတော်တွင် ထမင်းထောင်ပွဲ ကျင်းပခဲ့ပုံကို ရခိုင်ရတုစာဆို ဥက္ကာပျံ၏ "သူတော်မှိတ်မှတ် ၊ ဝါကျွတ်သည့် ဆန်းလတ်ခါ လူ့ရွာပွဲသဘင်၊ဆီမီးတန်ဆောင်၊ ပန်းထောင်ထီးကြီးဖြန့်၍၊ ဒါနပေးစွန့်ကြလျှ။ ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကို ဝန်း၍၊ ပိန်းပေါင်းခရာ၊ တူရိယာသည်၊ လူ့ရွာ ရှုမြင် ခံစားနိုင်ပါသည်" ဟု ရေးသားခဲ့သည်။ ယင်း အချက်တို့သည် ရခိုင်တို့ ရှေးခေတ်အဆက်ဆက်ကပင် ဝါကျွတ်ပွဲတော် ကျင်းပခဲ့ကြပုံကို သမိုင်းမှတ်တမ်း၊ ကျောက်ထက်အက္ခရာ၊ စာပေမှတ်တမ်းတို့ပင်ဖြစ်ပေသည်။

ထမင်းထောင်ပွဲ

ရခိုင်တို့သည် သီးနှံပေါ်စ ဝါကျွတ်လတွင်

အထူးကဏ္ဍ [၈] သို့ »»

ဆေးဖက်ဝင် ဆီးဖြူသီးထောင်းနှင့် တွဲဖက်ညီလှသော ဒန့်သလွန်ရွက်ဟင်းချို၊ ရဲယိုရွက်လယ်ငါးခူပေါင်း

ရဲယိုရွက်လယ်ငါးခူပေါင်းနှင့် ဆီးဖြူသီးထောင်း

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း

အင်းတော်မြို့နယ် တံခွန်တိုင်ရွာလေးသို့လွန်ခဲ့သော ဆယ်နှစ်လောက်က အလည်ရောက်ခဲ့သည်။ အင်းတော်ဘူတာမှ ဆည်ရွာရပ်စခန်းဘူတာသို့ နဘားခေါက်ပြန်ရထားဖြင့် စီးခဲ့ရသည်။ ဆည်ရွာမှ မန်လည်ရွာကိုကျော်ဖြတ်ပြီး တံခွန်တိုင်ရွာသို့ ခြေကျင် သုံးမိုင်လောက် သွားရသည်။ မဲဇာချောင်းနံဘေးတွင်ရှိပြီး အစ်မတစ်ဝမ်းကွဲတော်သူ မမရွှေတို့အိမ်၌ ညအိပ်တည်းခိုသည်။ အိမ်ဝင်းထဲဝင်သည်နှင့် မမရွှေမှာ ပြုံးရွှင်စွာကြိုဆိုလျက် "ဆေးဖက်ဝင်တဲ့ တောဟင်းလေးတွေချက်ထားတယ်၊ မြို့လိုစျေးမရှိတော့ ဟင်းကောင်းကြီးတော့ မဟုတ်ဘူး၊ သားကြီး တောထဲကပြန်လာတော့ ဆီးဖြူသီးတွေနဲ့ ဝါးပိုးမျှစ်၊ ဝါးရင်းမှိုတွေ ပါလာတယ်။ သမီးကြီးကလည်း လယ်ငါးခူတွေ ပို့လာတယ်။ ဒါနဲ့ ဆီးဖြူသီးကို ထောင်းထားတယ်၊ လယ်ငါးခူကိုတော့ ရဲယိုရွက်နဲ့ ထုပ်ပြီး ပေါင်းထားတယ်၊ခုတော့ ဒန့်သလွန်ရွက်ဟင်းချို ချက်မယ်"ဟု အားပါးတရပြောသည်။ လက်ထဲမှာ ဒန့်သလွန်ရွက်တွေ ဆုပ်ကိုင်ထားပါသည်။ အိမ်ခြံဝင်းဝင်ပေါက်ဝဲ၊ ယာတွင် ဒန့်သလွန်ပင်ကြီးက ဝေဆာလှသည်။ ဒေါင်းတောင်ပေါက်ဟုဆိုရပါမည်။ အခက်အညွှန့်ကြီးတွေက တုပ်ခိုင်ပြီး စိမ်းစိုလှသည်။

မမရွှေပြောသဖြင့် ဆေးဖက်ဝင်သည့် ဆီးဖြူသီးဆိုသည်မှာ ဘယ်လိုဆေးဖက်ဝင်သည်ကိုမသိခဲ့ပါ။ နောက်ပိုင်းမှ ယောမြို့စားအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းကိုဖတ်မိသည်။ ထိုကျမ်း၌ ဆီးဖြူသီးသည် ရသာယနမျိုးဖြစ်၏။ ချဉ်သောကြောင့် လေကိုနိုင်၏။ ချိုသောကြောင့် သည်းခြေကိုနိုင်၏။ အဆီမရှိ ဖန်သောကြောင့် သလိပ်ကိုနိုင်၏။ ထို့ကြောင့် ဆီးဖြူသီးသည် ဒေါသသုံးပါးကိုနိုင်၏ဟု ဖော်ပြထားပါသည်။ (က) လေကိုနိုင်ရန် ချို၊ ချဉ်၊ ငန်၊(ခ) သလိပ်ကိုနိုင်ရန် စပ်၊ ခါး၊ ဖန်၊ (ဂ) သည်းခြေနိုင်ရန် ချို၊ ခါး၊ ဖန် ဟုဆိုထားသည်။ ဆီးဖြူသီးသည် အင်နမ္ပလွဲပြီး ချို၊ ချဉ်၊ ဖန်၊ စပ်၊ ခါး အရသာ ငါးပါးနှင့်ပြည့်စုံသည်။ အသက်ဓာတ်ပါသဖြင့် ရသာယနအသက်ရှည်ဆေးလည်းဖြစ်သည်။ ဗီတာမင်စီဓာတ် ကြွယ်ဝသည်။ ဆီးဖြူသီး ၁၀၀ ဂရမ်တွင် ဗီတာမင်စီဓာတ် ၆၈၀ မီလီဂရမ်ထိပါဝင်သည်။ အက်ဆစ်ဓာတ်အဖြစ် တိုင်နိ(နှ) အက်ဆစ်ပါဝင်သောကြောင့် အဆီမတိုးနိုင်ပါ။ ဂိုက်လိ(က်)အက်ဆစ်လည်း ပါဝင်သောကြောင့် အဆီကိုချပေးနိုင်သည်။ အဆီတိုးစေနိုင်သော အစာတို့ကိုကြေစေနိုင်သောကြောင့် အစာကြေလွယ်သည်။ ဖောယောင်ခြင်းကို လျော့ကျစေသည်။ ဆီးရွင်သောကြောင့် ဆီးအောင့်ခြင်း၊ ဆီးကျဉ်ခြင်း၊ ကျောက်တည်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ သွေးတိုးနှင့် နှလုံးရောဂါအမျိုးမျိုးအတွက်လည်း ဆီးဖြူသီးနှင့် သင့်လျော်လှသည်။

အချို့သော ဗီတာမင်စီကြွယ်ဝသည့် ဟင်းသီးဟင်းရွက်တို့ကို အပူပေးပြီး ချက်ပြုတ်ပါက ဗီတာမင်စီဓာတ် အလွယ်တကူ ပျက်စီးနိုင်သည်။ ထို့ကြောင့် ဆီးဖြူသီးကို ပြုတ်၊ ကြော်၊ ချက် အမျိုးမျိုးပြုလုပ်စားသုံးနိုင်ပြီး ဗီတာမင်ဓာတ်များကို ရရှိနိုင်သည်။

ဆီးဖြူသီးကို ထောင်းစားရာတွင် အချို့က အစိမ်းထောင်းကြသည်။ စိမ်းစားငါးပိကို မီးကင်၊ ငရုတ်သီးစိမ်းထည့်ပြီး ထောင်းစားကြ

အထူးကဏ္ဍ [၈] သို့ »»

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အိစတိုး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လသွားမငှားပါ။
ပြိုးတွင်း/ပြင်-ခရီးစဉ်ပျံခုံအတွက် ကားကြီး/သေးမျိုးခုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

အထူးလိုအပ်လျက်ရှိသော "သုံးထပ်ကျောင်းဆောင်" ကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းစေလို

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ (၃၄၂)ဦးသော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ၊ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။

ဘုရားအမျူးရှိသော သံယာတော်များနှင့် ပရဟိတကလေးများအတွက် အထူးလိုအပ်လျက်ရှိသော **"သုံးထပ်ကျောင်းဆောင်"**သည် (အလျား ၆၀ပေ×အနံ ၄၀ပေ) ရှိပြီး (3RC) သုံးထပ်ကွန်ကရစ် အဆောက်အအုံအမျိုးအစားဖြစ်သည်။ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ တွက်ချက်မှုအရ တစ်ထပ်လျှင် ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး အပေါ်ထပ်စေတီအပါအဝင် သုံးထပ်လုံးအတွက် ကျပ်သိန်း(၁၂၀၀)ခန့် ကုန်ကျမည်ဟုသိရှိရပါသည်။

အထူးလိုအပ်လျက်ရှိသော ဤ**"သုံးထပ်ကျောင်းဆောင်"**တော်ကြီး အမြန်ဆုံး ပြီးမြောက်နိုင်ရေးအတွက် စေတနာရှင်များမှ တစ်ထပ်ချင်းဖြစ်စေ၊ စွမ်းနိုင်သရွေ့ဖြစ်စေ ကုသိုလ်ပြုလှူဒါန်းခြင်းဖြင့် ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြစေရန် အထူးမေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လှူဒါန်းနိုင်မည့် အပိုင်းကဏ္ဍများ

(၁) ရွှေတိဂုံ ပုံတူစေတီတော် တန်ဖိုး ကျပ်သိန်း(၁၅၀)။
(၂) သုံးထပ်ကျောင်းဆောင် တစ်ထပ်တန်ဖိုး ကျပ်သိန်း(၃၅၀)။
(၃) အခန်းတစ်ခန်းတန်ဖိုး ကျပ်သိန်း(၃၀)။
(၄) သုံးထပ်ကျောင်းဆောင်အားလုံး အပြီးစီး တန်ဖိုးကျပ်သိန်း(၁၂၀၀)။

အလှူရှင်များ သားစဉ်မြေးဆက် ဝမ်းမြောက်နေမော် သာဓုခေါ် ဆိုနိုင်ရန် **"ကမ္ဘည်းကျောက်စာ"** ရေးထိုးဂုဏ်ပြုပေးပါမည်။ စွမ်းနိုင်သရွေ့ ပိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

qufb, ef

ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ

မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉- ၇၉၆၆၂၅၀၀၊ ၀၉-၂၅၅၇၄၆၂၄၊ ၀၉-၄၉၃၁၅၃၃၇
ကမ္ဘောဇာဏ်အကောင့်နံပါတ် ဦးဇင်ရီလ(A/C No. 007- 301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)

ဖိတ်ခေါ်ပါသည် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။

မှတ်ချက် - မည်သူ့ကိုမျှ အလှူခံ စေလွှတ်ထားခြင်းမရှိပါ။

MMK
မြင့်မိုရ်ကမ္ဘာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့
ဗုဒ္ဓဂယာ ဘုရားဖူး စရိုးစဉ်များ ကြိုတင်စာရင်းပေးနိုင်ပါပြီ
(မတိုစ် ဦးစီးပို့ဆောင်ပေးသော ၂၀၁၀-၂၀၁၉ ရန်ကုန်-ဗုဒ္ဓဂယာ-ရန်ကုန်တိုက်ခိုက်စရိုးစဉ်)
(၁၄)ညအိပ်(၁၅)ရက်စရိုးစဉ်များ-(၁)၁၈.၁၀.၁၈(သင်္ဂီသနဂိုရိ-သီတင်းကျွတ်လ ပြည့်နေ့ ,ဆိပ်မီးတစ်ဆောင် မူဇော်ပွဲ)(၂)၁၉.၁၁.၁၈(ဘာရာဏသီ-တန်ဆောင် မှုန်းလပြည့်နေ့ခါတ်ဆောက်တိုက်မွှေ့ပွဲ နှင့် သင်္ဂီသနဂိုရိ ကထိန်ပွဲ)
(၃) ၆.၁၂.၁၈၊ (၄) ၃၁.၁.၁၉၊ (၅) ၁၆.၂.၁၉၊ (၆) ၅.၃.၁၉(၇) ၂၅.၃.၁၉၊ (၈) ၉.၄.၁၉
ရတန်းနှင့် သီလရှင်များကို သုံးသောင်းကျပ်စီ သီးသန့်လျှော့ပေးပါမည်။
သီးသန့် သွားလိုသူများနှင့် အဖွဲ့ လိုက်သွားလိုသူများ အထူးစီစဉ်ဆောင်ရွက်ပေးပါသည်။
လိုက်ပါလိုသူများ (၂)လ ကြိုတင်စာရင်းပေးသွင်း နိုင်ပါသည်။
ပတ်စပို့လက်မှတ်ရှိပြီး စာရင်းပေးသွင်းချင်ခဲ့ လိုက်ပါနိုင်စေရန်စီစဉ်ပေးပါသည်။
ညှိတောင်းစရိုးစဉ်များ(လုံးဝ)မပါရှိပါ။
ဖိတ်ခေါ်ဟောင်းများအား အထူး ကျေးဇူးတင်ရှိပြီး၊ ဖိတ်သစ်များအားလည်း လိုက်လဲ့ခွာကြွေးဆိုလျှက် .....!
ဆက်သွယ်ရန်-အမှတ်(၅၄)သပိတ်ခရီးလမ်း၊ နတ်ဘုရားခင်းရင်ကွက်၊ တာဝေမွန်ကြီးနယ်၊
မှုန်း-၀၉ ၂၅၉၀၁၀၃၄၅၊ ၀၉ ၂၆၀၀၂၀၃၄၅

ကားရောင်းမည်

Hijet SUZUKI နယ်/ရန်ကုန်	60-100 သိန်း
2003 Wish / NOAH	210-270 သိန်း
2013 Axio / GK3	245-280 သိန်း
Shuttle နယ်/ရန်ကုန်	210-280 သိန်း
CIVIC ရန်ကုန်/နက်-ဗုလ်-ဝင့	260 သိန်း
Fit / Insight နယ်/ရန်ကုန်	190-210 သိန်း
2011 Swift/Golf/Polo	195-270 သိန်း
Alphard / Elgrand	300-400 သိန်း
Probox / Belta နယ်	190-220 သိန်း
Fielder နယ်/ရန်ကုန်	290-320 သိန်း
Truck / Box YGN	190-250 သိန်း

ကားဝယ်သည်။ အလိုအထယ်ရှည်။
09 5108316 , 09 975108316

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီးမြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ကျောက်မီးသွေး ၃၄၀၀တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

	စဉ်	အမျိုးအစား	ဝယ်ယူမည့်တန်	ရေငွေ့ပါဝင်မှုနှုန်း	အပူဓာတ်ပေးသည့်နှုန်း
	(က)	နမ့်စန်	၇၅၀တန်	၁၅%	4500K Cal/Kg, 8230Btu/Lb
	(ခ)	မကွေး တိုင်းဒေသကြီး ပဒါန်း/ပေါက်(မြေနီဒေသ)	၇၅၀တန်	၁၂%	4800K Cal/Kg, 8780Btu/Lb
	(ဂ)	ကလေးဝ	၁၉၀၀တန်	၁၀%	5100K Cal/Kg, 9330Btu/Lb

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက်-၁၅-၉-၂၀၁၈ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် -၂၈-၉-၂၀၁၈ရက် ၁၆း၀၀နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ -နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။
- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၇၈၄၃၀၀၁၄၃၊ ၀၉-၇၉၁၄၄၇၂၈၈၊ ၀၉-၇၆၇၁၆၄၅၅၀၉

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေစုသူများအတွက် ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
နိုးရာသီ Promotion အထူးအစီအစဉ် (1.9.2018 မှ 30.9.2018) အတွင်း
အလျှော့တွက် + လက်ခ လျှော့ရောင်းပေးထားသော ပစ္စည်းများအပြင်
အလျှော့တွက်မပါသည့် ရွှေထည်ပစ္စည်းများကိုလည်း လက်ဈေးဖြင့်သာ ရောင်းချပေးသွားပါမည်။
နန်းကြီတ်အခေါက်လက်စွပ်၊ အခေါက်လက်ကောက်များလည်းရောင်းချပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀၊ ၅၃၉၅၁၁၂ ၅၂၃၈၈၁ PH; ၀၉-၄၄၃၀၁၂၆၉၃၊ ၀၉- ၂၅၄၂၀၈၁၂

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် (အထက သူရဲသမိန်ကျောင်း) တက္ကသိုလ်ဝင်တန်းမှ ကျောင်းသူ မနှင်းယုဝေလေးလင်း၏ ဖခင်အမည် မှန်မှာ မောင်နိုင်(၇/ဝမန(နိုင်)၀၅၁ ၆၃၄)ဖြစ်ပါကြောင်း။ **မောင်နိုင်**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် (အထက သူရဲသမိန်ကျောင်း) တက္ကသိုလ်ဝင်တန်းမှ ကျောင်းသား မောင်အာကာမင်းသူနှင့် နဝမတန်းမှ ကျောင်းသူ မအေးမိုမိုသူတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ဦး(၇/ဝမန(နိုင်)၀၃၁၂၂ ဖြစ်ပါကြောင်း။ **ဦးမင်းနိုင်ဦး**

ဖခင်အမည်မှန်

မွန်ပြည်နယ်မုတ္တမြို့ အထက(၁) ဒဿမတန်းမှ မောင်ရန်ကျော်လင်း၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်နိုင် ၇/ပခန(နိုင်)၁၉၉၄၅ဖြစ်ပါကြောင်း ဦးမောင်မောင်နိုင်

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အထက(၃) အဌမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ပိုင်ခန့်လွင် [၁၁/ကဖန(နိုင်)၁၅၄၀၇၀]၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း[၁၁/ကဖန(နိုင်)၀၄၆၅၃၀] ဖြစ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင် ငှား/ရောင်းမည်။

၁။ အောင်မင်းခေါင် (၂)လမ်း(သံလွင်လမ်းသွယ်)၊ဝင်ဒါမီယာ၊ (၃၅' × ၅၅')၊ 4RC ၊MBR (5)၊BR (2) ၊A/C (8)လုံး ၊ ကျွန်းပါကောဒီးစက် ပါ။(အဆင့်မြင့်ပြင်ပြီး)
ငှား-US $ 2000
ရောင်း -၉၅၀၀ သိန်း

၂။ အောင်မင်းခေါင် (၂)လမ်း(သံလွင်လမ်းသွယ်)ဝင်ဒါမီယာ၊ (၂၅' × ၅၀')၊ 2RC ၊ MBR (1)၊ BR (1) ။(မြင်ဆင်ပြီး)
ငှား-US $ 1000
ရောင်း -၆၅၀၀ သိန်း

Ph: 0969-809-1503, 09-7959-777-82 , 09-25-444-9589
(ရုံးချိန်အတွင်း)

OHLONE COLLEGE

Meet: Kristi Radke, International Programs Manager of Ohlone college, FREMONT, CA, near SANFRANCISCO, at our new office

on 19 September 2018
from 10 am to 1 pm.

Scholarships are available!!

Golden Silver Star Co., Ltd.

Venue : Office at Room 201, Green Inya Condo, 19 A, Sein Lae May Avenue St, Kabaraye Pagoda Road, Just Beside Mercure HOTEL
Phone : 95-9-443060024, 95-9-254064376
Email : Att: Peter wai (peterwai219@gmail.com)

အားလုံးကျန်းမာရေးဒေါ်ကြွယ်သေးဆေး

ဒေါ်ကြွယ် အမှုဇြိမ်း သေးဆေး
အမှတ်တံဆိပ်

မောပန်းမှုးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းရောင်၊ ခေါင်းဝေ့ယိုထွက်၊ ချိုင်းခွေးနံ့၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ပြန့်ပျိုရေး-အမှတ်(၁၀၂)(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၃၇ခ၀၀၈၉၄၂၂၊၀၉-၄၅ခ၁၀၀၈၉၉၊၀၉-၈၅ခ၈၄ခ

STI MYANMAR UNIVERSITY

ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

မြန်မာနိုင်ငံသို့ ဂုဏ်ယူစွာဖြင့် ယူဆောင်လာပါသည် လူကြိုက်အများဆုံးနှင့် အထူးပြုဘာသာရပ် အစုံလင်ဆုံး MBA Program

- MBA General
- MBA Hospital and Health Services
- MBA Marketing
- MBA Finance
- MBA Human Resource
- MBA Digital Technology
- MBA Logistics and Supply Chain
- MBA Oil and Gas Management

WORLD CLASS DEGREE IN PARTNERSHIP WITH
University of Bedfordshire

USD 3,000
ပညာသင်ဆု ရရှိမည့် အခွင့်အရေး

Program အသေးစိတ်ကို www.stiedu.net တွင် လာရောက် ကြည့်ရှုနိုင်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net
သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၉၅၅၁၂၃၄ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ - ၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

